www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၁၅၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၇၁၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ပိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
နေလင်းအောင်

# နှင်းတောင်မဟာဓားကွန်ချာ

(တတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၁၅၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၇၁၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်

# နေဝင်းအောင်

# နှင်းတောင်မဟာဓားကွန်ချာ

(တတိယပိုင်း-ဇာတ်သိမ်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၀ )

ကျင်းလိနိဂူသည် မိုးပုလဲဓားကို ရှာဖွေရရှိခဲ့ချိန်တွင် မရလာဓားနှင့်ပတ်သက်သည် သံသယဖြစ်ဖွယ်ရာသတင်းအစအနတစ်ခု ရရှိခဲ့သည်။ ထိုသတင်းအစအနကိုအခြေပြုစုံစမ်းရာ မရဏဓားနှင့် မရဏဓားသိုင်းတို့ပျောက်ကွယ်သွားခြင်းမရှိဘဲ သိုင်းသမားတစ်ယောက်က အမွေဆက်ခံရရှိထားနိုင်သည့် သဲလွန်စများကို တွေ့လာသည်။

ထို့ကြောင့် ကျန်းလိနိဂူသည် သိုင်းလောကနေရာအနှံ့ကို မထင်မရှားသော အသွင်ဖြင့် ရုပ်ဖျက် လှည့်လည်သွားလာကာ မရဏဓားနှင့်မရဏဓားသိုင်းတို့အကြောင်း စုံစမ်းထောက်လှမ်းနေခဲ့သည်။ သို့သော် သဲလွန်စ အနည်းအကျဉ်းရသည်က လွဲ၍ ထင်ရှားသော သက်သေအထောက်အထားများကိုတော့ ရှာမရဘဲ အခက်အခဲ ဖြစ်နေသည်။

ထိုသို့ စုံစမ်းထောက်လှမ်းနေမှုကြောင့် ကျန်းလိနိဂူကိုယ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၄၁၅၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၄၇၁၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွာ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

တက္ကသိုလ်

# နေလင်းအောင်

# နှင်းတောင်မဟာဓားကွန်ချာ

(တတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၀ )

ကျင်းလိန်ဂူသည် မိုးပုလဲစားကို ရှာဖွေရရှိခဲ့ချိန်တွင် မရဏစားနှင့်ပတ်သက်သည် သံသယဖြစ်ဖွယ်ရာသတင်းအစအနတစ်ခု ရရှိခဲ့သည်။ ထိုသတင်းအစအနကိုအခြေပြုစုံစမ်းရာ မရဏစားနှင့် မရဏစားသိုင်းတို့ပျောက်ကွယ်သွားခြင်းမရှိဘဲ သိုင်းသမားတစ်ယောက်က အမွေဆက်ခံရရှိထားနိုင်သည့် သဲလွန်စများကို တွေ့လာသည်။

ထို့ကြောင့် ကျန်းလိန်ဂူသည် သိုင်းလောကနေရာအနှံ့ကို မထင်မရှားသော အသွင်ဖြင့် ရုပ်ဖျက် လှည့်လည်သွားလာကာ မရဏစားနှင့်မရဏစားသိုင်းတို့အကြောင်း စုံစမ်းထောက်လှမ်းနေခဲ့သည်။ သို့သော် သဲလွန်စ အနည်းအကျဉ်းရသည်က လွဲ၍ ထင်ရှားသော သက်သေအထောက်အထားများကိုတော့ ရှာမရဘဲ အခက်အခဲ ဖြစ်နေသည်။

ထိုသို့ စုံစမ်းထောက်လှမ်းနေမှုကြောင့် ကျန်းလိန်ဂူကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်မှာလည်း သိုင်းလောကမှ ဇာတ်မြှုပ်နေသလို စုပ်စမြုပ်စ ပျောက်နေခဲ့သည်။

သက်သေအထောက်အထား ခိုင်ခိုင်မာမာ ရှာမရသော်လည်း မရဏဓားနှင့်မရဏသိုင်းတို့ကို ဆက်ခံထားသော မရဏဂိုဏ်း၏ သိုင်းမျိုးဆက် (အနည်းဆုံးတစ်ယောက်) ရှိနေရမည်ဟု ကျန်းလိန်ဂူက အလေးအနက် ယုံကြည်နေသည်။

သူ၏ ခင်မင်စိတ်ချယုံကြည်ရသော သိုင်းမိတ်ဆွေကြီး မုန်တိုင်းနဂါးရဲတိုက်သခင် ရှန်ကင်းစင်းနှင့် လျှို့ဝှက်စွာ တိုင်ပင်စီစဉ်ကာ ကျန်းလိန်ဂူနှင့်မိုးပုလဲဓားတို့ ပေါ်ထွက်လာတော့မည်ဟု သတင်းဖြန့်သည်။ ဤသို့ဖြင့် မုန်တိုင်းနဂါးရဲတိုက်တွင် လိပ်သတ်ပွဲပြုလုပ်မည့်အကြောင်း သိုင်းလောကတစ်ခွင် ပျံ့နှံ့ကာ မိုးပုလဲဓားကို စိတ်ဝင်စားသည့်သိုင်းသမားများ မုန်တိုင်းနဂါးရဲတိုက်သို့ စုဝေးရောက်လာသည်။

မရဏဓားကို ဆက်ခံရရှိပြီး မရဏဓားသိုင်းလည်း တတ်မြောက်ထားသော မရဏဂိုဏ်းဝင် နောက်ဆုံးသိုင်းမျိုးဆက်သည် မရဏကို ပြန်လည်ထူထောင်လှုပ်ရှားရန် စိတ်ကူးကြံစည်လိမ့်မည်ဟု ကျန်းလိန်းဂူကတွက်သည်။

မရဏဂိုဏ်းကို တစ်ကြော့ပြန် ထူထောင်နိုင်ရေးအတွက်



ကြိုးပမ်းမည်ဆိုပါက ထူးချွန်ထက်မြက်သော နောက်လိုက်ငယ်သားများ၊ နောက်လိုက်သိုင်းသမားများ၊ ဓားလှံလက်နက်ကောင်းများ စုဆောင်းရမည်ဖြစ်ရာ မိုးပုလဲဓားနှင့် ငါးစာချ မှျားခေါ်လည်း မရဏဂိုဏ်း၏ သိုင်းမျိုးဆက်ကို ခြေရာခံနိုင်လိမ့်မည်ဟု ယုံကာ ထိုအစဉ်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ယခုတော့ ကျန်းလိန်ဂူ၏ စိတ်ကူးအစီအစဉ် အောင်မြင်ပြီဟု ဆိုရမည်။ မရဏဂိုဏ်း၏ နောက်ဆုံးသိုင်းမျိုးဆက် ရှုလုံနှင့် သူဆက်ခံရရှိထားသော မရဏဓားတို့ ပေါ်ထွက်လာခဲ့ကြလေပြီ။

ရှုလုံသည် မရဏဓားသိုင်းကို အခြေခံကာ ဓားအားဝတ်ရုံရှည် ဝှေ့ယမ်းလှုပ်ရှားမှုကို အသုံးပြုလျက် နှင်းဖြူစံအိမ်တော်ကို ထူထောင်ခဲ့ရာ အတော်ပင် လူသူအင်အား တောင့်တင်းအခြေကျလာရာ မရဏဂိုဏ်းအဖြစ် ပြန်လည်အသွင်ပြောင်း လှုပ်ရှားရန် အခွင့်အခါကောင်းကို စောင့်ဆိုင်းနေခဲ့သည်။

လွန်ခဲ့သော (၁၅)နှစ်ကျော် မရဏဂိုဏ်းကို ပိုင်းဝန်းချေမှုန်းတိုက်ခိုက်ခဲ့စဉ်က စွန်ရဲခေါက်ကျီနှင့် မိုးပုလဲဓားတို့မှာ အဓိကနေရာမှ ပါဝင်ခဲ့ကြသည်။ ထို့ကြောင့် မရဏဂိုဏ်း ပြန်လည်ထူထောင်၍ တစ်စခန်းထသောအခါ စွန်ရဲသိုင်းပညာနှင့် မိုးပုလဲဓားတို့၏

www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ရန်စွယ်ကို ရှုလုံအထူးပင် သတိထားနေခဲ့သည်။

ဓားစကြာဂေဟာရှင်လေး ဝန်ကျောက်ဖုန်သည် စွန်ရဲ ဓားကျော်နှင့် ပတ်သက်မှုရှိနိုင်ကြောင်း ရှုလုံက သံသယရှိနေခဲ့ရာ မုန်တိုင်းနဂါးရဲတိုက်တွင် ချိန်းဆိုမှုပြု၍ သိုင်းပညာယှဉ်ပြိုင်ခဲ့ရာ ဝန်ကျောက်ဖုန်၏ သိုင်းပညာဇစ်မြစ်နှင့် လက်ရင်းဆရာကို ဖော်ထုတ်နိုင်ခဲ့သည်။

မုန်တိုင်းနဂါးရဲတိုက်သို့ လိပ်သတ်ပွဲအတွက် စုဝေးရောက်ရှိလာကြသော သိုင်းစည့်သည်ပရိသတ်တွင် ဓားစကြာဂေဟာသည် အင်အားအကောင်းဆုံးနှင့် သိုင်းပညာအစွမ်းအထက်ဆုံး ဖြစ်ရာ ဓားစကြာဂေဟာရှင်လေး ဝန်ကျောက်ဖုန်ကို အနိုင်ယူနိုင်လျှင် ကျန်သိုင်းသမားများမှာ မိမိကို လွန်ဆန်နိုင်ကြမည် မဟုတ်ဟု ရှုလုံကတွက်ထားသည်။

သည်လိုအခြေအနေတွင် မိုးပုလဲဓားကို ရယူဖို့ သေချာသလောက်ရှိနေပြီမို့ ရှုလုံက သူသိမ်းဝှက်ထားသော မရဏဓားကို ကိုင်စွဲကာ မရဏဓားသိုင်းကို ထုတ်သုံးခဲ့ရာ ဝန်ကျောက်ဖုန် ကိုင်စွဲသော ဓားရှည်နှင့် သားရေကျောပွတ်တို့ ပျက်စီးကုန်ကြသည်။

ပွဲသိမ်းတော့မည့် အခြေအနေရောက်မှ ကျန်းလိန်ဂူ ရုတ်တ



ရက် ပေါ်ပေါက်လာကာ ရှုလုံ၏ စိတ်ကူးအစီအစဉ်များ ပျက်ပြားရတော့မလို ဖြစ်သွားရသည်။

"ကျန်းလိန်ဂူ … မင်းက ထင်ထားတာထက်တောင် သိုင်းပညာ ပိုကောင်းနေပါလား၊ ဒါပေမဲ့ ကျုပ်ကိုတော့ မယှဉ်နိုင်ပါဘူး၊ ဒီနေ့ မင်းကိုအနိုင်တိုက်ပြီး မိုးပုလဲဓားကို အရယူမယ်"

ရှုလုံက ကျိန်းလိန်ဂူကို စူးစိုက်ကြည့်ကာ ဒေါမာန်အပြည့်ဖြင့် ကြုံးဝါးသည်။

"ကျန်းလိန်ဂူကို ကျွန်တော့်ရဲ့ မိတ်ဆွေကောင်းလို့သတ်မှတ်တယ်၊ ကျန်းလိန်ဂူကို အန္တရာယ်ပေးမယ်ဆိုရင် ကျွန်တော် ဝန်ကျောက်ဖုန်က ဒီအတိုင်း ကြည့်နေမှာမဟုတ်ဘူး"

ဝန်ကျောက်ဖုန်က ကြားဝင်ပြောလာသည်။

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ"

ကျန်းလိန်ဂူက ဝန်ကျောက်ဖုန်ကို လှမ်းကြည့်ကာ ဦးညွှတ်ပြီး ပြောသည်။

"ကျုပ် နတ်ဆိုးနက် ကျန်းဝေဖုန်း ဒီကို ရောက်လာတာ မိုးပုလဲဓား အရယူဖို့ပဲ၊ ဒီတော့ ဘယ်သူတွေ ဘယ်လိုလုပ်ချင်လုပ်ချင် သူတို့ကိစ္စပဲ၊ မိုးပုလဲဓားကိုသာ ကျုပ်လက်အပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆိုးနက်ကျန်းဝေ့ဖုန်းက ဝင်ပြောလာပြန်သည်။

"ဦးလေးကလည်း မိုးပုလဲဓား ရယူချင်တာကိုး"

ကျန်းလိန်ဝူက နှုတ်ဆက်စကားလိုမျိုး ပြောသည်။

"ဟုတ်တယ် ... မင်းနဲ့ကျုပ် ဆွေမျိုးနီးစပ်တော်တယ် ဆိုပေမယ့် မိုးပုလဲဓားအတွက် မင်းကို တိုက်ခိုက်ရမယ်ဆိုလည်း တိုက်ခိုက်ရမှာပဲ" ...ဟု ကျန်းဝေ့ဖုန်းက ခပ်ပြတ်ပြတ်ပြောသည်။

"နတ်ဆိုးနက်ကြီး ...ခင်ဗျားရဲ့ သိုင်းပညာလောက်နဲ့ စိတ်ကူးယဉ်မနေနဲ့"

မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှုန်ကင်းစင်းက ခနဲ့သလိုပြောသည်။

နတ်ဆိုးနက်ကျန်းဝေ့ဖုန်းသည် ဘာမျှမပြောမနေတော့။ ညာလက်ကို ဆန့်တန်းပြီးနောက် ဆတ်ခနဲ လှုပ်ခါလိုက်ရာ သူ့ လက်ချောင်း (၅) ချောင်းတွင် ဝတ်ဆင်ထားသော မဟူရာကျောက်လက်စွပ်များ အနက်မှ (၃) ကွင်းသည် ကျန်းလိန်ဝူရှိရာသို့ ဦးတည်လွင့်ပျံသွားကြသည်။

☆ ☆ ☆



နတ်ဆိုးနက်ကျန်းဝေ့ဖုန်းက ရုတ်တရက်လှုပ်ရှား တိုက်ခိုက်လေပြီ။ သူ၏ လက်နက်ပုန်းတစ်မျိုးဖြစ်သော မဟူရာကျောက်လက်စွပ် (၃) ကွင်းကို အရှိန်အဟုန်ပြင်းပြင်းနှင့် ကျန်းလိန်ဝူထံ ပစ်လွှတ်လိုက်သည်။

ဝန်ကျောက်ဖုန်က သူ့လက်ထဲတွင် ကိုင်လျက်ရှိနေသော သားရေကျာပွတ်ထက်ပိုင်းပြတ်ကို လှမ်းပစ်လိုက်သည်။ သားရေကျာပွတ်ထက်ပိုင်းပြတ်သည် မဟူရာကျောက်နက်လက်စွပ် (၃) ကွင်းကို ကြားဖြတ်ဟန့်တားသည်။ ကျာပွတ်ထက်ပိုင်းပြတ်နှင့် ထိခတ်မိသော မဟူရာကျောက်နက်လက်စွပ် (၃) ကွင်း လမ်းကြောင်းတိမ်းစောင်းလွဲချော်သည်။

နတ်ဆိုးနက်ကျန်းဝေ့ဖုန် မျက်နှာတင်းမာခက်ထန်သွားသည်။ ကျန်းဝေ့ဖုန်သည် လက်နက်ပုန်းပစ်လွှတ်မှု ပညာတွင် နာမည်ရထားသူဖြစ်သည်။ သိုင်းညှိသည် ပရိသတ်များ၏ မျက်စိရှေ့တွင် မိမိပစ်လွှတ်သော မဟူရာကျောက်နက်လက်စွပ် (၃) ကွင်း

www.burmeseclassic.com

www.burmeseclassic.com



တိမ်းစောင်းလွဲချော်ထွက်သွားအောင် ကြားဖြတ်အတားဆီးခံရသော ကြောင့် အရမ်းရှက်ပြီး ဒေါသလည်း အကြီးအကျယ် ထွက်သည်။

ညာလက်ကို ထပ်မံ ဝှေ့ယမ်းလှုပ်ရှားလိုက်ပြန်သည်။

'ဗိုး ဗိုး ဗိုး'

လေခွင်းသံသဲ့သဲ့နှင့်အတူ လက်တစ်ဆစ်သာသာခန့် ရှည်သော လှံကလေး (၃) စင်း ဝန်ကျောက်ဖုန်ရှိရာသို့ လျှင်မြန်စွာ ဝင်လာသည်။

ထိုလှံတံငယ်လေးများသည် နတ်ဆိုးနက်ကျန်းဝေ့ဖုန်း၏ အထူးလျှို့ဝှက်အဝေးပစ် လက်နက်ဖြစ်သည်။ တော်ရုံတန်ရုံ အခြေအနေတွင် ထုတ်သုံးလေ့မရှိ။ အခြားလက်နက်ပုန်းများထက် အလေးချိန် စီးသည်။ ပစ်လွှတ်ရာတွင် အတွင်းအားအပြည့် သုံးရသည်။ အရှိန်အဟုန်လည်း အကော်ပြင်းထန် မြန်ဆန်သည်။

အဆိပ်ပြင်လည်း ထည့်ထားကာ သွေးစို့ရုံ ပွတ်ကာသိကာ ထိပင်လျှင်ပင် အဆိပ်သင့် ဒုက္ခတွေ့နိုင်သည်။ ထိမိကိုင်မိလျှင်ပင် အဆိပ်ဒဏ် ခံရနိုင်သည်။

ဝန်ကျောက်ဖုန်၏ လက်ထဲတွင် ဓားကျိုးတစ်ခုသာ ရှိနေရာ လမ်းကြောင်းသုံးခုခွဲကာ ပစ်လွှတ်လိုက်သော ဝိညာဉ်နှုတ် ယက္ခနက်



လှံပျံများကို ဘယ်လိုမျှ ခုခံကာကွယ် ရှောင်တိမ်း၍ မရနိုင်ဟု ကျန်းဝေ့ဖုန်းက အပိုင်တွက်ထားသည်။

သို့သော် နတ်ဆိုးနက်ကျန်းဝေ့ဖုန်း တွေးထင်ထားသလို ဖြစ်မလာပါ။ ရှလုံစိတ်ထင်တိုင်း မပေါက်ရခြင်းမှာ ဓားစကြာဂေဟာ ရှင်လေး ဝန်ကျောက်ဖုန်က ခုခံရှောင်တိမ်းလိုက်နိုင်သောကြောင့် မဟုတ်ပါ။

ကျန်းလိန်ပွင့က လုစ်ခနဲ ခုန်လွှားပြေးဝင်လာကာ ပုဆိန်ကို ချားရဟတ်လို သွက်လက်မြန်ဆန်လှစွာ ဝှေ့ယမ်းကာ လက်နက်ပုန်းများကို ကြားဝင်ဟန့်တား ခုတ်ပိုင်းလိုက်သောကြောင့် ရှလုံ၏ အပိုင်တွက်ကိန်း လွဲချော်ပျက်ပြယ်သွားရလေသည်။

လမ်းကြောင်းတိမ်းချော်သွားအောင် ရိုက်ထုတ်ပစ်ခြင်းပင် မဟုတ်။ မိမိရရ ခုတ်ပိုင်းဖြတ်ချခြင်း ဖြစ်သည်။ ရှလုံ၏ အထူး လျှို့ဝှက်အဝေးပစ် လက်နက်ပုန်း ဝိညာဉ်နှုတ်ယက္ခနက်လှံပျံ (၃) ချောင်းမှာ ကျန်းလိန်ပွင့်၏ ပုဆိန်ခုတ်ချက်ကြောင့် ထက်ပိုင်းပြတ်ကုန်ကြသည်။

နတ်ဆိုးနက် ယက္ခနက်လှံပျံသည် နတ်ဆိုးနက်ကျန်းဝေ့ဖုန်း၏ အထူးအားထားသော အဝေးပစ်လက်နက် ဖြစ်သည်။ သာမန်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမျိုးတွင် လုံးဝ ထုတ်မသုံး။ အထူးပင် လျှို့ဝှက်ထားသည်။

ထို့ကြောင့် ဝိညာဉ်နတ်ယက္ခနက်လုံးပျံ လက်နက်ပုန်းကို သိသူနည်းသည်။ တွေ့ဖူးမြင်ဖူးသူ မရှိသလောက် ရှားပါးသည်။ လူသိအလွန်နည်းပါးလှသော မိမိ၏ လျှို့ဝှက်အဝေးပစ် လက်နက်ပုန်းကို ခုခံရှောင်တိမ်းနိုင်သူ (ဤမုန်တိုင်းနဂါးရဲတိုက်တွင်) မရှိနိုင်ဟု ကျန်းဝေဖုန်းက ယုံကြည်ထားသည်။

ဝန်ကျောက်ဖုန်နှင့်ကျန်းလိန်ဂူတို့လို နောက်ပေါက်လူငယ် သိုင်းသမားများအနေနှင့် ဝိညာဉ်နတ်ယက္ခနက်လုံးပျံကို ရင်ဆိုင်နိုင်စွမ်း ရှိမည်မဟုတ်ဟုလည်း အပိုင်တွက်ထားသည်။

ဝန်ကျောင်းဖုန်ကို အနိုင်ယူချေမှုန်းပြီးလျှင် ဝိညာဉ်နတ်ယက္ခနက်လုံးပျံလက်နက်ပုန်းကိုပင် သုံးကာ ကျန်းလိန်ဂူကို ရှင်းပစ်ဖို့လည်း စိတ်ကူးထားည်။ ကျန်းလိန်ဂူအနေဖြင့် မိမိ၏ ဝိညာဉ်နတ်ယက္ခနက်လုံးပျံကို ရင်ဆိုင်နိုင်စွမ်း မရှိဟုလည်း စိတ်ချနေသည်။

မရဏာဓားကို လက်ကိုင်ရထားသော ရှလုံကို သိုင်းကွက်တစ်ကွက် တိုက်ချက်တစ်ချက်တည်းဖြင့် အခြေယိုင်ကာ နောက်ဆုတ်သွားအောင ကျန်းလိန်ဂူက တိုက်ထုတ်လိုက်နိုင်ခြင်းသည်



ကျန်းလိန်ဂူ၏ သိုင်းပညာအစွမ်းပကား မြင့်မားထက်မြက်လွန်းသောကြောင့်မဟုတ်ဘဲ ရှလုံ၏ ဝန်ကျောက်ဖုန်ကို ပွဲသိမ်းတိုက်ကွက်ဆင်ဖို့ စိတ်အားထက်သန် အာရုံစူးစိုက်နေသောကြောင့် အငိုက်မိသွားခြင်း ဖြစ်မည်ဟု ကျန်ဝေ့ဖုန်းက ယူဆသည်။

ယခု ကျန်းလိန်ဂူက ပုဆိန်ဖြင့် မိမိ၏ လျှို့ဝှက်အဝေးပစ် လက်နက်ပုန်း ဖြစ်သော ဝိညာဉ်နတ်ယက္ခနက်လုံးပျံ (၃) ချောင်းကို ပုဆိန်ဖြင့် ခုတ်ပိုင်းဖြတ်ချလိုက်သောအခါ ကျန်းဝေဖုန်းမှာ မျက်စိဖြင့် တပ်အပ်မြင်လိုက်ရသည်ကိုပင် မယုံနိုင်အောင် ဖြစ်နေလေသည်။

ကျန်းဝေဖုန်း အံ့သြတုန်လှုပ်ကာ ဘာလုပ်ရမည်မှန်း ရုတ်တရက် ဝေခွဲမရအောင် ဖြစ်သွားသည်မို့ ကျန်းလိန်ဂူက ဖြစ်စေ၊ ဝန်ကျောက်ဖုန်က ဖြစ်စေ လှုပ်ရှားတိုက်ခိုက်လာလျှင် ထိထိမိမိ ခုခံရင်ဆိုင်ဖို့ အခက်တွေ့ပေလိမ့်မည်။

သို့ရာတွင် သည်အခွင့်အရေးကို ကျန်းလိန်ဂူနှင့် ဝန်ကျောက်ဖုန်တို့ အသုံးမပြုနိုင်ခဲ့ကြပါ။

ကျန်းဝေ့ဖုန်း၏ ဝိညာဉ်နတ်ယက္ခနက်လုံးပျံ (၃) ချောင်းကို ပုဆိန်ဖြင့် ကြားဖြတ်ခုတ်ပိုင်းချလိုက်ပြီးချိန်မှာပင် ရှလုံက မျှော

www.burmeseclassic.com

www.burmeseclassic.com



ဓားကို ငွေယမ်းက ကျန်းလိန်ဂူကို တရကြမ်း ဝင်တိုက်သည်။

ဝန်ကျောက်ဖုန်မှာလည်း ကျန်းလိန်ဂူနှင့် မိတ်ဖွဲ့ပြီးဖြစ်သည့်အတိုင်း ကျန်းလိန်ဂူဘက်မှ ကူညီကာကွယ်ပေးရန် ကြိုးစားသော်လည်း ရှလုံ၏ မရဏဓားသိုင်းကွက်များက အားအင်ပြင်းထန်ပြီး ကြမ်းတမ်းရက်စက်လှသောကြောင့် အတင်းဝင် မတိုက်ရဲဘဲ အသာဆိုင်းငံ့ကာ အကွက်ကောင်းကို စောင့်နေရသည်။

ကျန်းလိန်ဂူ၏ ပုဆိန်သည် မရဏဓားနှင့် ယှဉ်ပြိုင်ဘက် မဟုတ်ပါ။ မရဏဓားသိုင်း၏ ကြမ်းတမ်းပြင်းထန်ပြီး ရက်စက်လှသော ဓားရေးဓားကွက်များ၏ ဖိနှိပ်တိုက်ခိုက်မှုကို ကျန်းလိန်ဂူ အလူးအလဲပင် ခံနေရသည်။

သည်အခြေအနေကို နားလည်သော ကျန်းလိန်ဂူသည် ပုဆိန်ကို ကိုင်စွဲ၍ ဆက်လက်တိုက်ခိုက်ရန် စိတ်မကူးတော့။ ပုဆိန်နှင့် ရှလုံကို ဆတ်ခနဲ ပစ်ပေါက်သည်။ သူထံသို့ တန်းဝင်လာသော ပုဆိန်ကို ရှောင်လိုက်ရာ ရှလုံ၏ မရဏဓားသိုင်း တိုက်စစ်ခေတ္တမျှ အားပျော့တုံ့နှေးသည်။

တစ်ခဏလေးမျှသာပါ။ သို့သော် တစ်ခဏလေးအတွင်းမှာပင် ကျန်းလိန်ဂူက နောက်ကျောတွင် သိုင်းလွယ်ထားသော ဓားလွယ်ထဲမှ မိုးပုလဲဓားကို လျင်မြန်စွာ ထုတ်ယူကိုင်ဆွဲလိုက်လေပြီ။

ကျန်းလိန်ဂူက မိုးပုလဲဓားကို သွက်လက်မြန်ဆန်စွာ ငွေယမ်း လှုပ်ရှားခုတ်ထစ်ထိုးနှက်ကာ တိုက်စစ်ဆင်သည်။ ရှလုံ၏ မရဏဓားသိုင်း ထိုးစစ်တုံ့နှေးသည်။ ပျက်ပြယ်သည့်အကွက်တွေ ပျက်ပြယ်ကုန်သည်။

ဤတွင် ကျန်းလိန်ဂူက အသာစီးရလာသည်။ ခံစစ်အသေအလဲ ပြုနေရာမှ တိုက်စစ်အနေအထားသို့ ပြောင်းကာ အသာစီးရလာသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး ရှလုံ၏ ဘေးပတ်ပတ်လည်တွင် မိုးပုလဲဓား၏ ဓားရေးဓားကွက်များ လွှမ်းမိုးလာသည်။ ထူးထွေဆန်းပြားသော အားအင်လှိုင်းများသည်မို့လည်း ဓားလှုပ်ရှားမှုများတွင် ပေါ်ထွက်ကာ ဝန်းကျင်အနှံ့ ရေလှိုင်းဂယက်လို ပျံ့နှံ့သည်။

ရှလုံ တိုက်စစ်မဆင်နိုင်တော့။ မိမိကိုယ်ကို ခုခံကာကွယ်နိုင်ရန် ခံစစ်ကို ကျားကုတ်ကျားခဲဆိုသလို အစွမ်းကုန် ပြုနေရသည်။ ရှလုံ အရေးရှုံးနိမ့်တော့မည့်အရိပ်လက္ခဏာများပေါ်လွင်လာလေပြီ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



"ဓားစကြာဂေဟာရှင်လေး ဝန်ကို ကျုပ် ထျန်းလုံပုရည် တစ်ခုမေးချင်တယ်"

အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်နေသော တိုက်ပွဲကို ဘေးမှ ကြည့်ရှုအကဲဖြတ်နေသည့် ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရည်က စကားစသည်။

"ဘာများလဲ ... မေးပါ"

ဝန်ကျောက်ဖုန်က စကားကြောင်းပေးလိုက်သည်။

"ဓားစကြာဂေဟာရှင်လေးဝန် ... ဟောဒီမုန်တိုင်းနဂါးရဲ တိုက်ကို အရောက်လာခဲ့တဲ့ ရည်ရွယ်ချက်က ဘာလဲ"

ထျန်းလုံပုရည်က မေးသည်။

"အင်း ... မိုးပုလဲဓားကို အရယူဖို့လာခဲ့တယ် ဆိုပါတော့၊ ဒါပေမဲ့ အခုတော့ မိုးပုလဲဓားကို အရယူချင်စိတ် မရှိတော့ဘူး"

ဝန်ကျောက်ဖုန်က လေသံအေးအေးဖြင့် ပြန်ဖြေသည်။

"ဂေဟာရှင်ဝန် ... ရှင် ဒီကိုရောက်လာတာ မိုးပုလဲဓားကို



ရယူချင်လို့ မဟုတ်လား၊ အခု မိုးပုလဲဓား ပေါ်ထွက်လာပြီ၊ ကျွန်မတို့ ပူးပေါင်းအရယူပြီး အကျိုးအမြတ်ကို ခွဲဝေခံစားကြတာပေါ့"

ရှလိယန်က ဝင်ပြောသည်။

ထျန်းလုံပုရည်နှင့် ရှလိယန်တို့၏ ရပ်တည်မှု အနေအထားချင်း ကွဲပြားခြားနားကြသော်လည်း မိမိတို့နှင့်ပူးပေါင်းကာ ကျန်းလိန်ဝူကို အနိုင်တိုက်ခိုက်ပြီး မိုးပုလဲဓားကို အရယူရန် စည်းရုံးသိမ်းသွင်းမှု သဘောကတော့ အတူတူပင် ဖြစ်နေသည်။

"ကျွန်တော် ရှင်းရှင်းလင်းလင်း ပြောခဲ့ပြီးပြီပဲ ... မိုးပုလဲဓားကို မလိုချင်တော့ဘူး"

ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရည်နှင့် မြောက်ပိုင်းနှင်းဖြူစံအိမ်တော်သခင်မလေး ရှလိယန်တို့ နှစ်ယောက် စိတ်အကြံအတိုင်း လက်တွေ့မလုပ်နိုင်ကြတော့။ ဝန်ကျောက်ဖုန်၏ ပူးပေါင်းပါဝင်မှုမရှိလျှင် သူတို့အနေဖြင့် သည်နေရာတွင် စုဝေးရောက်ရှိနေကြသော သိုင်းသမားအပေါင်းကို ဦးဆောင်နိုင်ကြမည် မဟုတ်ပေ။

"ရဲတိုက်သခင်ကြီးကော ဘယ်လိုလဲ"

ရှလိယန်က မုန်တိုင်းနဂါးရဲတိုက်သခင်ကြီးကို မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ဤရဲတိုက်သို့ စတင်ရောက်လာသည့်အချိန်က မိုးပုလဲစား ရယူရေးအတွက် အတူပူးပေါင်း လုပ်ဆောင်ကြရန် ကမ်းလှမ်းပြောဆိုခဲ့ရာတွင် ရှန်ကင်းစင်းက လက်ခံသည့်သဘောမျိုး ပြောခဲ့မှုကြောင့် ယခုလို မေးလိုက်ခြင်း ဖြစ်ပေသည်။

"ကျုပ်လည်း ဓားစကြာဂေဟာရှင်လေးလိုပါပဲ၊ အခု မိုးပုလဲဓားကို အလိုမရှိတော့ဘူး"

မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှကင်းခင်း၏ စကားက ရှလိယန်အတွက် စိတ်ပျက်အားလျော့ဖွယ်ရာပင်။ ထိုအချိန်တွင် ကျန်းလိန်ဂူနှင့် ရှလုံတို့နှစ်ယောက်မှာ အကြိတ်အနယ် တိုက်ခိုက်နေကြရာ သိုင်းကွက် (၁၀) ကွက်ကျော်သွားခဲ့လေပြီ။

ဓားသိုင်းပညာစွမ်းရည် အနေဖြင့်ဆိုလျှင် ကျန်းလိန်ဂူက ရှလုံထက် အနည်းငယ်သာ ကွာသည်။ လှုပ်ရှားမှုများကလည်း လူငယ်လူရွယ်တစ်ယောက်ပီပီ သွက်လက်မြန်ဆန်သည်။ အသက်ပိုကြီးသော ရှလုံကတော့ ကျန်းလိန်ဂူထက် အတွေ့အကြုံ ပိုများသည်။ နည်းပရိယာယ် ပိုကြွယ်ဝသည်။

ထို့ပြင် မရဏဓားကို လက်ကိုင်ထားရှိပြီး မရဏဓားသိုင်းကွက်များကိုလည်း တတ်မြောက်နေကြရာ ကျန်းလိန်ဂူ၏ အဆင့်မြင့်



တိုက်ကွက်တိုက်ချက်များကို ရင်ဆိုင်နေနိုင်သည်။ မရဏဓားနှင့် မရဏဓားသိုင်းတို့သာ အားကိုးမရှိလျှင် ရှလုံအနေဖြင့် သည်လို ရင်ဆိုင်နိုင်စွမ်းရှိမည် မဟုတ်ပေ။

သိုင်းကွက် (၁၀) ကွက်အတွင်း အရေးရှုံးနိမ့်သွားနိုင်သည်။ ကျန်းလိန်ဂူသည် သိုင်းပညာထက်မြက်အဆင့်မြင့်ပြီး မိုးပုလဲဓားကလည်း နာမည်ရ ရတနာဓားကောင်းတစ်လက် ဖြစ်သော်လည်း မရဏဓားနှင့် မရဏဓားသိုင်းတို့ကိုတော့ အုပ်စီးအနိုင်ယူနိုင်ခွင့် မရှိသေး။

တိုက်ပွဲသည် အရှုံးအနိုင် အဖြေမပေါ်သေးဘဲ အကြိတ်အနယ်ဖြစ်နေသည်။ မရဏဓားနှင့်မရဏဓားတို့၏ အစွမ်းက မြင့်မားပြီး ဟန်ဟိတ်ကြီးလှပေရာ ကျန်းလိန်ဂူအနေဖြင့် အသာစီးရသယောင်ယောင်မျှသာ ဖြစ်ကာ ပွဲသိမ်း အနိုင်ကွက်မဆင်နိုင်သေး။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ အတူတူ ပူးပေါင်းလုပ်ရှားကြရအောင်လား"

ရှလိယန်က ထျန်းလုံပုရှည်ကို ပြောလိုက်သည်။

ထျန်းလုံပုရှည်တို့ ဂျက်မွန်ဂိုနယ်မှ သိုင်းသမားများသည် မာနအတော်ကြီးသည်။ တခြားလူများနှင့် ပူးပေါင်းကြလေ့မရှိ။ မိမိတို့ဘာသာ သီးသန့်လှုပ်ရှားကြသည်။ အပြင်အပ အကူအညီလည်း မယူကြ။

သို့သော် ယခုလက်ရှိ အခြေအနေတွင် မရဏာဓားနှင့် မရဏာဓားသိုင်းကလည်း ပေါ်ထွက်လာပြီဖြစ်ရာ ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရှည်အနေဖြင့် မာန်မာနတွေကို တစ်ထစ်လျှော့ကာ တစ်မျိုးတစ်ဖုံ စဉ်းစားရလေတော့မည်။

ထျန်းလုံပုရှည်သည် သိုင်းလောကတွင် လွှမ်းမိုးခေါင်းဆောင်လိုသောဆန္ဒ ရှိသည်။ မုန်တိုင်းနဂါးရဲတိုက်သို့ ရောက်လာခဲ့မှုကလည်း ထိုဆန္ဒပြည့်ဝအောင် ဆောင်ရွက်ရာတွင် အထူးအားကိုးအားထားပြုနိုင်မည့် မိုးပုလဲဓားကို အရယူနိုင်ဖို့ ဖြစ်သည်။



သို့သော် မမျှော်လင့်သော အခြေအနေအပြောင်းအလဲတွေ ရုတ်တရက် ဖြစ်ပေါ်လာရာ သည်လို ထူးခြားအရေးပါသည့် အပြောင်းအလဲဖြစ်ပွားချိန်တွင် မိမိတို့အတွက် အကျိုးအမြတ်ရနိုင်မည့် အခွင့်အလမ်းကောင်းကို အရယူမှဖြစ်မည်ဟု ထျန်းလုံပုရှည် စဉ်းစားရလေသည်။

မရဏာဓားနှင့်မရဏာသိုင်းတို့ ကြောက်စရကောင်းလောက်အောင် ပြင်းထန်ကြမ်းတမ်းရက်စက်ပြီး စွမ်းပကားကြီးမားပုံတို့ကို ထျန်းလုံပုရှည် ကောင်းကောင်းသိထားသည်။

ပြီးတော့ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ကလည်း အင်အားမသေးလှ။ သိုင်းပညာစွမ်းကလည်း သိုင်းလောကတွင် နာမည်ရထင်ရှားနေသည်။ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်သခင်ကြီးသည် မရဏာဂိုဏ်း၏ နောက်ဆုံးမျိုးဆက်လည်း ဖြစ်နေပြန်ရာ အကယ်၍ ရှလုံကသာ မရဏာဂိုဏ်းကို ပြန်လည်ဖော်ထုတ်ထူထောင်လျှင် သိုင်းလောက လွှမ်းမိုးဦးဆောင်နိုင်မည့် စွမ်းရည်နှင့် အလားအလာတွေ ရှိနေသည်။

ယခုလောလောဆယ် ရှလုံကို တားဆီးစိန်ခေါ်နေသည့် အန္တရာယ်မှာ ကျန်းလိန်ဝူနှင့်မိုးပုလဲဓားတို့ ဖြစ်နေသည်။ ကျန်းလိန်

www.burmeseclassic.com

www.burmeseclassic.com



ဂူနှင့် မိုးပုလဲဓားတို့ကိုသာ အနိုင်ယူနိုင်ပါက ရှလုံအတွက် မရဏ ဂိုဏ်းကို ပြန်လည်ဖော်ထုတ် ထူထောင်ဖို့ လမ်းကြောင်းရှင်းသွားပြီ။

ကျန်းလိန်ဂူနှင့် မိုးပုလဲဓားတို့၏ အန္တရာယ်ကို ဖယ်ရှား ကျော်လွှားရာတွင် မိမိကပါဝင်ကူညီပေးနိုင်လျှင် ပြန်လည်ထူထောင် လှုပ်ရှားလာမည့် မရဏဂိုဏ်းက မိမိကို အလေးအနက် ထားရပေ တော့မည်။ မဟာမိတ်အဖြစ် အသိအမှတ်ပြုရပေတော့မည်။

မိမိတို့ ဂျက်မွန်ဂိုနယ်သိုင်းသမားများအနေဖြင့်လည်း မရ ဏဂိုဏ်း၏ မဟာမိတ်များအဖြစ် ဟိတ်ဟန်ကြီးလာမည်။ ထည်ဝါ လာမည်။ သိုင်းလောကတွင် လူတွင်ကျယ်လုပ်နိုင်မည်။

သည်လို တွေးဆမှုများဖြင့် ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရည်သည် မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သခင်မလေး ရှလိယန်နှင့်အတူ ပူးပေါင်းလှုပ်ရှားရန် ကမ်းလှမ်းလာမှုကို လက်ခံ ရန် ဆုံးဖြတ်လိုက်လေသည်။

☆ ☆ ☆



ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရည်က မြောက်ပိုင်း နှင်းဖြူစံအိမ်တော် သခင်မလေးရှလိယန်နှင့် ပူးပေါင်းလုပ်ဆောင်ရန် ဆုံးဖြတ်ကာ ထုတ်ဖော်ပြောဆိုလိုက်ခြင်းသည် အခြေအနေကို တစ် မျိုး ပြောင်းလဲသွားစေသည်။

မရဏဂိုဏ်းကို တစ်ကြော့ပြန် ထူထောင်လှုပ်ရှားရန် အကြံ ကြီးထားသူ မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး ရှလုံအတွက် လည်း ကြီးမားသော ထောက်ခံအားပေးမှု အကူအညီကြီး ဖြစ်သွား သည်။

“ဒေါ်ဆို ဘာစောင့်နေတာလဲ၊ အခုပဲ ဝင်တိုက်ကြစို့”

ရှလိယန်က ပြောပြောဆိုဆို ကျန်းလိန်ဂူနှင့်ရှလုံတို့ အကြိတ် အနယ် တိုက်ခိုက်နေရာ စင်မြင့်လေးဆီသို့ ပြေးသွားသည်။ အတူ ပူးပေါင်းလှုပ်ရှားရန် ဆုံးဖြတ်သဘောတူပြီးဖြစ်သော ထျန်းလုံပုရည် လည်း အတူလိုက်ပါလာသည်။

ရှလုံနှင့် အကြိတ်အနယ် တိုက်ခိုက်နေရသော ကျန်းလိန်ဂူ

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ရှလုံဘက်မှ အင်အားကြီးသော စစ်ကူနှစ်ယောက် ပါဝင်လာလျှင် အရေးနိမ့်ရတော့မည်မှန်း တွေးမိသော ဒန်ကျောက်ဖုန်သည် ရှလိယန်နှင့် ထျန်းလုံပုရည်တို့ကို ကြားဖြတ်ကာ တားဆီးသည်။

ကျန်းလိန်ဂူအတွက် စိုးရိမ်စိတ်ဖြင့်သာ အတင်းကြားဝင်တိုက်ခိုက်သည်။ ဝန်ကျောက်ဖုန်၏ ဓားရှည်နှင့်သားရေကျာပွတ်တို့ ပျက်စီးဆုံးရှုံးခဲ့ပြီးမို့ ကိုင်ဖွဲစရာ လက်နက်မရှိသော ဝန်ကျောက်ဖုန်မှာ လက်နက်မဲ့သာ ဝင်တိုက်ခိုက်ရလေသည်။

အတော်ပင် မိုက်ကန်းသောလုပ်ရပ်ဟု ဆိုရမည်။ မိမိကိုယ်မိမိ သေတွင်းထဲခုန်ဆင်းသလို ဖြစ်သည်။

ဤအခြေအနေကို နားလည်သဘောပေါက်သော ကျန်းလိန်ဂူသည် မိမိအပေါ် စေတနာထားသူ မိတ်ဆွေကောင်း ဝန်ကျောက်ဖုန်ကို အတတ်နိုင်ဆုံး ကူညီပေးရန် စင်မြင့်ပေါ်မှ ခုန်ဆင်းသည်။

ရှလုံက အခွင့်ကောင်းကို အလွတ်မပေး။ စင်မြင့်ပေါ်မှ ခုန်ဆင်းသွားသော ကျန်းလိန်ဂူကို အတင်းလိုက်တိုက်သည်။ မရဏာဓားသိုင်း၏ အစွမ်းအထက်ဆုံးဖြစ်သော သေမင်းခေါ်သံဓားကွက်ကို



ထုတ်သုံးသည်။

ကျန်းလိန်ဂူသည် လက်ပြန်ခုတ်ချက်ဖြင့် ရှလုံ၏ သေမင်းခေါ်သံဓားကွက်ကို ခံဆောင်ရင်ဆိုင်ရသည်။ မရဏာဓားသိုင်း၏ ကြမ်းတမ်းခက်ထန်အားပြင်းလှပုံအကြောင်း သိထားသည့်အတွက် ကျန်းလိန်ဂူသည် ရှလုံနှင့် ဓားချင်းထိပ်တိုက်ခုတ်ထစ်မိခြင်းမရှိအောင် ကြိုးစားရှောင်တိမ်းနေခဲ့သည်။

ယခုမူ ဘယ်လိုမျှ မတတ်နိုင်တော့သည့် အခြေအနေမို့ ဓားချင်းဆိုင်ကာ ခုတ်မိလိုက်လေပြီ။

'ဒတ် .. ထျန်း'

"ဟာ"

"အလို"

"ဒုက္ခပါပဲ"

"ခက်ပြီ"

ကြီးမားပြင်းထန်လှသော အင်အားအရှိန်အဟုန်ကြီးတစ်ခု၏ ဖိနှိပ်လာမှုကို ကျန်းလိန်ဂူ ရင်ဆိုင်ရသည်။ အသက်ရှူပင် ကျပ်သလို ဖြစ်သည်။ ဓားကိုင်ထားသော ညာလက် ထုံကျင်သွားသည်။ ပြီးတော့ ညာလက်ရှိ ဓားရှည် ထက်ပိုင်းကျိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်ကို မြင်တွေ့ရသော သိုင်းဒေသ်သည် ပရိသတ်များ အကြီးအကျယ် တုန်လှုပ်ကုန်ကြသည်။ တစ်ယောက်တစ်ပေါက် ဆိုသလို အံ့သြထိတ်လန့်စွာ ရေရွတ်ကြသည်။

ကျင်းလိန်ဂူမှာမူ စင်မြင့်လေးအောက်သို့ ခုန်ဆင်းလျက်ရှိသည်။ ဝန်ကျောက်ဖုန်နှင့် ဘေးချင်းယှဉ်၍ ရပ်သည်။ ရှုလိယန်နှင့် ထျန်းလုံပုရည်တို့နှင့် ရင်ဆိုင်မိကြသည်။

ရှုလိယန်က ဝတ်ရုံရှည်ကြီးကို ချွတ်ကာ လက်ထဲတွင် စု၍ အသင့်ကိုင်ထားသည်။ ထျန်းလုံပုရည်က သူ၏ ရန်နှိမ်ဓားကို ညာလက်တွင် အသင့်ကိုင်ထားသည်။ သူတို့နှင့် ရင်ဆိုင်နေရသော ကျန်းလိန်ဂူနှင့် ဝန်ကျောက်ဖုန်တို့မှာတော့ ဘာလက်နက်မျှမရှိ။ လက်နက်မဲ့ ဖြစ်နေကြသည်။

ရှုလုံသည် မရဏဓားကို ကိုင်စွဲကာ စင်မြင့်လေးပေါ်မှ ခုန်လွှားဆင်းလာသည်။ ရှုလိယန်၊ ထျန်းလုံပုရည်တို့နှင့်ပူးပေါင်း အားဖြည့်သည်။

ကျန်းလိန်ဂူနှင့် ဝန်ကျောက်ဖုန်တို့အတွက် အခြေအနေ ပိုဆိုးသွားသည်။ အန္တရာယ်ပိုကြီးလာသည်။ ရှုလုံ၊ ရှုလိယန်နှင့် ထျန်းလုံပုရည်တို့ သုံးယောက် ပူးပေါင်းအင်အားကို ကျန်းလိန်ဂူနှင့် ဝန်ကျောက်ဖုန်တို့ နှစ်ယောက် ဘယ်လိုမျှ ယှဉ်နိုင်မည်မဟုတ်။



ထိုအချိန်မှာပင် မုန်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှန်ကင်းစင်းက လျှို့ဝှက်အချက်ပြမှုတစ်ခု ရုတ်တရက် ပြုလုပ်လိုက်သည်။

ထို့နောက်တွင်တော့ ...

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ဝုန်း .. ဒိုင်း .. ဝုန်း ဝုန်း .. ဒိုင်း .. ဝုန်း"

ပေါက်ကွဲသံများ မုန်တိုင်းနဂါးရဲတိုက်၏ နေရာအနှံ့မှ စီစီညံညံ ပေါ်လာသည်။ မီးခိုးလုံးများ ရဲတိုက်တစ်ခုလုံး ဖုံးလွှမ်းသည်။

"မီးလောင်နေပြီ"

"ပေါက်ကွဲကုန်ပြီ"

"ပြေးကြဟေ့ ပြေးကြ"

အော်ဟစ်သံများ ဆူညံစွာ ပေါ်ထွက်ကာ ယာယီစည့်ခန်းဆောင်ကြီးထဲတွင် ရှိနေကြသော သိုင်းဧည့်သည်ပရိသတ်များ လွတ်ရာလွတ်ကြောင်း ပြေးကြသည်။ အားလုံး သောသောရုတ်ရုတ်နှင့် ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်ကြလေပြီ။

သိုင်းဧည့်သည်ပရိသတ်များ ကစဥ့်ကလျားနှင့်ရှုပ်ထွေးကုန်ကြချိန်တွင် ကျန်းလိန်ဂူ၊ ဝန်ကျောက်ဖုန်နှင့် ရှန်ကင်းစင်းတို့ အခွင့်ကောင်းယူကာ အများနှင့်ရောစော၍ ကိုယ်လွတ်ရုန်းထွက်ခဲ့ကြသည်။

"လိုက်ကြ ... သူတို့သုံးယောက်ကို အလွတ်မပေးနဲ့"



ရှလုံက အော်ဟစ်ကာ အမိန့်ပေးသည်။

"ဝိုင်းဖမ်းကြစမ်း"

ထျန်းလုံပုရည်၏ အမိန့်ပေးသံလည်း ဆက်တိုက်ဆိုသလိုပေါ်ထွက်သည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော် သိုင်းသမားများနှင့် ဂျက်မွန်ဂိုနယ်သိုင်းသမားများက ကျန်းလိန်ဂူနှင့် ချင်ကျောက်ဖုန်တို့ကို လိုက်ဖမ်းကြသည်။ သို့သော် လူအများ ပြေးလွှားလှုပ်ရှားနေကြသည့် ကြားတွင် ဘယ်လိုမှ လိုက်မဖမ်းနိုင်။ မျက်ခြည်ပြတ်ကုန်ကြသည်။

ဖြစ်လာနိုင်သော အခြေအနေအရပ်ရပ်ကို ဘက်ပေါင်းစုံမှ တွေးတောမှန်းဆကြသော ကျန်းလိန်ဂူနှင့် ရှန်ကင်းစင်းတို့သည် ဘယ်လိုမျှ ရင်ဆိုင်ကျော်လွှားနိုင်စွမ်း မရှိသည့် အကျဉ်းအကြပ်အန္တရာယ် ကြုံတွေ့ကြရလျှင် နောက်ဆုံး ထွက်လမ်းပရိယာယ်အနေဖြင့် မီးခိုးဗုံးများ ဖောက်ခွဲကာ အရှုပ်ရှုပ်အထွေးထွေး ဖြစ်အောင်ဖန်တီးပြီး အလွတ်ရုန်းထွက်ပြေးရန် ကြိုတင်စီမံပြင်ဆင်မှုများ လုပ်ထားခဲ့ကြသည်။

ထို့ကြောင့် ရှန်ကင်းစင်းက အရေးပေါ် အချက်ပြမှုပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်နှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း မီးခိုးဗုံးများကို ဆက်တိုက်ဖောက်ခွဲကြသည်။ မီးခိုးများ ရဲတိုက်တစ်ခုလုံး ဖုံးလွှမ်းသွားချိန်တွင် ရှန်ကင်းစင်း ကြိုတင်အမိန့်ပေးထားသည့်အတိုင်း မုန်တိုင်းနဂါးရဲတိုက် သိုင်းသမားများက အန္တရာယ်ကျုံပြီဟု အော်ဟစ်ကြလျက် ထွက်ပြေးရန် ပြောဆိုကြသည်။ ကိုယ်တိုင်လည်း ဟိုပြေးသည်လွှား လုပ်သည်။

ဤသို့ လုပ်ဆောင်မှုက တပ်လှန့် နှိုးဆော်လိုက်သလို ဖြစ်ကာ ကျန်သိုင်းဧည့်သည် ပရိသတ်များလည်း ပြေးကြလွှားကြနှင့် အခြေအနေ ရှုပ်ထွေးလျက် ကျန်းလိန်ဂူနှင့် ဝန်ကျောက်ဖုန်တို့အတွက် အလွတ်ရုန်းထွက်ရန် အခွင့်အလမ်း ရသွားခဲ့သည်။

ရှန်ကင်းစင်း၏ လမ်းပြခေါ်ဆောင်ပေးမှုဖြင့် သုံးယောက်သား မုန်တိုင်းနဂါးရဲတိုက်အပြင်သို့ ဘေးရန်ကင်းရှင်းစွာပင် ချောချောမောမော ရောက်သွားကြလေတော့သည်။

"မိတ်ဆွေတို့ရဲ့ ဒီနေ့ကူညီမှုကို အများကြီး ကျေးဇူးတင်ပါတယ်၊ တစ်သက်လုံး မမေ့ဘဲ မှတ်သားထားပါမယ်၊ မိုးပုလဲဓား ကျိုးပြတ်သွားခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး"

မြင်းကိုယ်စီစီးကာ အပြင်းစိုင်းနှင်လာကြရာ ဘေးကင်းလောက်သော နေရာသို့အရောက် မြင်းများကို ဇက်သက်ရပ်လိုက်သောအခါ ဝန်ကျောက်ဖုန်က ပြောသည်။



"ရပါတယ် ... ရှလုံရဲ့ မရဏဓားချက်ကြောင့် ကျိုးပြတ်သွားတာက မိုးပုလဲဓား အစစ်မဟုတ်ပါဘူး၊ ပုံစံတူ ပြုလုပ်ထားတဲ့အတုပါ၊ မိုးပုလဲဓားအစစ်က လုံခြုံတဲ့နေရာမှာ သေသေချာချာ သိမ်းဆည်းထားပါတယ်"

ကျန်းလိန်ဂူက ပြောသည်။

"သြော် ... ဒီလိုကိုး၊ ခင်ဗျားက တော်တော်စေ့စပ်တာပဲကိုး၊ ဒီအတိုင်းဆို ခေါင်းပြန်ထောင်လာတဲ့ မရဏဂိုဏ်းကို နှိမ်နင်းဖို့ အားကိုးစရာလက်နက်ကောင်းတစ်ခု ရှိနေသေးတာပေါ့"

"ဒီကိစ္စမှာ မိတ်ဆွေလေး ဝန်ကျောက်ဖုန်ရဲ့ ဝိုင်းဝန်းကူညီမှုလည်း ပါနိုင်မယ် မဟုတ်လား"

ကျန်းလိန်ဂူက အကူအညီရယူရေးစကား တောက်လိုက်၏။

"ဟာ ... အတတ်နိုင်ဆုံး ပါဝင်ရမှာပေါ့၊ ဒါပေမဲ့ အခုလောလောဆယ်မှာ ကျွန်တော်တို့ ဓားစကြာဂေဟာကို တောရိုင်းတစ္ဆေညီနောင် အန္တရာယ်ပြုလို့ ကျွန်တော် ဂေဟာကို အမြန်ပြန်ရဦးမယ်၊ တောရိုင်းတစ္ဆေညီနောင်ကို ကာကွယ်မောင်းထုတ်ပြီးရင် မရဏ

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းကို ခေါင်းပြန်မထောင်နိုင်အောင် နှိမ်နင်းတဲ့နေရာမှာ ဝိုင်းကူပေးပါ့မယ်"

"ကောင်းပါပြီ ... တောရိုင်းတစ္ဆေညီနောင်ရဲ့ အန္တရာယ်ကို ရင်ဆိုင်ဖို့ ကျွန်တော်တို့ ကူညီပေးနိုင်စရာများ ရှိသလား"

ကျန်းလိန်ဝူက မေးသည်။

"ဒီစကားအတွက် ကျေးဇူးတင်ပါတယ်၊ တောရိုင်းတစ္ဆေညီနောင်ရဲ့ အန္တရာယ်ကို ကျွန်တော်တို့ ဓားစကြာဂေဟာရဲ့ အင်အားနဲ့ပဲ ရင်ဆိုင်ချေမှုန်းနိုင်ပါတယ်၊ မိတ်ဆွေတို့နှစ်ယောက် မရဏဂိုဏ်းနဲ့ ပတ်သက်ပြီး လုပ်စရာရှိတာတွေသာ လုပ်ကြပါ၊ တောရိုင်းတစ္ဆေညီနောင်ကို ရင်ဆိုင်ပြီးတာနဲ့ ကျွန်တော် အရောက်ပူးပေါင်းမှာပါ၊ စိတ်ချနေကြပါ"

"ဒါဆို နှုတ်ဆက်လိုက်ပါတယ်၊ နောက်ပြန်ဆုံကြမယ်"

"ဟုတ်ကဲ့ ... ပြန်ဆုံကြမယ်"

အပြန်အလှန် နှုတ်ဆက်စကားများ ဆိုကြပြီးနောက် ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန် မြင်းကို အပြင်းစိုင်းနှင် ထွက်ခွာသွားသည်။

☆ ☆ ☆



မုန်တိုင်းနဂါးရဲတိုက်တစ်ခုလုံး မီးခိုးများ ဖုံးလွှမ်းကာ သောသောရုတ်ရုတ် လှုပ်ရှားနေကြသည်။

"ကျုပ်ရဲ့စံအိမ်တော်က လူတွေကို ရဲတိုက်ရဲက အရှေ့ဘက်ကွင်းပြင်မှာ အစုခိုင်းမယ်၊ ခင်ဗျားလူတွေကိုလည်း အဲဒီဘက်ကို စုစည်းခေါ်ပေးပေတော့"

ရုတ်ရုတ်သဲသဲဖြစ်နေသော အခြေအနေတွင် မိမိတို့၏လူများ အုပ်စည်းမပျက် ရှိနေစေရေးအတွက် မြောက်ပိုင်းနှင်းဖြူ စံအိမ်တော်ရှင်ကြီး ရှုလုံက ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရည်ကို ပြောလိုက်သည်။

ဤသို့ ပြောလိုက်ခြင်းသည် မရဏဂိုဏ်း ပြန်လည်ထူထောင်ကာ တစ်ကြော့ပြန် လှုပ်ရှားမှုတွင် ဂျက်မွန်ဂိုနယ်သိုင်းသမားများနှင့် ပူးပေါင်းရန် လက်ခံအသိအမှတ်ပြုလိုက်သည့်သဘော ဖြစ်သည်။

မရဏဓားနှင့် မရဏဓားသိုင်းပညာတို့ကို အထင်ကြီးပြီး

www.burmeseclassic.com

www.burmeseclassic.com



အတော်ပင် အားကိုးအားထားပြုနေသော ထျန်းလုံပုရည် သဘော တွေ့သွားရသည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ထျန်းလုံပုရည်က တက်ကြွလေးစားစွာ အမိန့်နာခံသည်။

ရှုလုံကို ပြန်လည်ပေါ်ထွက်လာတော့မည့် မရဏဂိုဏ်း၏ ဦးစီးခေါင်းဆောင်အဖြစ် ချီးမွမ်းဂုဏ်တင်သည့်အနေဖြင့် 'ဂိုဏ်းချုပ်ကြီး' ဟု တမင်သုံးနှုန်း ခေါ်ဝေါ်သည်။ ရှုလုံ ပီတိဖြစ်ရသည်။ ထျန်းလုံပုရည်၏ အကင်းပါးပြီး အကွက်မြင်တတ်မှုကိုလည်း ကောင်းစွာ သတိပြုမိသည်။

ရှုလိယန်နှင့်စံအိမ်ဦးစီးများ မိမိတို့၏ စံအိမ်မှ သိုင်းသမားများကို ကွပ်ညှပ်စီးကြသလို ဂျက်မွန်ဂိုနယ်သိုင်းခေါင်းဆောင်များကလည်း သက်ဆိုင်ရာသိုင်းသမားများကို ဆင့်ဆိုအမိန့်ပေးကြသည်။

မြောက်ပိုင်းနှင်းဖြူဂေဟာသည် စည်းကမ်းတင်းကျပ်သော သိုင်းအဖွဲ့အစည်း ဖြစ်သလို ဂျက်မွန်ဂိုနယ် သိုင်းသမားတို့မှာလည်း မျိုးနွယ်ထုံးတမ်းစဉ်လာ ကွပ်ကဲမှုများ ရှိသည်။

ထို့ကြောင့် မိမိတို့ သက်ဆိုင်ရာ သိုင်းသမားများကို ဝါး



အစည်းပြေသလို ဖရိုဖရဲ ဖြစ်မသွားရအောင် စနစ်တကျ စုစည်းနိုင်ကြသည်။ မီးခိုးများ ဖုံးလွှမ်းကာ သောသောရုတ်ရုတ် လှုပ်ရှားနေကြသော မုန်တိုင်းနဂါးရဲတိုက်ထဲမှ အုပ်စည်းမပျက် အပြင်ဘက်သို့ ထွက်နိုင်ကြသည်။

ရဲတိုက်အရှေ့ဘက် ကွင်းပြင်တစ်နေရာတွင် စုစည်းနိုင်ကြသည်။

"အခြေအနေတွေကိုတော့ အားလုံး ကိုယ်တွေ့မျက်မြင်မို့ သိနားကြပြီး ဖြစ်နေပါပြီ၊ ဒါကြောင့် ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘူး၊ ဒီနေ့ မရဏဓားနဲ့ မရဏဓားသိုင်း ပြန်လည်ပေါ်ထွက်လာပြီး မိုးပုလဲဓားကိုလည်း ကျိုးဖြတ်ပျက်စီးသွားအောင် တိုက်ခိုက်အောင်နိုင်ခဲ့တာကို မင်္ဂလာအဖြစ်ယူပြီး မရဏဂိုဏ်း ပြန်လည်ပေါ်ထွန်းကြောင်း ကျူပ် ရှုလုံ အတိအလင်း ကြေညာလိုက်တယ်"

စုဝေးမိသော မြောက်ပိုင်းနှင်းဖြူစံအိမ် သိုင်းသမားများနှင့် ဂျက်မွန်ဂိုနယ်သိုင်းသမားများရှေ့ရှိ အမြန်ပြုလုပ်ထားသော ခေးစင်မြင့်ထက်မှနေ၍ ရှုလုံက အောင်မြင်ဝံ့ကြွားစွာ ပြောသည်။

"မရဏဂိုဏ်း အောင်မြင်ပါစေ"

"မရဏဂိုဏ်း အစွန့်ရှည်ပါစေ"

www.burmeseclassic.com

www.burmeseclassic.com



စုစည်းနေသော သိုင်းသမားများ အသံပြိုင် ဟစ်ကြွေးကြသည်။

"ဂိုဏ်းချုပ်ကြီး ရှလုံး သက်တော်ရာကျော် ရှည်ပါစေ"

ဂျက်မွန်ဂိုနယ် သိုင်းမင်းသား ထျန်းလုံပုရှည်က အတွင်းအားသုံးကာ အသံကျယ်ကျယ်ဖြင့် ဟစ်ကြွေးသည်။

"ဂိုဏ်းချုပ်ကြီးရှလုံ သက်တော်ရာကျော် ရှည်ပါစေ"

"ဂိုဏ်းချုပ်ကြီး ရှလုံ အောင်မြင်ပါစေ"

"မရဏဂိုဏ်း အခွန့်ရှည်ပါစေ"

ကျန်သိုင်းသမားအပေါင်းကလည်း တစ်ခဲနက် ကြွေးကျော်ကြသည်။

"ဒုတိယဂိုဏ်းချုပ်ကြီး ထျန်းလုံပုရှည် အသက်ရာကျော် ရှည်ပါစေ"

အမြော်အမြင်ပြည့်ဝသော ရှလုံက အော်ဟစ်လိုက်သည်။

"ဒုတိယဂိုဏ်းချုပ်ကြီး ထျန်းလုံပုရှည် အသက်ရာကျော် ရှည်ပါစေ"

"ဒုတိယဂိုဏ်းချုပ်ကြီး ထျန်းလုံပုရှည် အောင်မြင်ပါစေ"

"မရဏဂိုဏ်း အခွန့်ရှည်ပါစေ"



စုဝေးနေကြသော သိုင်းသမားများက ညီညာဖျဖျပင်ကောင်းချီးပေးကြသည်။

မြောက်ပိုင်းနှင်းဖြူဂေဟာရှင်ကြီး ရှလုံနှင့် ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရှည်တို့ ခေါင်းတညိတ်ညိတ် ဖြစ်နေကြသည်။ သည်နေ့ မမျှော်လင့်သော အခြေအနေ ပြောင်းလဲမှုများပေါ်ပေါက်လာကာ မရဏဓားကို ထုတ်သုံးခဲ့ရာမှ မိုးပုလဲဓားကို ခုတ်ဖြတ်ဖျက်ဆီးနိုင်ကာ မရဏဂိုဏ်းကိုလည်း သိုင်းသမားအင်အားတောင့်တင်းစွာ ပြန်လည်ထူထောင်ကာ ဦးစီးရှေ့ဆောင်နိုင်မှုကြောင့်ရှလုံ အကျေနပ်ကြီး ကျေနပ်နေသည်။

မြောက်ပိုင်းနှင်းဖြူစံအိမ်တော်မှာ မူလကပင် လူအင်အားမနည်း။ ဂျက်မွန်ဂိုနယ်သိုင်းသမားတို့၏ အင်အားနှင့် ဟန်ပဲတ်ကလည်း မသေးလ၊ ယခု ဤသိုင်းအင်အားစု နှစ်ခုသည် မရဏဂိုဏ်း၏ ပင်ရင်းအမာခံ ဖြစ်လာကြရာ မရဏဂိုဏ်းသည် ပြန်လည် တစ်စခန်းသ ထူထောင်သည့်နေ့မှာပင် လူအင်အားအနေဖြင့် သိုင်းလောက၏ ပထမတန်းအဆင့်တွင် ရှိနေပေပြီ။

မရဏဓားနှင့်မရဏဓားသိုင်းတို့၏ နာမည်ကျော်ကြား နေ၍ ရှားမှုကလည်း တက်လမ်းရှာနေကြသည့် လူငယ်သိုင်းသမားများကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ဆွဲဆောင်နိုင်ပေရာ နောင်လူသူအင်အား တိုးပွားစည်ပင်လာမည့်အလားအလာလည်း ကောင်းမွန်နေသည်။

မိမိတို့ ဂျက်မွန်ဂိုနယ် သိုင်းသမားများအနေဖြင့် ပြန်လည်ပေါ်ထွက်လာသည့် မရဏဂိုဏ်း၏ ပင်ရင်းအမာခံအင်အားစုတစ်ခုအဖြစ် ပါဝင်ရလျက် မိမိကိုယ်တိုင်လည်း ဒုတိယဂိုဏ်းချုပ်နေရာကို ရရှိလိုက်သည့်အတွက် ထျန်းလုံပုရည်လည်း အထူးပင် ဝမ်းသာတက်ကြွနေသည်။

မရဏဓားး၏ အဓိကပြိုင်ဘက်ဖြစ်သော မိုးပုလဲဓားမှာလည်း ကျိုးဖြတ် ပျက်စီးသွားပြီဖြစ်ရာ (ကျိုးပြတ်သွားသည်မှာ မိုးပုလဲဓားအစစ်မဟုတ်ဘဲ အသွင်တူ ပြုလုပ်ထားသော အတုသာဖြစ်ကြောင်းကို မသိသေးသည့်အတွက်) မရဏဂိုဏ်းသည် ပြိုင်ဘက်မရှိ အင်အားကြီးမားပြီး တိုးတက်အောင်မြင်လျက် မိမိအဖို့လည်း "ရေမြင့်က ကြာတင့်" ဆိုသလို ဩဇာအာဏာ ကြီးမားလာတော့သည်ဟု ယုံကြည်နေလေသည်။

"ဒီနေရာက ကျုပ်တို့ရဲ့ အခြေစိုက်နေရာ မဟုတ်တော့ ကြာကြာ ဆက်မနေတော့ဘူး၊ နှင်းဖြူစံအိမ်တော်ကို ပြန်မယ်၊ အဲဒီမှာ မရဏဂိုဏ်း ပြန်ထူထောင်တဲ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ



ရမယ်၊ ဒုတိယဂိုဏ်းချုပ်ကြီးကိုလည်း ကျုပ်တို့နဲ့အတူ လိုက်လာခဲ့ဖို့ ဖိတ်ခေါ်ပါရစေ"

ရှလုံက ထျန်းလုံပုရည်ကို ပြောသည်။

"ကောင်းပါတယ်၊ ပြီးရင် ဂျက်မွန်ဂိုနယ်က ကျုပ်ရဲ့ နတ်မြင်းပျံနန်းဆောင်ကို ဂိုဏ်းချုပ်ကြီးတို့ အလည်လိုက်ခဲ့ကြပါ။ နတ်မြင်းပျံ နန်းဆောင်မှာလည်း မရဏဂိုဏ်း ပြန်ထူထောင်တဲ့အထိမ်းအမှတ် အခမ်းအနား ကျင်းပရတာပေါ့"

ထျန်းလုံပုရည်က ပြန်ပြောသည်။

"ဟာ ... လိုက်ခဲ့မှာပေါ့၊ ကျုပ်ရဲ့နှင်းဖြူစံအိမ်တော်နဲ့ မင်းသားလေးရဲ့ နတ်မြင်းပျံနန်းဆောင်တို့ဟာ မရဏဂိုဏ်းရဲ့ အမာခံ အခြေစိုက်စခန်းနေရာ နှစ်ခုပဲဟာ"

ထျန်းလုံပုရည် စိတ်ထဲတွင် ဘယ်လိုဆန္ဒမျိုး ရှိနေသည်ကို အကဲခတ်မိသော ရှလုံက ပြောလိုက်ရာ ထျန်းလုံပုရည် ပြုံးပြုံးကြီး ဖြစ်သွားရလေသည်။

"ဂိုဏ်းကို အထိုင်ကျအောင် ထူထောင်စီမံပြီးရင် ဒုတိယဂိုဏ်းချုပ်ကြီးကို မရဏလှိုဏ်ဂူဆီ ခေါ်ဆောင်ပို့ပေးမယ်၊ အဲဒီမှာ မရဏဂိုဏ်းရဲ့ သိုင်းပညာ အမွေအနှစ်တွေ ရှိတယ်၊ ဒုတိယဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး လေ့လာသင်ယူနိုင်တာပေါ့”

ရှလုံက ထျန်းလုံပုရည်ကြားနိုင်ရုံ တီးတိုးလေသံနှင့် ပြောသည်။

“ကျေးဇူးကြီးမြတ်လှပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျား”

မိမိမျှော်လင့်ထားသည်ထက်ပင် အခွင့်အရေးများ ပိုရနေသောကြောင့် ထျန်းလုံပုရည်က အားရဝမ်းသာ ကျေးဇူးတင်စကားဆိုသည်။

ထျန်းလုံပုရည်လို နောက်လိုက်အင်အားရှိပြီး လုပ်ရည် ကိုင်ရည်လည်း ပြည့်ဝသော သိုင်းမင်းသားတစ်ယောက်ကို မိမိ၏ မိတ်ဘက်လူယုံအဖြစ် စည်းရုံးသိမ်းသွင်းနိုင်ပြီမို့ ရှလုံလည်း အထူးအားရကျေနပ်သည်။

☆ ☆ ☆ ☆ ☆



## အခန်း ( ၉ )

တဝုန်းဝုန်း ပေါက်ကွဲသံများနှင့်အတူ မီးခိုးများ အလိပ်လိုက် ပေါ်ထွက် ဖုံးလွှမ်းနေလေသော မုန်တိုင်းနဂါးရဲတိုက်၏ သောသောရုတ်ရုတ် ရှုပ်ရှုပ်ထွေးထွေး ဆူညံနေသည့်အခြေအနေမှ ချင်လီန်ဝေ အပြင်သို့အရောက် အတင်းထိုးဖောက် ထွက်လာခဲ့သည်။

အပေါင်းအဖော်လည်း မပါ၊ တစ်ကိုယ်တည်းလိုမို့ ချင်လီန်ဝေအနေဖြင့် ကိုယ်လွတ်ရုန်း ထွက်နိုင်ခဲ့သည်။ ရှင်းယန်မြို့ လရောင်ရိပ် စားသောက်ဆိုင်တွင် တွေ့ဆုံခဲ့သူ ဝန်ကျောက်ဖုန်အတွက် စိုးရိမ်ကြောင့်ကြဖြစ်မိသော်လည်း ဝန်ကျောက်ဖုန်၏ သိုင်းပညာ အစွမ်းအစနှင့်ဆိုလျှင် အန္တရာယ်မကြုံနိုင်ဘဲ ဘေးလွတ်ရာသို့ အလွတ်ရုန်းထွက်သွားနိုင်လိမ့်မည်ဟု တွက်သည်။

ထို့နောက် သူ၏ ခရီးပန်းတိုင်ဖြစ်သော မိုးမျှော်တောင်ထွင့်ဆီသို့ ခရီးဆက်သည်။ လမ်းခရီးတွင် မည်သည့်နေရာမှ မဝင်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ဦးတည်ချက်ဆီသို့သာ တစိုက်မတ်မတ် လာခဲ့ရာ သုံးရက်အကြာတွင် မိုးမျှော်တောင်ထွဋ်သို့ ရောက်သည်။

ကံကြမ္မာက ဖေးမမျက်နှာသာပေးနေသည်ဟု ဆိုရမည်လား မသိ။ မိုးမျှော်တောင်ထွဋ်သို့ ချောချောမောမော ရောက်သည့်အပြင် ဝတ်ရုံစိမ်းနှင့်ဝတ်ရုံနီ လူထူးဆန်းနှစ်ယောက်နှင့်လည်း ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဆုံတွေ့ရလေသည်။

လူထူးဆန်းနှစ်ယောက်မှာ အသက် (၆၀) ခန့် ရှိကြပြီး တစ်ယောက်က အရပ်အမောင်းအနေတော်၊ ကိုယ်လုံးကိုယ်ထည်ကလည်း သာမန်ဖြစ်ပြီး တစ်ယောက်က ပိန်သွယ်၍ အရပ်မြင့်မားသည်။ နှစ်ယောက်လုံး တိဗက်လူမျိုးများ၏ ရှေးရာဝတ်စုံပုံစံ သားရေသင်တိုင်းရှည်နှင့် သားရေဘောင်းဘီပွများ ဝတ်ထားကြသည်၊ ဝတ်စုံပုံစံက ဆင်တူ။

ဝတ်ရုံစိမ်းဝတ်ရုံနီ လူထူးဆန်းဟု အမည်ရှိနေသော်လည်း ဘာဝတ်ရုံမျှ ခြုံမထားကြ။ ဝတ်ထားသည့် သားရေအဝတ်အစားများကလည်း ဘာရောင်မျှ အထွေအထူး ဆိုးမထား သဘာဝသားရေရောင်သာ ဖြစ်သည်။ ဆောင်းထားသည့် အနားကျယ်ကျယ်ဝိုင်းဦး၊ ဆိတ်ခွာသားရေဦးထုပ်များကလည်း အနီကည်းမဟုတ်၊ အစိမ်း



လည်း မဟုတ်။ သာမန်အဖြူရောင်များသာ ဖြစ်ကြသည်။

ထူးခြားမှုဟူ၍ ထိုသားရေဦးထုပ်များ၏ သိုင်းကြိုးနှင့်
အနားပတ်တို့သာ ဖြစ်သည်။ အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ် လူထူး
ဆန်း၏ ဦးထုပ်ကြိုးနှင့် အနားပတ်တို့က အနီရောင် သာမန်
အရွယ်အစားရှိသည့် လူထူးဆန်းကတော့ကတော့ ဦးထုပ်သိုင်းကြိုး
အစိမ်းနှင့် အနားပတ်အစိမ်း။

ဤကွဲပြားခြားနားမှုကို အကြောင်းပြု၍ အကင်းပါးပြီး
ဉာဏ်ကောင်းသော ချင်လိန်ဝေက ပိန်သွယ်သွယ်ကို ဝတ်ရုံနီ လူထူး
လူဆန်း၊ သာမန်ခန္ဓာကိုယ်ရှိသူကို ဝတ်ရုံစိမ်းလူထူးဆန်းဟု ခွဲခြား
သတ်မှတ်လိုက်လေသည်။

"ကျွန်တော် ချင်လိန်ဝေ၊ ဝတ်ရုံနီလူထူးဆန်းနဲ့ ဝတ်ရုံစိမ်း
လူထူးဆန်း ဆရာကြီးနှစ်ယောက်ကို ဂါရဝပြုပါတယ်"

ချင်လိန်ဝေက တောင်ထွဋ်ထိပ် မြေပြင်တွင် ဒူးထောက်ထိုင်
ကာ ရိုသေစွာ ဂါရဝပြုသည်။

"မင်းက ငါတို့ဆီကို အလည်အပတ် ရောက်လာတာ
ဟုတ်မယ်မထင်ဘူး"

ဝတ်ရုံနီ လူထူးဆန်းက စကားအစပျိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်တဲ့ ဦးတည်ချက်ဆီသို့သာ တစိုက်မတ်မတ် လာခဲ့ရာ သုံးရက်မြောက်တွင် မိုးမျှော်တောင်ထွဋ်သို့ ရောက်သည်။

ကံကြမ္မာက ဖေးမမျက်နှာသာပေးနေသည်ဟု ဆိုရမည်လား မသိ။ မိုးမျှော်တောင်ထွဋ်သို့ ချောချောမောမော ရောက်သည့်အပြင် ဝတ်ရုံစိမ်းနှင့်ဝတ်ရုံနီ လူထူးဆန်းနှစ်ယောက်နှင့်လည်း ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဆုံတွေ့ရလေသည်။

လူထူးဆန်းနှစ်ယောက်မှာ အသက် (၆၀) ခန့် ရှိကြပြီး တစ်ယောက်က အရပ်အမောင်းအနေတော်၊ ကိုယ်လုံးကိုယ်ထည်ကလည်း သာမန်ဖြစ်ပြီး တစ်ယောက်က ပိန်သွယ်၍ အရပ်မြင့်မားသည်။ နှစ်ယောက်လုံး တိဗက်လူမျိုးများ၏ ရိုးရာဝတ်စုံပုံစံ သားရေသင်တိုင်းရှည်နှင့် သားရေဘောင်းဘီပွများ ဝတ်ထားကြသည်။ ဝတ်စုံပုံစံက ဆင်တူ။

ဝတ်ရုံစိမ်းဝတ်ရုံနီ လူထူးဆန်းဟု အမည်ရှိနေသော်လည်း ဘာဝတ်ရုံမျှ ခြုံမထားကြ။ ဝတ်ထားသည့် သားရေအဝတ်အစားများကလည်း ဘာရောင်မျှ အထွေအထူး ဆိုးမထား သဘာဝသားရေရောင်သာ ဖြစ်သည်။ ဆောင်းထားသည့် အနားကျယ်ကျယ်ဝိုင်းဝိုင်း၊ ဆိတ်ခွာသားရေဦးထုပ်များကလည်း အနီလည်းမဟုတ်၊ အစိမ်း



လည်း မဟုတ်။ သာမန်အဖြူရောင်များသာ ဖြစ်ကြသည်။

ထူးခြားမှုဟူ၍ ထိုသားရေဦးထုပ်များ၏ သိုင်းကြိုးနှင့် အနားပတ်တို့သာ ဖြစ်သည်။ အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ် လူထူးဆန်း၏ ဦးထုပ်ကြိုးနှင့် အနားပတ်တို့က အနီရောင် သာမန်အရွယ်အစားရှိသည့် လူထူးဆန်းကတော့ကတော့ ဦးထုပ်သိုင်းကြိုးအစိမ်းနှင့် အနားပတ်အစိမ်း။

ဤကွဲပြားခြားနားမှုကို အကြောင်းပြု၍ အကင်းပါးပြီး ဉာဏ်ကောင်းသော ချင်လိန်ဝေက ပိန်သွယ်သွယ်ကို ဝတ်ရုံနီ လူထူးလူဆန်း၊ သာမန်ခန္ဓာကိုယ်ရှိသူကို ဝတ်ရုံစိမ်းလူထူးဆန်းဟု ခွဲခြားသတ်မှတ်လိုက်လေသည်။

"ကျွန်တော် ချင်လိန်ဝေ၊ ဝတ်ရုံနီလူထူးဆန်းနဲ့ ဝတ်ရုံစိမ်းလူထူးဆန်း ဆရာကြီးနှစ်ယောက်ကို ဂါရဝပြုပါတယ်"

ချင်လိန်ဝေက တောင်ထွဋ်ထိပ် မြေပြင်တွင် ဒူးထောက်တိုင်ကာ ရိုသေစွာ ဂါရဝပြုသည်။

"မင်းက ငါတို့ဆီကို အလည်အပတ် ရောက်လာတာတော့ ဟုတ်မယ်မထင်ဘူး"

ဝတ်ရုံနီ လူထူးဆန်းက စကားအစပျိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ရောက်လာတယ်ဆိုတာ ပြောပေတော့"

ဝတ်ရုံစိမ်း လူထူးဆန်းက စကားအဆုံးသတ်ပေးသည်။

"နှင်းတောင်ယောဂီလေးယောက်တို့က လမ်းညွှန်စေလွှတ်လိုက်လို့ပါ"

ချင်လိန်ဝေက ပြောလိုက်သည်။

"ဩော် ... အင်း အင်း"

ဝတ်ရုံစိမ်း လူထူးဆန်း ခေါင်းတစ်ချက်ညိတ်သည်။

"သူတို့ ကွယ်လွန်သွားကြပြီကိုး"

ဝတ်ရုံနီ လူထူးဆန်းက စိတ်မကောင်းဟန်ဖြင့် ရေရွတ်သည်။

မိမိရောက်လာရသည့်အကြောင်းရင်းကို ပြောပြလိုက်သည်နှင့် နှင်းတောင်ယောဂီလေးယောက်တို့ သေဆုံးသွားကြပြီဟု ဒက်ခနဲသိသွားသောကြောင့် ဤလူထူးဆန်းနှစ်ယောက်နှင့် နှင်းတောင်ယောဂီတို့အကြား ဆက်နွယ်ပတ်သက်မှုမှာ မိမိထင်မှတ်ထားသည်ထက် ပိုမို လေးနက်ကြောင်း ချင်လိန်ဝေ နားလည်လိုက်ရသည်။

"ဟုတ်ကဲ့ ... သူတို့လေးယောက် ကွယ်လွန်သွားကြပါပြီ၊ မကွယ်လွန်ခင် နှင်းတောင်သိုင်းကျမ်း အမွေပေးခဲ့ပါတယ်၊ ဆရာကြီး



နှစ်ယောက်ထံ သွားရောက်တွေ့ဆုံဖို့ မှာကြားပြီး ခရီးလမ်းညွှန်ခဲ့ပါတယ်"

ချင်လိန်ဝေက ရှင်းပြသည်။

"သိပြီ ... မင်း ငါတို့နဲ့အတူ ခုနစ်ရက် နေထိုင်ပါ"

ဝတ်ရုံစိမ်းလူထူးဆန်းက စပြောသည်။

"အဲဒီ ခုနစ်ရက်အတွင်း မင်းကို သန့်စင်မနော‌အတွင်းအားကျင့်စဉ် သင်ပေးမယ်"

ဝတ်ရုံနီ လူထူးဆန်းက စကားကိုလက်စသတ်ပေးသည်။

"သန့်စင်မနော အတွင်းအားကျင့်စဉ်" ဆိုသည်ကို ယနေ့မှ ချင်လိန်ဝေ ကြားဖူးသည်။ သို့သော် အဆင့်မြင့်ပြီး အစွမ်းထက်မြက်လှသော ထိပ်တန်းအတွင်းအားကျင့်စဉ် တစ်ခုဖြစ်ကြောင်းကိုတော့ နားလည်သည်။

သူ၏ လက်ရှိအတွင်းအားအဆင့်မှာ နှင်းတောင်သိုင်းပညာလို အဆင့်မြင့် အစွမ်းထက်သိုင်းပညာလေ့ကျင့်သင်ယူရန် အဆင်မပြေဘဲရှိနေရာ အဆင့်မြင့်အတွင်းအားကျင့်စဉ်တစ်ခု သင်ကြားခွင့်ရရှိသည့်အတွက် အတော်ဝမ်းသာသည်။ ဒိတ်အားလည်းတက်သည်။

သို့သော် သူ့လို အတွင်းအားအဆင့် နိမ့်ကျသူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် အဆင့်မြင့် အစွမ်းထက်အတွင်းအားကျင့်စဉ်ကို (၇) ရက်တည်းနှင့် ပေါက်မြောက်အောင်မြင်အောင် လေ့ကျင့်နိုင်ပါမည်လားဟု သံသယအတွေး ဝင်သည်။

"ဟိုလေ"

ချင်လိန်ဝေက (၇) ရက်သာ အချိန်ပေးသည်မှာ နည်းလွန်းကြောင်း စောဒကတက်လိုသော်လည်း နှုတ်မှစကားလုံးများ ပြော[illegible] တုံ့နှေးနေသည်။

"ခုနစ်ရက်ထက်ပိုပြီး အချိန်မပေးနိုင်ဘူး"

ချင်လိန်ဝေ စောဒကတက် ပြောကြားမည်ကို ရိပ်မိမှန်းဆမိဟန်ဖြင့် ဝတ်ရုံနီလူထူးဆန်းက ပြောသည်။

"ခုနစ်ရက်အတွင်း သန့်စင်မနော အတွင်းအားကျင့်စဉ်ကို ရအောင်သင်ယူဖို့သာ ကြိုးစားပေတော့"

ဝတ်ရုံနီလူထူးဆန်းက အပြတ်ဝင်ပြောသည်။

ချင်လိန်ဝေ စောဒက မတတ်နိုင်တော့။ ဝတ်ရုံနီ ဝတ်ရုံစိမ်းလူထူးဆန်းနှစ်ယောက် စီမံပေးမှု အစီအစဉ်ကို လက်ခံလိုက်နာရလေတော့သည်။

☆ ☆ ☆



ဝတ်ရုံနီ ဝတ်ရုံစိမ်း လူထူးဆန်းနှစ်ယောက်သည် အချိန်ကို အပြည့်အဝ တန်ဖိုးထား အသုံးချသည်။ ချင်လိန်ဝေက သူတို့ပြောသည့် အစီအစဉ်ကို လိုက်နာရန် သဘောတူလက်ခံလိုက်သည်နှင့် "သန့်စင်မနောအတွင်းအားကျင့်စဉ်" ကို စတင်သင်ကြားပြသပေးကြသည်။

ပထမဆုံး သန့်စင်မနောအတွင်းအား ကျင့်စဉ်၏ အခြေခံသဘောဇစ်မြစ်ကို ရှင်းပြကြသည်။

"သန့်စင်မနောအတွင်းအား ကျင့်စဉ်ဟာ သဘာဝအခြေအနေအတိုင်း လက်ခံပြီး လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်မှုကို အခြေခံတယ်"

"သဘာဝ အခြေအနေက ပူအိုက်မယ်ဆိုရင် ပူအိုက်တာကို ခံနိုင်ရည်ရှိအောင် လုပ်ရမယ်၊ ဆန့်ကျင်ပြီး ပြုပြင်ပြောင်းလဲဖို့ လုံးဝ မကြိုးစားရဘူး"

"စိတ်ထဲကတောင် သဘာဝအခြေအနေကို ဆန့်ကျင်အံတု

www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားရဘူး"

"စိတ်ဆန္ဒကို ဦးစားမပေးဘဲ ဖြစ်ချင်တာထက် ဖြစ်နေတာကို လက်ခံရမယ်၊ ဖြစ်သင့်တာထက် ပိုပြီး မျှော်လင့်ချက် မထားနဲ့"

"သဘာဝနဲ့ လိုက်လျောညီထွေဖြစ်သွားရင် မင်းရဲ့ မနောစိတ်ဟာ သန့်စင်လာမယ်၊ အားကောင်းလာမယ်၊ အတိုင်းမသိအောင် ထက်မြက်တဲ့ စွမ်းအားတွေ ရှိလာလိမ့်မယ်"

ဝတ်ရုံစိမ်း၊ ဝတ်ရုံနီ လူထူးဆန်း နှစ်ယောက်သည် သူတို့၏ ထူးဆန်းသော စကားပြောပုံအတိုင်း တစ်ယောက်တည်းက အစအဆုံး မပြောဘဲ တစ်ယောက်တစ်လှည့် ပြောဆိုရှင်းပြသည်။

ထို့နောက် သန့်စင်မနောအတွင်းအား ကျင့်စဉ်ကိုလည်း တစ်ယောက်တစ်လှည့်စီ သင်ကြပေးကြသည်။ တစ်ယောက်တစ်ခွန်းအလှည့်ကျ ပြောဆိုပုံမှာ ထူးခြားသော်လည်း ရှင်းလင်းပြတ်သားသည်။ အပိုစကားတွေ တစ်ခုမျှမပါ။ တိုတိုနှင့်လိုရင်းကို သိရှိနားလည်စေသည်။

ချင်လိန်ဝေသည် ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်သည့်အားလျော်စွာ ဝတ်ရုံစိမ်း၊ ဝတ်ရုံနီ လူထူးဆန်းနှစ်ယောက် တစ်လှည့်စီ တိုတိုတုတ်တုတ် ရှင်းလင်းသင်ပြပေးသော သန့်စင်မနောအတွင်း



အား ကျင့်စဉ်နည်းလမ်းများကို ခေါင်းထဲတွင် စွဲနေအောင် မှတ်မိသွားလေတော့သည်။

"ကဲ ... မင်းဘာသာမင်း လက်တွေ့လေ့ကျင့်ကြည့်ပေတော့"

"ခုနစ်ရက်အတွင်းမှာတော့ မင်း မရှင်းလင်းတာတွေရှိရင် ငါတို့ကို မေးနိုင်တယ်"

ဝတ်ရုံစိမ်းနှင့် ဝတ်ရုံနီ လူထူးဆန်းနှစ်ယောက်တို့ ထွက်သွားကြသည်။

ချင်လိန်ဝေသည် ဘာမျှ အထွေအထူး စဉ်းစားမနေတော့။ သူရောက်ရှိနေသည့်နေရာတွင်ပင် လူထူးဆန်းနှစ်ယောက် ရှင်းလင်းပြောဆိုသင်ပြသွားသော ကိုယ်နေဟန်ထားအတိုင်း ထိုင်ကာ သန့်စင်မနောအတွင်းအားကျင့်စဉ်ကို စတင်လေ့ကျင့်လေတော့သည်။

ညအတော်နက်မှ ဝတ်ရုံစိမ်းနှင့်ဝတ်ရုံနီ လူထူးဆန်း နှစ်ယောက် ရောက်ရှိလာကြကာ ချင်လိန်ဝေကို သစ်သီးဖျော်ရည်တစ်ခွက် တိုက်သည်။ အိပ်စက်ရန် နေရာထိုင်ခင်း ပေးသည်။ အိပ်မက်သောအခါတွင် လဲလျောင်းရမည့် အနေအထား၊ အသက်ရှူသွင်းရှူထုတ်ပုံ နည်းလမ်းနှင့် စိတ်အာရုံစုစည်းမှု သဘောများကိုသင်

www.burmeseclassic.com

www.burmeseclassic.com



ကြားပြသပေးသည်။

ချင်လိန်ဝေသည် ဝတ်ရုံစိမ်းနှင့်ဝတ်ရုံနီ လူထူးဆန်း နှစ်ယောက် သင်ပြသွားသည့် ကိုယ်နေဟန်ထားအတိုင်း စနစ်တကျ လဲလျောင်းပြီး အိပ်စက်သည်။ အိပ်စက်ရင်း အတွင်းအား လေ့ကျင့်သည့် သဘောမျိုးဖြစ်နေစေရန် သင်ပြပေးသွားကြောင်း နားလည်သည့်အတွက် လူထူးဆန်းနှစ်ယောက် ပြောပြသွားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်သည်။

ချင်လိန်ဝေ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားခဲ့ပါသည်။

☆ ☆ ☆



နောက်တစ်နေ့နံနက် ချင်လိန်ဝေ အိပ်ရာမှ နိုးလာသောအခါ ဘေးနားရှိ စားပွဲပုလေးပေါ်တွင် အသားဆန်ပြုတ်တစ်ပန်းကန်လုံး ရှိနေသည်ကို တွေ့ရသည်။

လူထူးဆန်းတစ်ယောက် လာချထားပေးကြောင်းတော့ သိသည်။ ဆန်ပြုတ်သည် အေးစက်စပြုနေရာ လာချပေးထားသည့်အချိန် အတန်ကြာပြီဟုလည်း ခန့်မှန်းနိုင်သည်။ ဆန်ပြုတ်လာထားသော်လည်း မိမိကို နိူးမသွားသောကြောင့် ဘာသာအိပ်ရာမှ ထစေရန်ဟု သဘောပေါက်သည်။

"ငါ သင့်ရုံပဲ အိပ်မှဖြစ်မယ်၊ မနက်စောစောထပြီး အတွင်းအား လေ့ကျင့်ရမယ်၊ ညလည်း နောက်ကျမှ အိပ်မယ်"

ချင်လိန်ဝေ၏ စိတ်ထဲမှ ဆုံးဖြတ်ချက် ချလိုက်သည်။

ဆန်ပြုတ်သောက်ပြီးသည်နှင့် သန့်စင်မနေဘဲအတွင်းအား လေ့ကျင့်သည်။ မိမိကို (၇) ရက်သာ ခွင့်ပြုချက်ပေးထားခြင်းကို စိန်ခေါ်မှု တစ်မျိုးဟု ချင်လိန်ဝေက သဘောထားကာ မိမိကလည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုသတ်မှတ်ကာလအတွင်း ထူးချွန်အောင်မြင်အောင် အစွမ်းကုန် ဝီရိယစိုက်ထုတ် ကြိုးစားမည်ဟု သန္နိဋ္ဌာန် ချသည်။

စိတ်အာရုံကို တည်ငြိမ်အောင် ပြုကာ အတွင်းအားကို စူးစိုက်လေ့ကျင့်သည်။ အာရုံစုစည်းမှုကို စိတ်က ပြင်းထန်နေရာ အာရုံကို ကြာရှည်တည်ငြိမ်အောင် စုစည်း၍ရေး၊ အာရုံပျံ့လွင့်နေသည်။ အစွမ်းကုန်ကြိုးစားကာ တည်ငြိမ်အောင် ထိန်းသိမ်းနေရသည်။

အချိန်အတော်ကြာသွားပြီး အတွင်းအား လေ့ကျင့်မှု အရှိန်အတော်လေးရလာသောအခါတွင်မှ အာရုံပျံ့လွင့်မှုမရှိလှတော့ဘဲ စိတ်မှာ အသင့်အတင့် တည်ငြိမ်လေသည်။ တစ်ချက်တစ်ချက်တွင် အာရုံပျံ့လွင့်သွားသေးသော်လည်း ချက်ချင်းပင် ထိန်းချုပ်နိုင်သည်။

ထို့နောက် အာရုံပျံ့လွင့်မှု မရှိ ပကတိ စိတ်တည်ငြိမ်စွာဖြင့် သန့်စင်မနော အတွင်းအား လေ့ကျင့်မှုကို စူးစူးစိုက်စိုက် လုပ်ဆောင်လာနိုင်သည်။ အောင်မြင်မှုလည်း ထိုက်သင့်သလောက်ရသည်။ အတွင်းအား အတန်အသင့် တိုးပွားလာသည်။ ခန္ဓာကိုယ်အတွင်း သွေးလေ လည်ပတ်မှု ချောမွေ့ညင်သာ သန့်စင်လာသည်။

စိတ်ပါလက်ပါနှင့် အာရုံစူးနစ်စွာ လေ့ကျင့်လိုက်ရာ အချိန်တွေကုန်သွားသည်ကိုပင် သတိမပြုမိတော့။ အာရုံစုစည်းထားမှု



တစ်ချက်လွတ်သွားသည်တွင် ဆာလောင်မွတ်သိပ်မှုကို ခံစားရတော့မှ အားခဲမာန်တင်းကာ အတွင်းအားလေ့ကျင့်နေမှုကို လျှော့ချသည်။

ဝန်းကျင်ကို အကဲခတ် စူးစမ်းရာ မှန်းလွဲကိုင်းပင် ရောက်နေသည်ကို သိရသည်၊ ဗိုက်ထဲကလည်း တကြုပ်ကြုပ် ဆာလောင်လျက်ရှိပြီး နှာခေါင်းမှ ထမင်းနံ့ဟင်းနံ့များ ရသည်။ အစတွင်တော့ ဆာလောင်သည့် စိတ်ကြောင့် သည်လို အနံ့ရသလိုလို ဖြစ်သည်ဟု ထင်မိသေးသည်။

သေသေချာချာဂရုပြုကြည့်တော့မှ အနံ့များ အမှန်တကယ်ရနေပြီး သူ့ဘေးနားတွင်လည်း ထမင်းနှင့်ဟင်းများ အရန်သင့် ပြင်ဆင်ချထားလျက် ရှိနေကြောင်း တွေ့ရသည်။ အလွန်ပင် ဆာလောင်နေသောကြောင့် ငေါက်ခနဲထကာ ထမင်းဟင်းများကို အားပါးတရစားသောက်လေရာ ထမင်းဟင်းအားလုံး ကုန်သွားလေတော့သည်။

ထမင်းပန်းကန် ဟင်းပန်းကန်များကို ဆေးကြောသန့်စင်ပြီးနောက် ခေတ္တ အနားယူကာ အတွင်းအား လေ့ကျင့်မှု ဆက်လက်ပြုလုပ်သည်။ ကြိုးစားပမ်းစား လေ့ကျင့်နေလိုက်ရာ ဖျတ်ခနဲ တည်ငြိမ်မှု ပျက်သွား၍ အာရုံပြု စူးစမ်းကြည့်မိမှ ညအတော် မှောင်နေကြောင်း သိရလေသည်။ သူ့ဘေးနားတွင်တော့ သစ်သီးဖျော်ရည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်ခွက် ရှိနေသည်။ ချင်လိန်ဝေက ချိုမွှေးသော သစ်သီးဖျော်ရည်ကို အားရပါးရပင် မော့သောက်ပစ်လိုက်သည်။

ထို့နောက် သန့်စင်မနောအတွင်းအား လေ့ကျင့်မှု ဆက်လက်ပြုလုပ်ရာ ညသန်းခေါင်ကျော်မှပင် အိပ်ရာဝင်လေသည်။ ပထမနေ့ လေ့ကျင့်မှု အဆင်ပြေချောမောသည့်အတွက် ချင်လိန်ဝေအားတက်သည်။ မိမိသန္နိဋ္ဌာန်ချထားသည့်အတိုင်း လုပ်နိုင်လေတော့မည်ဟုလည်း တွေးသည်။

နောက်ရက်များတွင်လည်း ဤနည်းနှင်ပင် အပတ်တကုတ်ကြိုးစားလုပ်ဆောင်ရာ ချင်လိန်ဝေ၏ အတွင်းအားအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုမြင့်မား နက်ရှိုင်းလာခဲ့လေသည်။ သန့်စင်မနောအတွင်းအား ကျင့်စဉ် လေ့ကျင့်မှုတွင် အခက်အခဲ အနည်းအကျဉ်း တွေ့ရသေးသည်။

သို့သော် ချင်လိန်ဝေသည် ဂတ်ရှုံစိမ်းနှင့်ဝတ်ရှုံနီ လူထူးဆန်းနှစ်ယောက်ကို သွားရောက်မေးမြန်းခြင်း ပြုမနေတော့။ မိမိဘာသာကြိုးစားကာ အကြံဉာဏ်ထုတ် စဉ်းစားပြီး အခက်အခဲများကို ဖြေရှင်းကျော်လွှားခဲ့လေသည်။

ဤသို့ဖြင့် သတ်မှတ်ပေးထားသော အချိန်ကာလ (၇)ရက်



စေ့ခြောက်သွားသည်။ မိုးပျံတောင်ထွဋ်မှ ထွက်ခွာရတော့မည့်အချိန်တွင် တောင်အောက်မဆင်းမီ ချင်လိန်ဝေက ဝတ်ရှုံစိမ်းနှင့်ဝတ်ရှုံနီ လူထူးဆန်း နှစ်ယောက်ကို ဦးချကန်တော့ကာ နှုတ်ဆက်ဂါရဝပြုလေသည်။

လူထူးဆန်းနှစ်ယောက်က အတွင်းဒဏ်နှင့်အဆိပ်သင့်ဒဏ်များ ကုသပျောက်ကင်းစေနိုင်သော 'ဇီဝဝိညာဉ်' ဆေးလုံး (၃) လုံးထည့်ထားသော လက်မခန့်ရှိ ကျောက်စိမ်းပုလင်းငယ်လေးကို ချင်လိန်ဝေအား လက်ဆောင်အဖြစ် ချီးမြှင့်သည်။

"မင်းဟာ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပြီး ဝိရိယကောင်းတယ်"

"ဒါပေမဲ့ မာနစိတ်လေး ရှိနေတာကတော့ မကောင်းဘူး"

"မာနစိတ် ပပျောက်အောင် ကြိုးစားပါ"

"မင်း သိုင်းလူချွန်သူရဲကောင်းတစ်ယောက် ဖြစ်နိုင်တယ်"

ဝတ်ရှုံစိမ်းနှင့်ဝတ်ရှုံနီ လူထူးဆန်းနှစ်ယောက်တို့သည် သူတို့၏ ထုံးစံအတိုင်း တစ်ယောက်တစ်ခွန်းစီ အလှည့်ကျ စကားပြော၍ နောက်ဆုံး မှာကြားဆုံးမသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



မိုးပျံတောင်ထွဋ်မှ ထွက်ခွာလာခဲ့သော ချင်လိန်ဝေသည် တောင်အောက်သို့ တစ်ခါတည်း မဆင်းပေ။ သန့်စင်မနော‌အတွင်းအား ကျင့်စဉ် လေ့ကျင့်ခဲ့ပြီး အတွင်းအားများကို တိုးပွားနက်ရှိုင်းလာသည့်အတွက် နှင်းတောင်ယောဂီများ အမွေပေးခဲ့သော နှင်းတောင်သိုင်းကျမ်းထဲမှ သိုင်းပညာများကို စတင်လေ့ကျင့်လိုစိတ် ပြင်းပြထက်သန်နေရာ သိုင်းလေ့ကျင့်ရန် နေရာလိုက်ရှာသည်။

အစကတော့ မိုးပျံတောင်ထွဋ်ပေါ်တွင်ပင် ရက်အနည်းငယ် ထပ်မံနေထိုင်ခွင့် တောင်းကာ နှင်းတောင်သိုင်းကျမ်းကို ဖတ်ရှုလေ့ကျင့်ဖို့ စိတ်ကူးရှိသည်။ သိုင်းကျမ်းထဲမှ မရှင်းလင်းသည်များရှိပါကလည်း ဝတ်ရုံစိမ်းနှင့် ဝတ်ရုံနီတို့ကို မေးမြန်းနိုင်ပေလိမ့်မည်။

သို့သော် ထိုလူထူးဆန်းနှစ်ယောက်က နှင်းတောင်သိုင်းကျမ်းအကြောင်း ဘာမျှ စကားမစသည့်အပြင် မိုးပျံတောင်ထွဋ်ပေါ်တွင် (၇) ရက်သာ နေထိုင်ခွင့်ပြုခဲ့သည့်အတွက် အခွင့်အရေး ထပ်မတောင်းတော့ဘဲ ထွက်ခွာလာခဲ့သည်။



အားအော်ထိုက်စန်းတောင်တန်းကြီး၏ တောင်စွယ် တောင်ကြောများတွင် လျှိုမြောင်များ သဘာဝကျောက်ဂူများ ပေါများနေပေရာ ချင်လိန်ဝေသည် သဘာဝ စမ်းရေပေါက်တစ်ခုအနီးရှိ ဂူ တစ်ခုကို ခေတ္တစခန်းချ သိုင်းလေ့ကျင့်ရန်နေရာအဖြစ် ရွေးချယ်လိုက်သည်။

အရင်ဆုံး (၃) ရက်စာ စားနပ်ရိက္ခာများ စုဆောင်းသည်။ ထို့နောက် နှင်းတောင်သိုင်းကျမ်းကို ဖတ်ရှုကာ သိုင်းလေ့ကျင့်မှု စတင်ပြုလုပ်သည်။

(၃) ရက်လုံးလုံး ဂူအောင်း၍ အပြင်းအထန် ကြိုးစား လေ့ကျင့်လိုက်ရာ နှင်းတောင်သိုင်းပညာ၏ ပထမအဆင့်ဖြစ်သော 'နှင်းငွေ့လှိုင်း' သိုင်းကွက်များကို ကျွမ်းကျင်ပိုင်နိုင်သွားသည်။ ဒုတိယအဆင့်ဖြစ်သော 'နှင်းလေပွေ ဓားသိုင်းကွက်' (၁၈) ကွက်ကိုလည်း (၁၀) ကွက်မျှ အတော်အသင့် တတ်ကျွမ်းသွားသည်။

နှင်းတောင်သိုင်းပညာ၏ တတိယအဆင့်ဖြစ်သော 'နှင်းမုန်တိုင်း' သိုင်းကွက်များကိုတော့ သဘောပေါက် နားလည်ခြင်း မရှိပေ။ အစက (၃) ရက်သာ နေထိုင်လေ့ကျင့်မည်ဟု စိတ်ကူးထားသော်လည်း သိုင်းလေ့ကျင့်ရတာ အဆင်ပြေပြီး တိုးတက်မှုလည်း မြန်ဆန်သောကြောင့် ထိုဂူတွင် ဆက်လက်နေထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သန့်စင်မနော' အတွင်းအားကျင့်စဉ်နှင့် နှင်းတောင်သိုင်းပညာများကို ဆက်လက်လေ့ကျင့်ရာ စုစုပေါင်း (၇) ရက်တိတိ ကြာသွားသည်။ သိုင်းလေ့ကျင့်မှုလည်း အောင်မြင်သင့်သလောက် အောင်မြင်သည်။

ထိုကျောက်ဂူတွင် နေထိုင်၍ သိုင်းလေ့ကျင့်မှု ပြုလုပ်ခဲ့ရာ (၇) ရက်ပြည့်မြောက်သောအခါ ရှေ့ဘာဆက်လုပ်သင့်သည်ကို ချင်လိန်ဝေ စဉ်းစားသည်။ ထိုလှိုဏ်ဂူသည် လူသူအရောက်အပေါက် အသွားအလာ မရှိဘဲ အေးချမ်းဆိတ်ငြိမ်ရာ အာရုံစူးစိုက်မှု ကောင်းနိုင်သည်။ စိတ်ပျံ့လွင့်စေမည့် အနှောင့်အယှက်တွေလည်း မရှိသလောက်ကို နည်းပါးသည်။

ဂူအနီးတွင် စမ်းရေပေါက်နေရာရှိရာ သောက်သုံးရေအတွက် ပူစရာမလို။ အစားအသောက်များ သိပ်မပေါများသော်လည်း ကြိုးစားရှာဖွေ၍ ခြိုးခြံစားသောက်မည်ဆိုလျှင် အသက်ရှင်ရေးအတွက် လောက်ငနိုင်သည်။

သည်ဂူတွင်ပင် အခြေချနေထိုင်ကာ သန့်စင်မနော အတွင်းအားကျင့်စဉ်နှင့် နှင်းတောင်သိုင်းပညာများကို ဖိဖိစီးစီး လေ့ကျင့်လျှင် တိုးတက်မှု မြန်ဆန်မည်ဟု တွေးမိသည်။



သို့သော် ရှမ်းယန်မြို့ လရောင်ရိပ်စားသောက်ဆိုင်တွင် ဆုံတွေ့မိခဲ့ရသော ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်အကြောင်း စဉ်းစားမိတော့ ချင်လိန်ဝေ စိတ်ကူးတစ်မျိုး ပြောင်းသည်။

ဆုံတွေ့ခဲ့ရသည့် အချိန်ကာလ တိုတောင်းသော်လည်း ဝန်ကျောက်ဖုန်ကို မိမိ၏ မိတ်ဆွေရင်းချာတစ်ယောက်ဟု ချင်လိန်ဝေ သတ်မှတ်သည်။ ဝန်ကျောက်ဖုန်အပေါ် ထူးထူးခြားခြားပင် ခင်မင်သံယောဇဉ်တွယ်နေသည်။

ချင်လိန်ဝေ နောက်ဆုံးသိခဲ့ရသော အခြေအနေမှာ ဝန်ကျောက်ဖုန်သည် မရဏဂိုဏ်း၏ နောက်ဆုံးမျိုးဆက် ရှလုံနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ပြီး မရဏာဓားလည်း ပေါ်ထွက်လာလျက် မရဏဂိုဏ်း အင်ကြီးအားကြီးနှင့် ပြန်လည်ပေါ်ထွန်းလာမည့် အလားအလာတွေ ရှိနေသည်။

ရှလုံနှင့် တစ်ကြော့ပြန် ပေါ်ထွန်းအင်အားကောင်းလာသော မရဏဂိုဏ်းသည် ဝန်ကျောက်ဖုန်နှင့် ဓားစကြာဂေဟာကို အလွတ်ပေးမည်မဟုတ် အငြိုးကြီးကြီးနှင့် ရန်မူတိုက်ခိုက်မှာ သေချာသည်။

"အခုလောက်ဆိုရင် ဝန်ကျောက်ဖုန်နဲ့ ဓားစကြာဂေဟာ

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်စက်ကွင်းထဲရောက် အကျဉ်းအကြပ် ဖြစ်နေလောက်ပြီ၊ ငါက ဒီမှာ ဘေးထွက်နေလို့ မကောင်းဘူး၊ ငါ့မိတ်ဆွေရောင်းရင်း ဝန်ကျောက်ဖုန်ကို အကူအညီပေးရမယ်၊ သိုင်းလောကရဲ့ အန္တရာယ်ရန်စွယ်ဖြစ်တဲ့ မရဏဂိုဏ်းကို ထိန်းချုပ်ချေမှုန်းတဲ့နေရာမှာ ပါဝင်ရမယ်”

ဤသို့ တွေးတောဆင်ခြင်မိတော့ ချင်လိန်ဝေသည် တောင်အောက်သို့ ဆင်းလာခဲ့သည်။ တောင်ခြေသစ်ခုတ်စခန်းတွင် အပ်ထားခဲ့သော မြင်းကို ပြန်ယူကာ ပြန်လည်ထွက်ခွာလာခဲ့လေတော့သည်။

☆ ☆ ☆



နေဝင်စပြုပြီ။

မကြာမီ မိုးချုပ်လာတော့မည်။ မိုးမချုပ်မီ ညအိပ်ရန် သင့်လျော်သည့်နေရာတစ်ခုခုကို ရှာဖွေဖို့ လိုလာသည်။

ယခု ချင်လိန်ဝေ ရောက်ရှိနေသည်မှာ မြောက်ဘက်နယ်ခြားဒေသ၏ တောင်ဘက်ပိုင်းရှိ တောင်ကြားမြေပြန့်လွင်ပြင်တစ်ခု ဖြစ်သည်။ မြေပြန့်လွင်ပြင် ဖြစ်သော်လည်း လူနေကျဲပါးသည်။ ကျယ်ပြောသော မြက်ခင်းပြင်များသာ ကြီးစိုးသည်။ လယ်ယာ စိုက်ခင်းများ မတွေ့ရ။

လူနေရပ်ရွာလည်းမရှိသည့်အတွက် ချင်လိန်ဝေမှာ မြက်ခင်းလွင်ပြင်၏ သင့်လျော်ရာနေရာတွင် ဖြစ်သလို ညအိပ်စခန်းချခဲ့ရသည်မှာ နှစ်ညသုံးည ရှိနေခဲ့ပေပြီ။ သည်နေ့လယ် လူနေရပ်ရွာတစ်ခုခု မတွေ့ရလျှင် သုံးရက်မြောက်အဖြစ် မြက်ခင်းပြင်တစ်နေရာရာတွင် ညအိပ်စခန်းချရပေလိမ့်မည်။

ထိုအချိန်မှာပင် အဝေးဆီမှ ဖုန်များထလာသည်ကို မြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ မြင်းခွာသံများ ကြားရပြီး မြင်းနှစ်စီး အပြင်းစိုင်းနှင်လာသည်ကို မြင်ရသည်။ မြင်းစီးသမားများကို တွေ့ရသည်မို့ ရှေ့တူရူတွင် လူနေရပ်ရွာတစ်ခုခု ရှိမည်ဟု ခန့်မှန်းမိသည်။

ထို့နောက် အပြင်းစိုင်းနှင်လာသော မြင်းစီးသမား နှစ်ယောက် ချင်လိန်ဝေကို ဖြတ်ကျော်သွားကြသည်။ ချင်လိန်ဝေကလည်း မြင်းကို အသားကျ ဆက်စီးလာခဲ့သည်။

သို့သော် သူ့ကို ဖြတ်ကျော်သွားကြသော မြင်းစီးသမားနှစ်ယောက်သည် စီးမြင်းများကို ဇက်ဆွဲကာ ပြန်လှည့်လျက် ချင်လိန်ဝေ နောက်သို့ လိုက်လာကြသည်။

"ဟိတ် ... ရပ်လိုက်စမ်း"

မြင်းစီးသမား တစ်ယောက်က ခပ်ဝေါက်ဝေါက် လှမ်းအော်သည်။ သူတို့လမ်း သူတို့သွားကာ မိမိက မိမိလမ်းကို သွား၍ ဘာမျှဆက်ဆိုင်ပတ်သက်ခြင်း မရှိပါဘဲ ရပ်ရန် လှမ်းအော်သောကြောင့် ချင်လိန်ဝေ စိတ်ထဲတွင် အတော်ပင် မခံချင်ဖြစ်သည်။ သို့သော် အကျိုးအကြောင်း သေသေချာချာ သိလိုသောကြောင့် မြင်းကို ဇက်ဆွဲကာ ရပ်တန့်လိုက်သည်။

သူ့အနားသို့ ရောက်လာသော မြင်းစီးသမားနှစ်ယောက်ကို



တစ်ချက်အကဲခတ်ကြည့်သည်။ သက်လတ်ပိုင်းအရွယ် သိုင်းသမားများ ဖြစ်ကြသည်။ ဝံပုလွေသားရေဝတ်စုံများ ဝတ်ကာ ဓားရှည်ကိုယ်စီလွယ်ထားကြသည်။ တစ်ယောက်က အရပ်မြင့်မြင့်၊ တစ်ယောက်က ခပ်ပုပု။

"ကောင်လေး ... ဘယ်သွားမလို့လဲ"

အရပ်မြင့်မြင့်လူက မေးသည်။ အပြစ်ရှိသူ တရားခံကို စစ်မေးသလိုမျိုး မေးလာသည့်အတွက် ချင်လိန်ဝေ မခံချင်စိတ် ထောင်းခနဲ ထလာသည်။ သို့သော် ခရီးသွားရင်း ပြဿနာမဖြစ်လိုသောကြောင့် စိတ်ကိုထိန်းလျက် ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောသည်။

"နောင်ကြီးတို့က မြင်းစိုင်းနှင်လာကြတယ်ဆိုတော့ ရှေ့ဘက်မှာ လူနေရပ်ရွာရှိမယ်လို့ တွေးမိပါတယ်၊ လူနေရပ်ရွာရှိရင် တစ်ညတည်းခို အိပ်စက်ချင်လို့ အဲဒီရွာကို သွားတာပါ"

"လူနေအိမ်ခြေတော့ ရှိတယ်၊ ဒါပေမဲ့ မင်းလို ပေါက်လွတ်ပဲစား ဝေလေလေအတွက်တော့ တည်းခိုစရာနေရာရမှာမဟုတ်ဘူး၊ ခင်းက တွေ့ရာနေရာမှာ အိပ်နေတဲ့ကောင်ပဲ၊ ကြီးကြီးကျယ်ကျယ် လုပ်ပြီး တည်းခိုစရာ နေရာတွေ ဘာတွေ ရှာနေရလား၊ တော်ရော

www.burmeseclassic.com

www.burmeseclassic.com



လူပါးဝတဲ့ကောင်"

မိမိက ရည်ရည်မွန်မွန် ပြောနေပါလျက် မောက်မာစော်ကားသော စကားများကိုသာ ပြောနေသော အရပ်မြင့်မြင့်လူကို မကျေနပ်သော်လည်း ချင်လိန်ဝေက စိတ်ထိန်းလိုက်သည်။ ဘာမျှ ပြန်မပြော။

"ဘာလဲ ... မကျေနပ်ဘူးလား၊ မင်းက ဘာလုပ်ချင်လို့လဲ၊ ဘာဖြစ်ချင်လို့လဲ"

ခပ်ပုပုလူက ဝင်ကာ ရန်စကားဆိုလာသည်။

"ဘာမှ မဖြစ်ချင်ပါဘူးဗျာ"

ချင်လိန်ဝေက အသာရှောင်ထွက်သွားရန် ဟန်ပြင်သည်။ မြင်းဇက်ကြိုးကို ဆတ်လိုက်သည်။

"အောင်မယ် ... ဒီလိုထွက်သွားလို့ရမှာလား"

ရန်လိုချင်နေသော အရပ်မြင့်မြင့် လူက ပြောပြောဆိုဆို ချင်လိန်ဝေကို ညာလက်ဝါးနှင့် ဆတ်ခနဲ လှမ်းရိုက်သည်။ ချင်လိန်ဝေက ထိုသူ၏ ညာလက်ကောက်ဝတ်ကို မိမိရရ ဖမ်းဆုတ်ကာ ဆွဲကိုင်ပစ်ထုတ်သည်။

အရပ်မြင့်မြင့်လူမှာ လေထဲလွင့်ပျံထွက်ကာ မြေကြီးပေါ်



ဘိုင်းခနဲ ကျသည်။ အရပ်ပုပုလူက နောက်ကျောတွင် လွယ်ထားသော ဓားလွယ်ထဲမှ ဓားရှည်ကို ဆွဲထုတ်သည်။ မြေကြီးပေါ် ကျသွားသော အရပ်မြင့်မြင့်လူလည်း ထလာကာ ဓားရှည်ကိုင်စွဲသည်။

ချင်လိန်ဝေသည် သိုင်းပညာတတ်မှန်းသိ၍ ဝိုင်းညှပ်တိုက်ခိုက်ရန် လက်နက်ကိုယ်စီ ထုတ်ယူကိုင်စွဲလိုက်ကြခြင်း ဖြစ်သည်။ ချင်လိန်ဝေသည် ထိုလူနှစ်ယောက်ကို အမြင်ကတ်နေသော်လည်း ခရီးသွားရင်း တိုက်ခိုက်မှု မပြုလိုသောကြောင့် မြင်းကိုခြေတို့ကာ စိုင်း နှင်ထွက်လာခဲ့သည်။

ဝံပုလွေသားရေဝတ်စုံများ ဝတ်ထားသော လူနှစ်ယောက်မှာ မကျေမချမ်း ရေရွတ်ဆဲဆိုရင်း ကျန်ခဲ့သည်။ ထိုအချိန်မှာပင် မြင်းခွာသံ တဖြောင်းဖြောင်း ကြားရပြီး မိန်းမပျိုတစ်ယောက် လှပခန့်ချောသော မြင်းဖြူကြီးတစ်ကောင်ကို အပြင်းစိုင်းနှင်လာသည်။ ကိုယ့်လမ်းကိုယ်သွားတော့မည်ဟု စိတ်ကူးထားသော ချင်လိန်ဝေသည် မိန်းမပျိုကို တစ်ချက်သာ လှမ်းကြည့်၍ မြင်းကို ဆက်လက်စိုင်းနှင်ထွက်သွားသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ခရီးအတန်ပေါက်သွားသောအခါ နောက်ဘက်ဆီမှ မြင်းခွာသံကြားရ၍ ချင်လိမ်ဝေ လည်ပြန်လှည့်ကြည့်သည်။ စောစောက လှမ်းမြင်ခဲ့ရသော မိန်းမပျိုသည် မြင်းဖြူကြီးကို အပြင်းစိုင်းနှင်၍ မိမိနောက်သို့ လိုက်လာသည်ကို တွေ့ရသည်။

မြင်းဖြူကြီးသည် တာကယ့်မြင်းကောင်းမြင်းသန့်ဖြစ်ကာ အပြေးမြန်လှသည်။ မိမိ၏စီးမြင်းထက် ပိုကောင်းပိုမြန်ကြောင်း ချင်လိမ်ဝေ အကဲခတ်မိသည်။ ခြေချင်းကွာလှသောကြောင့် မိမိ၏ စီးမြင်းမှာ ထိုမြင်းဖြူကြီး လိုက်မမီအောင် ပြေးနိုင်စွမ်းမရှိကြောင်း နားလည်သည့်အတွက် ချင်လိမ်ဝေသည် မြင်းဇက်ကိုဆွဲကာ ရပ်လိုက်သည်။

မြင်းဖြူကြီးကိုစီးထားသော မိန်းမပျို မိမိနောက်သို့ ဘာကြောင့် အမီလိုက်လာရကြောင်းကိုလည်း ချင်လိမ်ဝေ သိချင်နေပေသည်။

အပြေးတောင်းလှ မြန်လှသော မြင်းဖြူကြီးသည် တစ်ခဏအတွင်းမှာပင် ချင်လိမ်ဝေရှိရာသို့ ရောက်လာသည်။



"ရှင်က ဘာကြောင့် ဒီလောက် မြင်းကို အမြန်စီးပြီး ထွက်သွားရတာလဲ၊ ရှင်နဲ့ စောစောက ဆိုခဲ့ကြတဲ့ လူနှစ်ယောက်ကတော့ တဈေသီနောင်ရဲ့ နောက်လိုက်တပည့်တွေပဲ၊ ကျွန်မနဲ့ ဘာမှ မပတ်သက်ဘူး၊ သူတို့ကို ရှင်းပစ်လိုက်တဲ့အတွက် ရှင့်ကို ကျွန်မ ဘာမှ ရန်မလုပ်ပါဘူးရှင့်"

မိန်းမပျိုက ရယ်ရယ်မောမောပင် ပြောသည်။

မိန်းမပျိုသည် အဝါရောင်ပိုးသားဝတ်စုံကို ဝတ်ထားသည်။ ဆံပင်ကို ပုံစံတစ်မျိုးဖြင့် ထုံးဖွဲ့ကာ အနီရောင်ဖဲပဝါ စည်းပတ်ထားသည်။ မျက်နှာတွင် သားရေမျက်နှာဖုံး စွပ်ထားသည်။

မျက်နှာကို မမြင်ရ၊ မြင်နေရသမျှကတော့ အသက် (၂၀) သာသာ ဖြစ်ကာ မွန်ရည်ချောမောမည့်အသွင် ရှိသည်။

"ရှင်က ကျွန်မ အရမ်း အဲ ... ခင်မင်တဲ့လူတစ်ယောက်နဲ့ တော်တော်တူတယ်၊ ဒါကြောင့် ကျွန်မ ရှင်နဲ့ မိတ်ဆွေဖွဲ့ချင်တယ်၊ ရှင့်နာမည် ဘယ်လိုခေါ်လဲ"

မိန်းမပျိုက မိတ်ဆက်မေးမြန်းသည်။

"ကျွန်တော့်နာမည် ချင်လိမ်ဝေ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကြည့်ရတာ မြောက်ပိုင်းဒေသသား ဟုတ်ပုံမရဘူး ... ဘယ်နယ်ကလဲ"

"တောင်ပိုင်းဒေသ တာ့လီနယ်ကပါ။ မိန်းကလေးရဲ့ နာမည်ရော မသိရဘူးလား"

"သိရပါတယ် ... ရေခဲမြစ်တစ္ဆေမယ် ကုတုချင်းလို့ ခေါ်တယ်"

"ဟင် ... မိန်းမချောလေးတစ်ယောက်ဖြစ်ပြီး ဘာကြောင့် တစ္ဆေမယ်လို့ တင်စားနာမည်ပေးထားရတာလဲ"

"ရှင်က ကျွန်မမျက်နှာကို မမြင်ဖူးဘဲနဲ့ ဘာကြောင့် ချောတယ်လို့ ပြောရတာလဲ၊ ကျွန်မက မချောဘူး။ ပြီးတော့ မိန်းကလေးဖြစ်ပေမယ့် ဓားတစ်လက်၊ လေးမြားတစ်စုံ၊ မြင်းတစ်စီးနဲ့ စိတ်ထင်ရာ လျှောက်သွားနေတာ၊ ဟော့ဟော့ရမ်းရမ်းလည်း လုပ်တတ်တယ်၊ ရေခဲမြစ်တစ္ဆေမယ်ဆိုတဲ့ တင်စားနာမည်နဲ့ လိုက်ဖက်ပါတယ်၊ ဒါနဲ့ အခု ရှင် ဘယ်သွားမယ် စိတ်ကူးလဲ"

"ဒီအနီးအနားမှာ လူနေရပ်ကွက် ရှိပုံရတယ်၊ အဲဒီကို ရောက်အောင် သွားပြီး တစ်ညအိပ် ရပ်နားမလို့လေ"

"ဒီကနေ မိုင်ဝက်ကျော်ကျော်လောက်မှာ လူနေအိမ်ခြေတော့ ရှိပါတယ်၊ ဒါပေမဲ့ ရှင့်အတွက် ညအိပ်တည်းခိုစရာတော့ နေရာရှိနေမှာမဟုတ်ဘူး"



"ဟင် ... ဘာဖြစ်လို့လဲ"

"အဲဒီ လူနေအိမ်ခြေဆိုတာက စောစောက ရှင်နဲ့စကားများခဲ့ကြတဲ့လူတွေရဲ့ တစ္ဆေဓားဂိုဏ်းခြံဝင်းရှင့်၊ ညအိပ်တည်းခိုဖို့ နေနေသာသာ ခြံဝင်းနားကိုတောင် ကပ်လို့ရမှာမဟုတ်ဘူး"

အေးအေးလူလူ ညအိပ်နားနေနိုင်ရေး အဆင်မပြေသည့်အတွက် ချင်လိန်ဝေ စိတ်ပျက်သလိုဖြစ်ကာ သက်ပြင်းတစ်ချက် ကြိတ်ချလိုက်မိသည်။

"စိတ်ပျက်မသွားပါနဲ့လေ၊ တစ်ညအိပ် ရပ်နားဖို့တော့ ကျွန်မနဲ့ ရေကြည်ဥယျာဉ်လိုဏ်ဂူကို လိုက်တည်းခိုနိုင်ပါတယ်ရှင်၊ ကျွန်မက ဖိတ်ခေါ်ပါတယ်"

မိန်းမပျိုတစ်ယောက်၏ ဖိတ်ခေါ်မှုကို လက်ခံကာ ညအိပ်တည်းခိုနေထိုင်ရန် လိုက်သွားဖို့ သင့်လျော်ပါမည်လားဟု ချင်လိန်ဝေ ချင့်ချိန်စဉ်းစားနေရာ ရုတ်တရက် အဖြေပြန်မပေးနိုင်ဘဲ ရှိနေသည်။

"ဟောဒီ မြောက်ပိုင်းဒေသမှာက ဒီလိုပဲ သွားလာနေထိုင်နေကြတာ ထုံးစံပဲ၊ ကျွန်မနေရာမှာ တစ်ညအိပ် တည်းခိုဖို့ ဘာ

www.burmeseclassic.com

www.burmeseclassic.com



အားနာမနေနဲ့ ... လိုက်မှာသာ လိုက်ခဲ့ပါ”

ရေခဲမြစ်တစ္ဆေ မယ်ကုတုချင်းက ပြောသည်။

“အဲဒီ ရေကြည်ဥယျာဉ်လိုဏ်ဂူဆိုတာက ဘယ်မှာလဲ”

ချင်လိန်ဝေက မေးလိုက်မိသည်။

“သိပ်မဝေးပါဘူး ... ကျွန်မလမ်းပြခေါ်သွားပါ့မယ်၊ အဲဒီနေရာက အရမ်းသာယာ အေးချမ်းတာ၊ ရှင် သဘောကျမှာ အမှန်ပဲ၊ ကဲ ... လာ”

ကုတုချင်းက မြင်းဖြူကြီးကို ခြေတို့ကာ ရှေ့မှ ထွက်သွားရာ ချင်လိန်ဝေလည်း နောက်မှ အလိုက်သင့်လိုက်ပါသွားရလေတော့သည်။

ချင်လိန်ဝေအနေဖြင့် ရေခဲမြစ် တစ္ဆေမယ်ကုတုချင်းနှင့် ပတ်သက်၍ တကယ်ပင် နားလည်ရခက်နေသည်။ ယခုမှ လမ်းခရီးတွင် တွေ့ရသော မိမိကို မိတ်ဆွေဖွဲ့ကာ ညအိပ်စခန်းချရန်ပင် ဖိတ်ခေါ်လာသည်မှာ မိန်းကလေးတစ်ယောက်အနေဖြင့် ရဲတင်းပွင့်လင်းလွန်းရာရောက်သလိုရှိလှသည်ဟုတော့ တွေးသည်။

မည်သို့ဆိုစေ ကုတုချင်း၏ ပြောဆိုပြုမူပုံများသည် ပကတိရိုးသားဖြူစင်ကာ ဟန်ဆောင်မှုကင်းသူကိုတော့ ချင်လိန်ဝေရင်ထဲမှ



ခံစားယုံကြည်နေသည်။ မိမိနှင့် မိတ်ဆွေဖွဲ့သည်မှာလည်း တကယ်ပင် ခင်မင်ရင်းနှီးလိုသော စိတ်ရင်းစေတနာကောင်းနှင့် ဖြစ်သည်ဟု စိတ်ချသည်။

သိကျွမ်းသည့်အချိန် အလွန်တိုတောင်းကာ ခင်မင်ရင်းနှီးသည့် မိတ်ဆွေများအဖြစ် ကျွမ်းဝင်ရင်းနှီးသွားသည်ကတော့ အမှန်ပင် ထူးခြားနေသည်။ သည်လို ခင်မင်စေသည့်အကြောင်းရင်းတစ်ခုတော့ ရှိရမည်ဟု စဉ်းစားသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



"ရေကြည် ဥယျာဉ်လှိုဏ်ဂူကို ဘယ်တော့လောက် ရောက်မှာလဲ"

နေဝင်ကာ မှောင်ရိပ်သန်းစပြုလာသောကြောင့် ချင်လိန်ဝေ မေးလိုက်သည်။

"ရောက်ပါတော့မယ်"

ကုတုချင်းက ပြောသည်။ ထို့နောက် ခဏအကြာတွင်…

"ဟော . . . ရောက်ပါပြီ၊ အဲဒါ ရေကြည်ဥယျာဉ်လှိုဏ်ဂူပဲ"

သူတို့နှစ်ယောက် ဂူပေါက်ဝတစ်ခုသို့ ရောက်လာကြသည်။

ရေကြည်ဥယျာဉ်လှိုဏ်ဂူသည် အပေါက်ကို ကြီးမား ကျယ်ဝန်းသည်။ နှစ်ယောက်သား မြင်းပေါ်မှ ဆင်းရန်ပင်မလိုဘဲ မြင်းကိုယ်စီစီး၍ ဂူထဲဝင်သွားကြသည်။ ဂူထဲရောက်သည်နှင့် ကုတုချင်းက မီးစာတောင့်တစ်ခုကို ထုတ်ကာ ထွန်းညှိလိုက်ရာ လင်းထိန်သွားပြီး ကောင်းစွာ မြင်နိုင်တွေ့နိုင်သည်။

လိုဏ်ဂူထဲတွင် ကြည်လင်သော ရေ[illegible]ငယ်လေးတစ်ခု



သည် ရေအိုင်ငယ်၏ ပတ်လည်တွင် ပန်းခင်းများ ရှိသည်။ ပန်းခင်းများကြားတွင် ထိုင်အိပ်နိုင်သော ကျောက်ဖြာလိုလို ကျောက်ခုတင်လိုလို ကျောက်တုံးပြား သုံးလေးခု ရှိသည်။

လေကလည်း အေးမြလတ်ဆတ် သန့်ရှင်းသည်။ ဆွတ်ပျံ့ဖွယ်ရာ တင့်တယ်လှပသည့် နေရာလေးတစ်ခု ဖြစ်ကြောင်း ချင်လိန်ဝေ ဝန်ခံရသည်။ သူ၏ စိတ်လည်း လန်းဆန်းအေးငြိမ့်လာသည်။

"ဘယ်လိုလဲ ... ကျွန်မရဲ့ ရေကြည်ဥယျာဉ်လှိုဏ်ဂူကို ရှင်သဘောကျရဲ့လား"

"အင်း ... သဘောကျတယ်၊ ဒီနေရာက အေးချမ်းပြီး သာယာတယ်"

ကုတုချင်က မေး၍ ချင်လိန်ဝေက ပြန်အဖြေပေးလိုက်သည်။ နှစ်ယောက်သား မြင်းများပေါ်မှ ဆင်းကာ ရေအိုင်ငယ်လေးရှိရာသို့ အတူလျှောက်လှမ်းသွားကြသည်။ ရေအိုင်ငယ်လေးဘေးနားသို့ အရောက်တွင် ရေခဲမြစ်တစ္ဆေမယ် ကုတုချင်းက သူမ၏ မျက်နှာတွင် စွပ်ထားသည့် မျက်နှာဖုံးကို ချွတ်ခွာသည်။

မျက်နှာဖုံး ချွတ်လိုက်၍ အပြည့်အဝ ပေါ်လွင်လာသော ကုတုချင်း၏မျက်နှာလေးမှာ လှပချောမောသည်။ မျက်တောင်ကော

www.burmeseclassic.com

www.burmeseclassic.com



ကော့၊ မျက်လုံးကြည်ကြည်၊ နှုတ်ခမ်းပေါ်ပေါ်နှင့် တကယ့်မိန်းမချော မိန်းမလှတစ်ယောက် ဖြစ်သည်။

ချင်လိန်ဝေသည် ကုတုချင်း၏ လှပသော မျက်နှာလေးကို ငေးမောရှုပင် မိန်းမိန်းမှုးမှုး ကြည့်မိသည်။ နောက်မှ မသင့်လျော်ကြောင်း သတိရကာ မိမိ၏အကြည့်ကို ထိန်းသိမ်းလွှဲဖယ်သည်။

"ဒီနေရာကို ကျွန်မရယ်, လူတစ်ယောက်ရယ်ပဲ ရောက်ဖူးတယ်၊ အခု ရှင်က တတိယမြောက် ရောက်ဖူးတဲ့လူပဲ"

ကုတုချင်းက ခပ်တိုးတိုးပြောကာ ရေအိုင်လေး၏ ဘေးနားရှိ ကျောက်တုံးတစ်ခုပေါ်တွင် အသာထိုင်ချသည်၊ မိန်းကလေး၏စကားသံသည် ဆွေးရိပ်သန်း၍ နေသည်။ သူနှင့်ဆုံတွေ့ခဲ့သည်မှစ၍ သွက်လက်ချက်ချာကာ ရဲတင်းပွင့်လင်းလှသော ကုတုချင်း၏ အသွင်အပြင်မှာလည်း ငေးငေးငိုင်ငိုင် ဖြစ်သွားသည်ကို ချင်လိန်ဝေ သတိပြုမိသည်။

သည်နေရာနှင့်ပတ်သက်၍ ကုတုချင်းတွင် ကြေကွဲဝမ်းနည်းစရာ အကြောင်းတစ်ခုခု ရှိလိမ့်မည်ဟုလည်း ချင်လိန်ဝေ အကဲခတ်မိသည်။ ထိုသို့ စိတ်ထိခိုက် တမ်းတဖွယ်ရာကိစ္စသည် သူမနှင့်အတူ သည်ရေကြည်ဥယျာဉ်လိုဏ်ဂူသို့ ရောက်ဖူးခဲ့သူနှင့် ဆက်နွယ်



ပတ်သက်နေလေရောသလားဟုလည်း မှန်းဆကြည့်မိသည်။

ယခုအချိန်တွင် ကုတုချင်းကို အနှောင့်အယှက်မပေးဘဲ စိတ်ကြိုက် လွတ်လွတ်လပ်လပ် တွေးချင်ရာတွေးနိုင်အောင် ထားလိုက်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု စဉ်းစားမိသောကြောင့် ချင်လိန်ဝေ ရေအိုင်အစပ်တွင် မထိုင်တော့ဘဲ လိုဏ်ဂူဝဘက်သို့ ပြန်လျှောက်လှမ်းလာခဲ့သည်။

လိုဏ်ဂူဝနားတွင်သာ ထိုင်နေရန် မူလက စိတ်ကူးခဲ့သော်လည်း သည်အတိုင်း ငုတ်တုတ်ကြီးထိုင်နေသည်ထက် လှိုဏ်ဂူအနီးဝန်းကျင်ကို လှည့်လည်ကြည့်ရှုသည်က ပိုကောင်းမည်ဟု အတွေးပေါက်ကာ ဂူပြင်သို့ ထွက်သည်။

လှိုဏ်ဂူဝ၏ အနီးဝန်းကျင်တွင် အသာလျှောက်လှမ်းသွားနေသော ချင်လိန်ဝေထံသို့ မြင်းစီးသမားတစ်ယောက် ရောက်လာသည်။ ထိုသူကို ချင်လိန်ဝေ တစ်ခါမျှ မမြင်ဖူးပေ။ ဝံပုလွေသားရေဝတ်စုံဝတ်ထားသောကြောင့် သူနှင့် မကြာသေးခင်က ဆုံမိသော လူနှစ်ယောက်နှင့် တစ်ဂိုဏ်းတည်းသား ဖြစ်မည်ဟုတော့ သိလိုက်သည်။

"မင်းက ဘယ်သူလဲ၊ ကျုပ်ရဲ့ တပည့်ငယ်သားနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံလိုက်ရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဘာများသိထားလဲ”

မြင်းစီးသမားက ချင်လိန်ဝေကို မေးသည်။

မိမိနှင့် ဆုံခဲ့သူနှစ်ယောက် သေဆုံးသွားကြပြီဖြစ်ကြောင်း သိလိုက်ရသည့်အတွက် ချင်လိန်ဝေ အံ့သြသွားရသည်။ မြင်းစီးသမား၏ အမေးကို ပြန်မဖြေနိုင်ဘဲ ကြောင်အမ်းအမ်း ဖြစ်နေသည်။

“ဟိတ် ... မေးနေတာ မကြားဘူးလား”

မြင်းစီးသမားက ဒေါသထွက်သွားဟန်ဖြင့် ခပ်မာမာပြောပြီး ခါးတွင်ပတ်ထားသော ကျာပွတ်ကိုဖြုတ်၍ လှမ်းရိုက်သည်။ ထိုသူ၏ ကျာပွတ်မှာ ငွေသားနန်းမျှင်များဖြင့် ပြုလုပ်ထားသော ငွေကျာပွတ်ဖြစ်သည်။ ဝှေ့ယမ်းရိုက်ခတ်လိုက်သောအခါတွင် ငွေရောင်ဖွေးဖွေးတောက်သည်။

ကျာပွတ်ရိုက်ချက်က မြန်ဆန်သွက်လက်သည်။ သို့သော် ချင်လိန်ဝေက ကိုယ်ကို အသာယိမ်းကာ လွတ်အောင် ရှောင်တိမ်းလိုက်သည်။

“အောင်မယ် ... မင်းက အလာကြီးပါလား၊ ကောင်းပြီ ... မင်း ဘယ်လောက်စွမ်းသလဲဆိုတာ ကြည့်ကြသေးတာပေါ့”



မြင်းစီးသမားက ကြုံးဝါးပြောဆိုကာ မြင်းပေါ်မှ ခုန်ဆင်းသည်။ ငွေကျာပွတ်ကို ဝှေ့ယမ်းလျက် ချင်လိန်ဝေကို တရကြမ်း ရိုက်ချက်သည်။ ချင်လိန်ဝေက ‘နှင်းငွေ့လှိုင်း’ သိုင်းကွက်များမှ ကိုယ်ဖော့ရှောင်တိမ်းကွက်များကို သုံး၍ ပေါ့ပါးမြန်ဆန်စွာ ခုန်ပျံလှုပ်ရှားရှောင်တိမ်းသည်။

ပြန်လည်တိုက်ခိုက်ခြင်းတော့ မလုပ်။

မြင်းစီးသမားသည် တစ်ဖက်သတ် အုပ်စီးတိုက်ခိုက်နေရသော်လည်း သူ၏ ကျာပွတ်ရိုက်ချက် တစ်ချက်တလေမျှပင် ချင်လိန်ဝေကို မထိ။

သိုင်းကွက် (၁၀) ကွက်ကျော်သွားပြီးသောအခါတွင်မူ ချင်လိန်ဝေက တန်ပြန်တိုက်စစ်ဆင်ရန် ဟန်ပြင်လိုက်သည့်အချိန်မှာပင် မြင်းခွာသံ တဖြောင်းဖြောင်း ကြားရပြီး မြင်းဖြူကြီးကို အပြင်းစိုင်းနှင်လျက် ကုတုချင်း ရောက်လာသည်။

ရေခဲမြစ်တစ္ဆေမယ် ကုတုချင်းကို မြင်လိုက်သည်နှင့် ဝံပုလွေဝတ်စုံဝတ် လူမျက်နှာအမူအရာ တစ်မျိုးဖြစ်သည်။ ငွေကျာပွတ်ရိုက်ချက်များကိုလည်း ရပ်တန့်ရုပ်သိမ်းသည်။

“စန်းအော့ချန် ... ရှင်တို့နဲ့ကျွန်မ ကိုယ့်ဘာသာကိုယ် နေ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်လှုပ်ရှားပြီး ကိုယ့်စည်းနဲ့ ကိုယ်နေကြတာ၊ ဘာကြောင့် ကျွန်မရဲ့ မိတ်ဆွေရင်းကို ရန်မူနေရတာလဲ"

မြင်းပေါ်မှ ခုန်ဆင်းလာသော ကုတုချင်းက ဒေါသသံဖြင့် ပြောလေ၏။

"ဩော် ... သူက မင်းရဲ့ မိတ်ဆွေရင်းချာကိုး၊ ကျုပ် မသိလို့ ရိုင်းပျသလို ဖြစ်မိတာ ခွင့်လွှတ်ပါ၊ ဒါပေမဲ့ ကျုပ်ရဲ့ တပည့်ငယ်သား နှစ်ယောက် အသတ်ခံလိုက်ရတဲ့ကိစ္စ ..."

ထိုသူ၏ စကားမဆုံးမီ ကုတုကျင်းက ကြားဖြတ်၍ ...

"အဲဒီအတွက် ရှင် သူ့ကို အထင်မလွဲနဲ့ စန်းအော့ချန်၊ ရှင့် တပည့်ငယ်သားနှစ်ယောက်က ကျွန်မကို ရိုသဲ့သဲ့နဲ့ မထီမဲ့မြင်လုပ်လို့ ကျွန်မ အဆုံးစီရင်ပစ်လိုက်တာ"

"ဟာ ... မဟုတ်သေးပါဘူး ကျုပ်ရဲ့ တပည့်ငယ်သားတွေ အားလုံးက မင်းကို ကောင်းကောင်းသိနေကြတာပဲ၊ မင်းကို ရိုသဲ့သဲ့နဲ့ မထီမဲ့မြင် လုပ်ကြမှာမဟုတ်ပါဘူး"

"ဘာလဲ ... ရှင်က ကျွန်မ ကုတုချင်း လိမ်ပြောတယ်လို့ ဆိုချင်တာလား"

"အေးလေ ... ထားလိုက်ပါတော့၊ ဖြစ်ပြီးသွားမှ ဘာတတ်



နိုင်မှာလဲ၊ မင်းနဲ့ကျုပ် နောက်မှ တွေ့ကြသေးတာပေါ့"

စန်းအော့ချန်ဆိုသူက ဤသို့ပြောကာ မြင်းပေါ် လွှားခနဲ ခုန်တက်ပြီး အပြင်းစိုင်းနှင်ထွက်သွားသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက ဘယ်သူလဲ"

စန်းအောင်ချမ့်ဆိုသူ ထွက်ခွာသွားသောအခါ ချင်လိန်ဝေက ကုတုချင်းကို မေးလိုက်သည်။

"တရွေ့ဗားဂိုဏ်းခေါင်းဆောင် တောရိုင်းတစ္ဆေညီနောင်ထဲက အငယ်ပေါ့"

ဤစကားကို ကြားရသောအခါ ချင်လိန်ဝေ၏စိတ်ထဲတွင် ထင့်ခနဲ တစ်ချက်ဖြစ်သည်။ ဝန်ကျောက်ဖုန်၏ ဓားစကြာဂေဟာကို တောရိုင်းတစ္ဆေညီနောင်တို့ လာရောက်ရန်ပြုတိုက်ခိုက်ကြကြောင်းကို ချင်လိန်ဝေ သိထားသည်။

ယခု တောရိုင်းတစ္ဆေညီနောင်မှ အငယ်လူစန်းအောင်ချမ့် သည့် စခန်းခြံဝင်းသို့ ပြန်ရောက်နေရာ ဓားစကြာဂေဟာနှင့် တိုက်ခိုက်မှု ပြီးသွား၍ ဖြစ်မည်ဟု တွေးသည်။ ထိုတိုက်ပွဲတွင် ဝန်ကျောက်ဖုန်၏ ဓားစကြာဂေဟာ အနိုင်ရသလား၊ ရှုံးနိမ့်သွားသလားဆိုသည်ကို ချင်လိန်ဝေ သိလိုနေသည်။



"ရှင်ဘာဖြစ်သွားတာလဲ၊ တောရိုင်းတစ္ဆေညီနောင်နဲ့ ပတ်သက်မှု ရှိလို့လား"

ချင်လိန်ဝေ၏မျက်နှာအမူအရာ တစ်မျိုးဖြစ်သွားသည်ကို အကဲခတ်မိသော ကုတုချင်းက မေးသည်။

"တောရိုင်းတစ္ဆေညီနောင်တို့က ကျွန်တော့မိတ်ဆွေတစ်ယောက်ရဲ့ဂေဟာကို တိုက်ခိုက်ရန်ပြုကြောင်း သတင်းကြားရတယ်၊ အခု တောရိုင်းတစ္ဆေအငယ်က ပုံမှန်အခြေအနေနဲ့ သူ့ဌာနေမှာ ရောက်နေပြီဆိုတော့ ဟိုဂေဟာကို အနိုင်ယူ ချေမှုန်းပစ်လိုက်ပြီလားလို့ တွေးပူပန်မိလို့ပါ"

ချင်လိန်ဝေက အမှန်အတိုင်း အဖြေပေးလိုက်သည်။

"ရှင် စိတ်ပူပန် စိုးရိမ်နေမိတဲ့ ရှင့်မိတ်ဆွေဆိုတာ ဓားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်လား"

"ဟုတ်ပါတယ်၊ မိန်းကလေးက ဝန်ကျောက်ဖုန်ကို သိသလား"

ကုတုချင်းက တစ်ချက်ပြုံးသည်။ ပြုံးလိုက်သည်ဆိုသော်လည်း အပြုံးတွင် လွှမ်းမိုးမှုများ မပါရှိ။ ဆွေးရိပ်သန်းနေသော မချိပြုံး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကျောက်ဖုန်နှင့် ရေခဲမြစ်တစ္ဆေမယ် ကုတုချင်းတို့ နှစ်ယောက် အကြားတွင် ထူးခြားသော ပတ်သက်ဆက်နွယ်မှုတစ်ခုခု ရှိရမည်ဟု ချင်လိနိဝေ တွေးမိသည်၊ ဖျတ်လတ်သွက်လက်သော ကုတုချင်းတစ်ယောက် ရေကြည်ဥယျာဉ်လိုဏ်ဂူထဲ ရောက်သောအခါ အသွင်တစ်မျိုး ပြောင်းသွားသလို ငေးငေးငိုင်ငိုင်နှင့် မှိုင်တိုင်တိုင် ဖြစ်သွားခြင်းသည် ဝန်ကျောက်ဖုန်ကြောင့် ဖြစ်လေမည်လား၊

ချင်လိနိဝေ သိရသလောက်တော့ ဝန်ကျောက်ဖုန်သည် စိတ်ရင်းကောင်းကာ ခင်မင်နှစ်လိုဖွယ်ရာကောင်းလျက် မေတ္တာစေတနာ ပြည့်ဝသော လူငယ်တစ်ယောက် ဖြစ်သည်။ မိန်းမချောလေး တစ်ယောက် စိတ်ထိခိုက်ကြေကွဲရအောင် ပြုမည့်သူတော့မဟုတ်နိုင်။

အကျိုးအကြောင်း ဂဃဏနသိရအောင် ကိုယ်ရေးကိုယ်တာ ကိစ္စများကို စပ်စုလွန်းရာကျသွားမည်စိုးသောကြောင့် ထိုစိတ်ကူး အကောင်အထည်ပေါ်မလာခဲ့ပါ။ ကုတုချင်းကို မမေးဖြစ်ပေ။

"ကျွန်မတို့ ပြန်ကြရအောင်"

ခဏကြာမှ နှစ်ယောက်စလုံး နှုတ်ဆိတ်နေကြပြီးနောက် ကုတုချင်း ပြောသည်။

☆ ☆ ☆



ချင်လိနိဝေနှင့် ရေခဲမြစ် တစ္ဆေမယ် ကုတုချင်းတို့ ရေကြည်ဥယျာဉ် လိုဏ်ဂူထဲ ပြန်ရောက်လာကြသည်။

ကုတုချင်းသည် စောစောကထိုင်ခဲ့သော ကျောက်တုံးပြားပေါ်တွင် သွားထိုင်သည်။ ချင်လိနိဝေသည် မိန်းကလေးနှင့် အတူ လိုက်ပါလာသော်လည်း ကျောက်တုံးပြား၏ဘေးနားတွင်သာ ရပ်နေသည်။

မိန်းကလေး၏အသွင်မှာ ငေးငေးငိုင်ငိုင် ဖြစ်လာသည်။ သက်ပြင်းလည်း မကြာခဏ ချသည်။ အတော်ပင် စိတ်ထိခိုက် ခံစားနေရကြောင်း သိသာသည်။

"ရှင်က ဝန်ကျောက်ဖုန်ရဲ့မိတ်ဆွေကိုး၊ တော်တော်ရင်းနှီးကြမှာပေါ့"

အတန်ကြာမှ ကုတုချင်းက စကားစပြောသည်။

"အမှန်အတိုင်းပြောရရင် မိတ်ဆွေလို့တောင် မဆိုနိုင်ပါဘူး။ သူနဲ့ ရှန်းပန်းမြို့က စားသောက်ဆိုင်တစ်ခုမှာ ဆုံမိကြရုံပါ၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြည့်ကြပ်နေတာမို့ သူက ကျွန်တော့်ကို နေရာလွတ်မှာ ထိုင်စားသောက်ခွင့် ပေးတယ်၊ သူရဲ့ စိတ်ကောင်းစေတနာကောင်းနဲ့ ခင်မင်နှစ်လိုဖွယ်ရာ အသွင်အပြင်တွေကြောင့် ကျွန်တော်ဟာ သူ့ကို မိတ်ဆွေရင်းချာတစ်ယောက်လို သဘောထားပြီး သူ့အတွက် ပူပန်စိုးရိမ်မိတာပါ"

"ဪ ... တစ်ခါပဲဆုံမိပြီး သူ့အပေါ် ခင်မင်သွားတာကိုး"

"သူနဲ့ နောက်တစ်ခါ ဆုံဖြစ်ပါသေးတယ်၊ ကျွန်တော်ကသာ သူ့ကို အဝေးကနေ လှမ်းမြင်မိတာပါ၊ သူကတော့ ကျွန်တော့်ကို သတိပြုမိပုံ မရပါဘူး"

"နောက်တစ်ခါ ထပ်ဆုံဖြစ်တာက ဘယ်နေရာမှာလဲ"

"မုန့်တိုင်းနဂါးရဲ့တိုက်မှာပါ"

"ဟုတ်ပြီ ... ကျွန်မသိပြီ၊ ခန်ကျောက်မှုန်နဲ့ကျွန်မ ဘယ်လို ပတ်သက်မှု ရှိကြတယ်ဆိုတာ ရှင်သိချင်သလား"

ဤသို့မေးမြန်းရင်း ကုတုချင်းက ချင်လိန့်ဝေကို မော့ကြည့်သည်။ မိန်းကလေး၏ မျက်လုံးရွဲကြီးများတွင် မျက်ရည်များ ရစ်ဝိုင်းနေကြသည်။

"ကျွန်တော် သုတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ



မစပ်စုတတ်ပါဘူး၊ မိန်းကလေးပြောပြမယ်ဆိုရင်တော့ နားထောင်ပါ့မယ်၊ ပြောမပြရင်လည်း ဘာမှကိစ္စမရှိပါဘူး"

"ရှင်နဲ့ကျွန်မက မိတ်ဆွေရင်းချာတွေနော်"

"အဲဒါကတော့ ဟုတ်ပါတယ်"

"မိတ်ဆွေရင်းချာတစ်ယောက်ကို ရင်ဖွင့်ပြောချင်တဲ့စကားတွေ ကျွန်မမှာ ရှိနေတယ် ... ရှင် နားထောင်ပေးမလား"

"မိန်းကလေး ပြောပါ"

"မိတ်ဆွေရင်းချာဆိုရင် ကျွန်မကို ကုချင်းလို့ပဲခေါ်ပါ၊ ကျွန်မကလည်း ရှင့်ကို လိန့်ဝေလို့ ခေါ်မယ်လေ"

"ကောင်းပါပြီ ကုချင်း ... ပြောပါ"

"လာ ... ကျွန်မအနားမှာ လာထိုင်ပါ"

ကုတုချင်း ထိုင်နေသော ကျောက်တုံးပြားသည် လူနှစ်ယောက် ယှဉ်၍ထိုင်နိုင်ရုံ ကျယ်သည်။ ယခုမှ သိကျွမ်းခင်မင်သော မိန်းကလေးတစ်ယောက်နှင့်အတူ ယှဉ်တွဲထိုင်ဖို့တော့ ချင်လိန့်ဝေ အားနာနေသည်။

"ရပါတယ် ... ကျွန်တော် ဒီမှာပဲ ရပ်နေပါ့မယ်၊ ကုချင်း ပြောချင်တာကိုသာ လွတ်လွတ်လပ်လပ် ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"လာထိုင်မှ ပြောမယ် ... မထိုင်ရင် မပြောဘူး"

ကုတုချင်း၏ တစ်ဖွတ်ထိုးဆန်သော ဗီဇစိတ်ကို အတန်အသင့် နားလည်သိရှိနေသော ချင်လိမ့်ဇေသည် အကျောက်အကန် ဆန့်ကျင်ခြင်း မပြုတော့။ ကုတုချင်းထိုင်နေသော ကျောက်တုံးပြား၏ အစွန်းနားတွင် ဝင်ထိုင်သည်၊

နှစ်ယောက်သား တစ်တောင်သာသာလောက်တော့ ကွာနေကြသည်။

ကုတုချင်းက မျက်နက်လေးထောင့်ကပ်ကာ ချင်လိမ့်ဇေကို တစ်ချက်ကြည့်သည်။ သူမ၏မျက်နှာလေး ရှက်သွေးဖျန်းသလို နီရောင်သန်းလာသည်။

"ကျွန်မနဲ့ ဝန်ကျောက်ဖုန်တို့က ချစ်သူတွေပါ၊ ဒါပေမဲ့ အခုတော့ သူနဲ့ကျွန်မ ကွဲကွာနေကြသလို ဖြစ်နေကြတယ်"

"အလို ... ဘာကြောင့် ဒီလိုမျိုးကိစ္စ ဖြစ်ရတာလဲ"

"ကျွန်မက ဆိုးတယ်လေ၊ စိတ်လိုက်မာန်ပါ လုပ်ချင်ရာ လုပ်တတ်တယ်၊ အဲဒီလိုမျိုး မလုပ်ဖို့ သူက မကြာခဏ ပြောတယ်၊ ဖျောင်းဖျတယ်၊ ဒါပေမဲ့ ကျွန်မက ကျွန်မရဲ့စရိုက်ကို မပြင်နိုင်ဘူး၊ ဒီလိုနဲ့ သူက ကျွန်မကို ခပ်ရှောင်ရှောင် လုပ်နေရာက အခု အဝေးကို



ထွက်သွားတာ သုံးလကျော်ကျော် လေးလနီးပါးလောက် ရှိနေပြီ၊ ကျွန်မဆီ ဘာမှ အဆက်အသွယ် မလုပ်ဘူး"

ပြောရင်း ငိုသံပါလာကာ တစ်ချက်ရှိုက်သည်။

"ကျွန်တော်သိရသလောက်တော့ အခုတလော ဝန်ကျောက်ဖုန် အရမ်း အလုပ်ရှုပ်နေတယ်၊ ဒါကြောင့် မိန်းကလေး အဲလေ ... ကုချင်းဆီ အဆက်အသွယ် မလုပ်ဖြစ်တာနေမှာပါ"

"သူ ဘာကိစ္စကြောင့် ဘယ်လို အလုပ်များနေတာလဲ"

သည်မေးခွန်းကိုတော့ ချင်လိမ့်ဇေ ရှင်းလင်းအောင် အဖြေပေးဖို့ ခက်သည်။

"သူ့ကို မုန်တိုင်းနဂါးရဲတိုက်မှာ တွေ့ခဲ့တယ်လို့ ရှင်ပြောတယ်နော်"

ကုတုချင်းက ဆက်မေးသည်။

"ဟုတ်ပါတယ်"

သည်မေးခွန်းကိုတော့ မဆိုင်းမတွဘဲ ချက်ချင်း ဖြေလိုက်သည်။

"မုန်တိုင်းနဂါးရဲတိုက်မှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာ ရှင် သိမြင်ရသမျှ ပြောပြ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ချင်လိန်ဝေကလည်း ဖြစ်ပျက်ခဲ့ပုံအလုံးစုံကို မချွင်း မချန် အကုန်အစင် ပြန်လည်ဖောက်သည်ချလိုက်လေသည်။

☆ ☆ ☆

BURMESE CLASSIC .com



"မရဏစားနဲ့မရဏစားသိုင်း ပြန်လည်ပေါ်ထွက်လာပြီဆိုပေမဲ့ ဝန်ကျောက်ဖုန် အရမ်းအလုပ်ရှုပ်တော့မှာပဲ၊ သူ့အတွက် အန္တရာယ်လည်း များတယ် ... ဘာလုပ်ကြမလဲဟင်"

ချင်လိန်ဝေ ပြောပြသည့် မုန်တိုင်းနဂါးတိုက်တွင် ဖြစ်ပျက်ခဲ့ပုံများကို နားထောင်ပြီးနောက် ရေခဲပြင်တစ္ဆေမယ်ကုတုချင်းက ပြောသည်။

"ဒါကြောင့် ကျွန်တော်လည်း သူ့ကို သွားကူညီဖို့ ထွက်လာခဲ့တာပါ"

ချင်လိန်ဝေက ပြန်ဖြေသည်။

"သွားကူညီတာကတော့ ဟုတ်ပါပြီ၊ အခု ဝန်ကျောက်ဖုန် ဘယ်မှာရှိနေတယ်ဆိုတာ ရှင်သိလို့လား၊ သူ့ကို ဘယ်မှာ သွားရှာမှာလဲ"

"ဝန်ကျောက်ဖုန် ဘယ်မှာရှိနေလဲ"

ချင်လိန်ဝေက ပြန်မေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ဘယ်လိုလုပ်သိနိုင်မှာလဲ၊ ဒါပေမဲ့ မရဏာဂိုဏ်းရဲ့ နောက်ဆုံးမျိုးဆက်ဆိုတဲ့ ရှလုံရောက်လာမယ့် လျှို့ဝှက်နေရာတစ်ခုကိုတော့ ကျွန်မသိထားတယ်၊ အဲဒီနေရာက သွားစောင့်နေပြီး ရှလုံကို အပြတ်ချေမှုန်းသုတ်သင်ပစ်လိုက်ကြတာပေါ့၊ ရှလုံမရှိတော့ရင် မရဏာဂိုဏ်း တစ်ကြော့ပြန် တစ်စခန်း ထမယ့် ဇာတ်လမ်း အဆုံးသတ်သွားပြီ၊ ဝန်ကျောက်ဖုန်လည်း အန္တရာယ် မရှိနိုင်တော့ဘူး"

"ဟုတ်တယ် ... ဝန်ကျောက်ဖုန်လည်း အလုပ်သိပ်မရှုပ်တော့ဘဲ တုချင်းဆီ ရောက်လာနိုင်ပါလိမ့်မယ်"

ကုတုချင်း၏ မျက်နှာ ညှိုးလျှော်သွားသည်။

"သူက အလုပ်အားသွားရင်လည်း ကျွန်မဆီကို မလာတော့ပါဘူး။ ဘယ်တော့မှ လာမှာ မဟုတ်ပါဘူး"

ပြောပြီး တစ်ချက်ငိုရှိုက်သည်။

ချင်လိနိုဝေ အတော်လေး စိတ်မကောင်း ဖြစ်သွားရသည်။

"ဘယ်လိုပြဿနာမျိုးဆိုတာ မသိရပေမယ့် ကျွန်တော် ကူညီပေးနိုင်တာရှိရင် ဝမ်းမြောက်ဝမ်းသာနဲ့ အားတက်သရော ကူညီဆောင်ရွက်ပေးပါ့မယ်"



"ဝန်ကျောက်ဖုန်က ကျွန်မကို မိန်းမဆိုးလေးလို့ ထင်နေတာရှင့်၊ ကျွန်မကလည်း ဆိုးပါတယ်လေ၊ ဒီတော့ သူနဲ့ကျွန်မ ပြန်ဆုံဆည်းကြမှာ မဟုတ်တော့ပါဘူး"

ကျွန်တော်သိရသမျှတော့ ကုချင်းက ကြင်နာစိတ်ရှိပြီး ကူညီရိုင်းပင်းတတ်တဲ့ မိန်းမချောလေးတစ်ယောက်ပါ။

"ဝန်ကျောက်ဖုန်ကတော့ ဒီလိုတွေးမှာ မဟုတ်ပါဘူး"

"ကောင်းပြီလေ ... ကျွန်တော် ဝန်ကျောက်ဖုန်နဲ့ ပြန်ဆုံတွေ့ရင် ကုချင်းတစ်ယောက် ဘယ်လို စိတ်ထိခိုက်ခံစားနေတယ်ဆိုတာ သေသေချာချာ ပြောပြလိုက်ပါ့မယ်၊ ကုချင်းကို သွားတွေ့ဖို့လည်း မဖြစ်မနေ တိုက်တွန်းပေးပါ့မယ်"

"ထားလိုက်ပါတော့၊ ကျွန်မ ဘာတွေ လျှောက်ပြောမိမှန်းမသိဘူး။ ကဲ ... ရှလုံတို့ ရောက်လာကြမယ့်နေရာကနေ စောင့်ပြီး တိုက်ခိုက်ချေမှုန်းဖို့ စီစဉ်ကြပါစို့"

"အဲဒီနေရာက ဘယ်မှာလဲ"

"ရှင် သိရအောင် ကျွန်မပြောပြပါ့မယ်၊ မိကျောင်းပါးစပ်ရေတံခွန်ကြီးရဲ့အောက်ခြေမှာရှိတယ်၊ ကျွန်မတို့ကတော့ မိကျောင်းခံတွင်းလိုဏ်ဂူဝက်ပါလို့ ခေါ်တယ်၊ မရဏာဂိုဏ်းရဲ့ အမိကအချက်

www.burmeseclassic.com

www.burmeseclassic.com



အချာပဲ၊ သူတို့ဂိုဏ်းက အဲဒီနေရာကို ဘယ်လိုခေါ်သလဲဆိုတာကိုတော့ ကျွန်မလည်း မသိဘူး"

"နေပါဦး … ကုချင်းက အဲဒီနေရာအကြောင်း ဘယ်လိုလုပ်သိနေတာလဲ"

"ကျွန်မတို့ မျိုးနွယ်ရဲ့ ဘိုးဘေးတွေ လက်ဆင့်ကမ်း အသိပေးခဲ့တဲ့ လျှို့ဝှက်ချက် ဆိုပါတော့"

"ဒီအကြောင်းကို ဝန်ကျော်ဇုန် သိသလား"

ရေခဲမြစ်တစ္ဆေမယ် ကုတုချင်း တစ်ချက် တွေခနဲ ဖြစ်သည်။ စဉ်းစားချင့်ချိန်လိုက်ပုံရကြောင်း ချင်လိန်ဝေ တွေးဆမိသည်။

"အဲဒါကိုတော့ ကျွန်မ သေသေချာချာ မပြောနိုင်ဘူး။ သိချင်လည်း သိလိမ့်မယ်၊ မသိချင်လည်း မသိဘဲ ရှိလိမ့်မယ်"

"ကောင်းပြီလေ … ကျွန်တော်တို့ မိကျောင်းပါးစပ်လှိုဏ်ဂူကြီးကို သွားပြီး ရှုလုံ ဟိုရောက်လာတာကို စောင့်ကြတာပေါ့၊ အဲဒီနေရာက ဝေးသလား"

"မဝေးပါဘူး၊ မြင်းတော်ခွင်းစီးပြီး သွားရင် နေ့ဝက်လောက်ဆို ရောက်တယ်၊ ရှုလုံတို့ မိကျောင်းခံတွင်းလိုဏ်ဂူထဲ မဝင်ခင် လက်ဦးအောင် ရောက်ဖို့က သိပ်အရေးကြီးတယ်၊ ဒါကြောင့် ကျွန်မရဲ့



မြင်းဖြူကြီးကို စီးပြီး အရင်သွားနှင့်ပါ၊ ကျွန်မရဲ့ မိုးပျံဝံပုလွေများကိုလည်း ပေးလိုက်မယ်"

"ဒါ … ဒါက ဘယ်လိုသဘောလဲ"

"ကျွန်မရဲ့မြင်းဖြူကြီးက ဒီဒေသတစ်ဝိုက်မှာ အမြန်ဆုံးနဲ့ ပြေးနိုင်တဲ့ မြင်းကောင်းပဲ၊ သူ့ကို စီးသွားရင် ရှင် ခရီးအများကြီး တွင်လိမ့်မယ်၊ ရှင့်ရဲ့ဓားရှည်က သာမန်ဓားကောင်းပဲမို့ အကြိတ်အနယ် တိုက်ခိုက်တဲ့အခါမှာ ရှုလုံလက်ထဲမှာ ရှိနေတဲ့ မရဏဓားကိုတော့ ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ပိုကောင်းတဲ့ ကျွန်မရဲ့ မိုးပျံဝံပုလွေဓားကို ပေးလိုက်တာပဲ"

"ကုချင်းကိုယ်တိုင်သွားရင်ကော"

"ရှင်လည်း တကယ်ပါပဲ၊ ရှင်က ကျွန်မထက် သိုင်းပညာ အများကြီးပိုကောင်းတယ်၊ ရှင်းရှင်းပြောရရင် ရှုလုံနဲ့ ပြိုင်ဘက်မဟုတ်ဘူး၊ ကျွန်မသွားပြီးတိုက်ခိုက်ရင် ရှုလုံကို အနိုင်မရဘဲ ရှုလုံလက်ချက်အောက်မှာ အရေးနိမ့်ရမှာ အမှန်ပဲ၊ ဒါကြောင့် ရှင့်ကို တတ်နိုင်သမျှ ပိုင်းကူပေးတာ"

ချင်လိန်ဝေသည် ရေခဲမြစ်တစ္ဆေမယ် ကုတုချင်းကို အတော်ခင်မင်နေပြီ ဖြစ်ရာ ကုတုချင်းကိုလည်း အတူလိုက်ပါစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကုတုချင်းအတွက် အန္တရာယ်ဖြစ်နိုင်မည့် အခြေအနေကလည်း ရှိနေပေရာ အတူတူ သွားကြဖို့လည်း ပြောရန် ခက်နေသည်။

"ကျွန်မလည်း နောက်ကနေ အမြန်လိုက်လာခဲ့ပါမယ်၊ ရှုလုံတို့ကို ရှင်နဲ့အတူတူ လက်တွဲပြီး တိုက်ခိုက်ချေမှုန်းနိုင်ကောင်း ချေမှုန်းနိုင်ပါလိမ့်မယ်"

"ဒါပေမဲ့ ကုချင်းရဲ့ မြင်းဖြူကြီးကိုရော မိုးပျံဝံပုလွေခေးကိုပါ ယူသွားဖို့ ဆိုတာက"

ချင်လိန်ဝေ၏စကား မဆုံးမီ ကုတုချင်းက ကြားဖြတ်၍...

"ရှင် မငြင်းပါနဲ့၊ ဒါဟာ မရဏာဂိုဏ်းတစ်ကြော့ပြန် ခေါင်းထောင်လာမှာကို တားဆီးဖြိုခွင်းဖို့လုပ်တဲ့ကိစ္စပဲ၊ ရှင့်အနေနဲ့ ရှုလုံတို့ ရောက်လာရင် အပြတ်ချေမှုန်းပစ်ဖို့ကိုသာ စိတ်ထဲမှာထားပါ"

ချင်လိန်ဝေ ဘယ်လိုမှ မငြင်းသာတော့။ ရေခဲမြစ် တာဇွေမယ် ကုတုချင်း၏ မြင်းဖြူကြီးနှင့် မိုးပျံဝံပုလွေခေးတို့ကို ငှားယူလိုက်ရလေသည်။

"ကဲ ... ရှင်သွားနှင့်၊ ကျွန်မရဲ့မြင်းဖြူကြီးက အရမ်းအပြေးသန်တာမို့ ရှင် မိကျောင်းပါးစပ်ရေတံခွန်ကို အချိန်တိုတိုနဲ့ ရောက်သွားပါလိမ့်မယ်၊ မိကျောင်းခံတွင်းလိုဏ်ဂူ ဝင်ပေါက်ထဲကိုတော့ မဝင်နဲ့၊



ရေတံခွန်နားမှာပဲ နေပါ၊ ဟိုလူတွေရောက်လာရင်တော့ အခြေအနေကိုကြည့်ပြီး လှုပ်ရှားပေါ့၊ ကျွန်မ နောက်ကနေ လိုက်လာခဲ့မယ်၊ ရှင့်လောက်တော့ မြန်မှာမဟုတ်ဘူး၊ ကျွန်မ‚ရောက်လာရင် ဟောဒီလို အချက်ပေးသံပြုလိုက်မယ် ... ဟုတ်ပြီလား"

ကုတုချင်းက ထူးဆန်းသော အသံတစ်ခု ပြုပြသည်။ ငှက်အော်မြည်သံလိုလို ဖြစ်သော်လည်း သည်လို ငှက်အော်မြည်သံမျိုးကိုတော့ ချင်လိန်ဝေ မကြားဖူးသေးပေ။

"ခရီးလမ်းညွှန် မပြောလိုက်တော့ဘူးလား"

"ကျွန်မရဲ့ မြင်းဖြူကြီးက မိကျောင်းပါးစပ် ရေတံခွန်ကို သိတယ်၊ သွားတတ်တယ်၊ ရှင့်ကို သူက ခေါ်ဆောင်သွားပါလိမ့်မယ်၊ ခရီးလမ်းညွှန် ပြောပြစရာ မလိုပါဘူး"

ကုတုချင်းက မြင်းဖြူကြီး၏ လည်ပင်းကို အသာပွတ်ကာ နားရွက်နားကပ်၍ တစ်စုံတစ်ရာ ပြောလိုက်သည်။

"ဒီမြင်းဖြူကြီးရဲ့နာမည် ဘယ်လိုခေါ်လဲ"

မြင်းဖြူကြီးကိုစီး၍ မထွက်ခွာခင် ချင်လိန်ဝေက မေးလိုက်သည်။

"ကျွန်မတို့ဒေသက လူတွေက သူတို့ရဲ့မြင်းတွေကို နာမည်

www.burmeseclassic.com

www.burmeseclassic.com



ပေးလေ့မရှိဘူး၊ ကျွန်မရဲ့မြင်းဖြူကြီးလို့ပဲ မှတ်ထား ... ဟုတ်လား"

စကားအဆုံးတွင် ကုတုချင်းက လေချွန်သံတစ်ချက်ပြု လိုက်ရာ သူမ၏မြင်းဖြူကြီးသည် အပြင်းစိုင်းနှင် ထွက်သွားလေတော့သည်။

☆ ☆ ☆



ရေခဲမြစ်တစ္ဆေမယ် ကုတုချင်း၏ မြင်းဖြူကြီးသည် တကယ့် မြင်းကောင်းမြင်းသန့်တစ်ကောင် ဖြစ်သည်။ တစ်မိုးအောက်တွင် ပြိုင်ဘက်ကင်းသော စီးတော်မြင်းဟုပင် ဆိုနိုင်သည်။

ခွာသံပြင်းပြင်းနှင့် လေကို ခွင်းကာ လျင်မြန်စွာ ပြေးလွှားနေသည်။ ချင်လိနိ်ဝေသည် မြင်းစီးကျွမ်းသူမို့ မြင်းအများအပြားကို စီးဖူးပါသည်။ မြင်းကုန်းနှီးထက်မှ စီးနင်းလိုက်ပါရသည့် အတွေ့ အကြုံ များစွာ ရှိသည်။

ယခု စီးနေရသည့် ကုတုချင်း၏ မြင်းဖြူကြီးလောက် အပြေးမြန်ပြီး ပါးနပ်လိမ္မာသော မြင်းကောင်းမြင်းသန့်မျိုး တစ်ကြိမ် တစ်ခါမျှ မစီးခဲ့ဖူးသေးပေ။

'ကုတုချင်း၏ မြင်းဖြူကြီး'သည် အပြေးမြန်ရုံမက သက် လုံလည်း ကောင်းလှသည်။ လျင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးလွှားစိုင်းနှင်နေသည်မှာ တစ်ချက်လေးမျှပင် ခြေမကျ၊ အရှိန်မနှေး။

ထို့ပြင် အထူးခြားဆုံးမှာ ဇက်ကြိုးကိုင်ထိန်းစရာပင် မဆို

www.burmeseclassic.com

www.burmeseclassic.com



ဘဲ သူ့ဘာသာသူ ပြေးလွှားသွားလာနေခြင်း ဖြစ်သည်။ ချင်လိန်ဝေ အနေဖြင့် မြင်းကုန်းနှီးပေါ်တွင် အခန့်သားထိုင်၍ အလိုက်သင့် စီးနင်းသွားရုံသာ ရှိသည်။

ဇက်ကြိုးဆွဲ၍ လမ်းကြောင်းထိန်းသိမ်းပေးရန်ပင် မလိုပါ။

အမှန်တကယ်ပြောရလျှင် မိကျောင်းပါးစပ် ရေတံခွန် ဘယ်မှာ ရှိသည်ကို ချင်လိန်ဝေ မသိပါ။ ကုတုချင်းက ခရီးလမ်းညွှန်လည်း ပြောမပြလိုက်သည့်အတွက် စီးမြင်းကို ဇက်ကြိုးထိန်းပေးဖို့ လမ်းကြောင်းကိုလည်း မသိပါ။ သည်တော့ ကုတုချင်း၏ မြင်းဖြူကြီး အပြင်းစိုင်းနှင်သွားရာနောက်သို့သာ ချင်လိန်ဝေ လိုက်ပါသွားခဲ့ရလေသည်။

ဤသို့ဖြင့် တဝေါဝေါ အဟုန်ပြင်းပြင်းနှင့် စီးကျနေသော ရေတံခွန်မြင့်ကြီးတစ်ခုဆီသို့ ရောက်သွားသည်။ ကုတုချင်း၏ မြင်းဖြူကြီးလည်း ရေတံခွန်အောက်ခြေနားတွင် တုံ့ရပ်သည်။

သည်နေရာသို့ ယခု ပထမဆုံး ရောက်ဖူးသော်လည်း မိကျောင်းပါးစပ်ရေတံခွန်ဖြစ်ကြောင်းကိုတော့ ချင်လိန်ဝေ သိသည်။ မိကျောင်းပါးစပ်ရေတံခွန်သို့ ရောက်လျှင် ဗျက်ကွယ်နေရာကောင်း တစ်ခုကို ရှာကာ ပုန်းအောင်းနေပြီး ရေခဲမြစ်တစ္ဆေခယ်ကုတုချင်း



ရောက်အလာကို စောင့်ဆိုင်းမည်ဟု ချင်လိန်ဝေက စိတ်ကူးထားခဲ့သည်။

သို့ရာတွင် မိကျောင်းခံတွင်းရေတံခွန်သို့ ရောက်သည်နှင့် ခရုဏာဂိုဏ်း၏ နောက်ဆုံးမျိုးဆက် ရှုလုံနှင့်အပေါင်းပါများကို ရင်ဆိုင်ရသည့်အတွက် ချင်လိန်ဝေအနေဖြင့် ထိုစိတ်ကူးကို အကောင်အထည် မဖော်နိုင်တော့ပေ။

ရေတံခွန်အောက်ခြေနားတွင် ကုတုချင်း၏ မြင်းဖြူကြီး တုံ့ရပ်သွား၍ ချင်လိန်ဝေလည်း မြင်းကုန်းနှီးထက်မှ ခုန်ဆင်းကာ ပုန်းအောင်းရန် ဗျက်ကွယ်နေရာကောင်းတစ်ခု ရှာကြည့်မည်အပြုမှာပင် မာမာထန်ထန် ပြောဆိုသံတစ်ခု ကြားရသည်။

"ရပ်စမ်း ... မင်းက ဘယ်သူလဲ၊ ဒီနေရာကို ဘာလာလုပ်တာလဲ"

ချင်လိန်ဝေ တုန်လှုပ်သယောင်ပင် ဖြစ်သွားကာ အသံပေါ်ထွက်လာရာသို့ လှမ်းကြည့်လိုက်ရာ ချုံကွယ်တစ်ခုမှ လျှောက်လှမ်းထွက်လာသော မြောက်ပိုင်းနှင်းဖြူစံအိမ်တော်သခင်ကြီး မရဏာဂိုဏ်း၏ နောက်ဆုံးသိုင်းမျိုးဆက်ဖြစ်သော ရှုလုံကို တွေ့ရသည်။

ရှုလုံသည် မရဏာဓားကို ခါးတွင်ချိတ်ထားသည်။ သူ၏

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် ဂျက်မွန်ဂိုနယ် သိုင်းခင်းသားလေး ထျန်းလုံပုရည်နှင့် ရှုလုံ၏သမီးချော ရှုလိယန်တို့ပါရှိလာသည်။ မိမိ မမြင်တွေ့ရသေးသော နောက်တော်ပါ သိုင်းသမားများလည်း ရှိနေနိုင်ကြောင်း ချင်လိန်ဝေ စဉ်းစားမိသည်။

မုန်တိုင်းနဂါးရဲတိုက်တွင် တွေ့မြင်ခဲ့ဖူးသည်မို့ ချင်လိန်ဝေက ရှုလုံ၊ ရှုလိယန်နှင့် ထျန်းလုံပုရည်တို့ကို ကောင်းကောင်း မှတ်မိသိရှိနေသည်။ မုန်တိုင်းနဂါးရဲတိုက်တွင် လူအများကြား ရောနှော၍ နေခဲ့သော ချင်လိန်ဝေကိုတော့ ရှုလုံတို့သားအဖနှင့် ထျန်းလုံပုရည်တို့ မမှတ်မိကြပါ။

သို့သော် သည်နေရာအထိ ရောက်ရှိလာခဲ့သည့်အတွက် မိမိတို့ကို တစ်နည်းနည်းဖြင့် အနှောင့်အယှက် ပေးမည့်ရန်သူဟု၍တော့ သတ်မှတ်လိုက်ကြသည်။

"ကျွန်တော့်နာမည် ချင်လိန်ဝေ၊ ဂိုဏ်းအဖွဲ့မရှိတဲ့ သိုင်းသမားတစ်ယောက်ဆိုပါတော့၊ ဒါပေမဲ့ နှင်းတောင်ယောဂီလေးယောက်တို့ရဲ့ မျိုးဆက်လို့တော့ ပြောနိုင်တယ်၊ သိုင်းလောကရဲ့ အန္တရာယ်ဖြစ်တဲ့ မရဏာဓားရဲ့ မျိုးဆက်ကို ချေမှုန်းဖို့ ရောက်လာတာပဲ"



ချင်လိန်ဝေက လျှို့ဝှက်ထားခြင်းမရှိဘဲ လမ်းမှန်သိုင်းသမားတစ်ယောက် ပီသစွာ မိမိရောက်ရှိလာသည့် အကြောင်းရင်းကို ပွင့်ပွင့်လင်းလင်းပင် ထုတ်ပြောလိုက်သည်။

"ဟား ဟား ဟား … လူငယ်လေးက ကိုယ့်ကိုယ်ကိုယ် အထင် ကြီးလွန်းနေပြီ၊ မင်းမှာ ဒီလိုလုပ်နိုင်ဖို့ အစွမ်းအစ ရှိလို့လား"

ရှုလုံက ရယ်မောပြောဆိုကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်သည်။ ချင်လိန်ဝေမှာ မိမိ၏ပြိုင်ဘက်မဟုတ်၍ မတိုက်ခိုက်လိုကြောင်း ပြလိုက်သည့်သဘော။ ရှုလုံ၏သမီးချော ရှုလိယန် ရှေ့သို့ လျှောက်လှမ်းတက်လာသည်။

"ကျွန်မ ရှုလိယန် ရှင့်ရဲ့ သိုင်းပညာအစွမ်းအစကို ရင်ဆိုင်စမ်းသပ်ကြည့်ချင်ပါတယ်"

ရှုလိယန်က စိန်ခေါ်စကား အတိအလင်းဆိုလာသည်။

ချင်လိန်ဝေသည် မိန်းကလေးတစ်ယောက်နှင့် သိုင်းပညာစွမ်းရည်ပြ ယှဉ်ပြိုင်လိုစိတ်မရှိပေ။ သို့ရာတွင် ရှုလိယန်က တစ်ကြော့ပြန် ခေါင်းထောင်လာသည့် မရဏာဂိုဏ်းကို ကိုယ်စားပြုစိန်ခေါ်လာသည့်အတွက် ချင်လိန်ဝေအနေဖြင့် နောက်ဆုတ်၍ မဖြစ်၊ ရင်ဆိုင်တိုက်ခိုက်ဖို့သာ ရှိပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဘာစောင့်နေတာလဲ၊ ယှဉ်ပြိုင်ကြတာပေါ့"

ချင်လိန်ဝေက ပြောပြောဆိုဆို မိုးပျံဝံပုလွေဓားကို ခွဲထုတ်ကာ ဆတ်ခနဲ ဆန့်တန်း၍ ထိုးလိုက်သည်။ မိုးပျံဝံပုလွေဓားဖျားသည် ရှုလီယန်၏ ရင်ဘတ်ဆီသို့ တိုးဝင်ခြိမ်းခြောက်လာသည်။

ရှုလီယန်က 'ကျွတ်' ခနဲ လျှောင်ပြောင်နှာမှုတ်သံပြုကာ ဝတ်ရုံရှည်ကြီးကို တစ်ချက် ဝှေ့ယမ်းလိုက်သည်။ ဝတ်ရုံရှည်ကြီး ဝှေ့ယမ်းမှုကြောင့် ပေါ်ထွက်လာသော အင်အားလှိုင်းအရှိန်အဟုန် ချင်လိန်ဝေ၏ မိုးပျံဝံပုလွေဓား ထိုးနှက်ချက်ကို တားဆီးချေဖျက်သည်။

ချင်လိန်ဝေ ဓားချက်ပျက်သွားသည်။ ဖိနှိပ်တိုးဝင်လာသော ဝတ်ရုံရှည် ဝှေ့ယမ်းမှုအား အရှိန်အဟုန်ကို ပြေလျော့သွားစေရန်အတွက် ချင်လိန်ဝေက တင်းတင်းမာမာ တောင့်ခံခြင်းမပြုဘဲ အလိုက်သင့်ပင် နောက်သို့ ဆုတ်ပေးလိုက်သည်။

ရှုလီယန်၏ ဝတ်ရုံရှည် လှုပ်ရှားတိုက်ခိုက်မှုအားအင် အရှိန်အဟုန်များ ယုတ်လျော့အားလျော့သွားသည်။

"တိုက်ပြီ ... သတိထား"

ချင်လိန်ဝေက အော်ဟစ်သတိပေးပြီး ရှုလီယန်ကို မိုးပျံဝံပုလွေဓားဖြင့် ဝိုက်ကာခုတ်သည်။ ဓားချက်မြန်လှသွက်လှသော



ကြောင့် ရှုလီယန်မှာ ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုရဲ။ ဝတ်ရုံရှည်ကြီးကို ဆတ်ကာဆတ်ကာ လှုပ်ရှားဝှေ့ယမ်းကာ ချင်းလိန်ဝေ၏ ဓားသိုင်းသိုင်းကွက်ကို ခုခံချေဖျက်သည်။

ရှုလီယန်၏ ဝတ်ရုံရှည်ဝှေ့ယမ်းမှုကြောင့် ပေါ်ထွက်လာသော အင်အားလှိုင်း အရှိန်အဟုန်များသည် လေးဖက်လေးတန်သို့ ဒီရေလှိုင်းများပမာ ဖြာထွက်ရိုက်ခတ်သည်။

ချင်လိန်ဝေလည်း 'နှင်းလေပွေဓားသိုင်း' ၏ ခုခံကာကွယ်ကွက်ကို အပြည့်အစုံ ထုတ်သုံးကာကွယ်လုက်ရာ ရှုလီယန်၏ တိုက်ချက်များ ထိရောက်မှု မရှိတော့ အားအင်တွေ ယုတ်လျော့ပျက်ပြယ်ကုန်ကြသည်။

"တူမလေး ... နောက်ဆုတ်၊ ဒီကောင်လေးကို ဦးလေး ဆုံးမမယ်"

ရှုလီယန်အနေဖြင့် ချင်လိန်ဝေကို မယှဉ်နိုင်မှန်း အကဲခတ်မိသော ထျန်းလုံပုရည် အော်ဟစ်ပြောဆိုကာ တိုက်ပွဲထဲသို့ ဝင်လာသည်။ ရှုလီယန် နောက်ဆုတ်သွားရာ ချင်လိန်ဝေနှင့်ထျန်းလုံပုရည် ရင်ဆိုင်မိသည်။

ချင်လိန်ဝေ စဉ်းစားကြံဆရလေပြီ။ ဂျက်မွန်ဂိုနယ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



မင်းသား ထျန်းလုံပုရည်၏ သိုင်းပညာမှာ အတော်ပင် အဆင့်မြင့်ပြီး ထက်မြက်သည်။ ထျန်းလုံပုရည်ကို ရင်ဆိုင်ဖို့မလွယ်။ အသေအလဲ ကြိုးစားတိုက်ခိုက်ပြီး အနိုင်ယူနိုင်သည်ထားဦး ... မိမိ၏ သိုင်းစွမ်းရည်နှင့် အတွင်းအားအများအပြား ပြုန်းတီးကုန်နိုင်သည်။

တစ်ဖက်လူသုံးယောက်တွင် သိုင်းပညာ အကောင်းဆုံး နှင့် အပါးနပ်ဆုံးဖြစ်သော ရှုလုံသည် တိုက်ပွဲဝင်သေးဘဲ ဘေးမှ အေးအေးဆေးဆေး ရပ်ကြည့်နေသည်၊ ထျန်းလုံပုရည်ကို အကြိတ်အနယ် တိုက်ခိုက်အနိုင်ယူပြီးသောအခါ ရှုလုံတိုက်ခိုက်လာလျှင် မိမိအနေဖြင့် ဘယ်လိုမှ ယှဉ်နိုင်စရာ အကြောင်းမရှိ။

သည်တော့ တစ်ဖက်လူသုံးယောက်တို့အား အချိန်တိုအတွင်း အလျင်အမြန် တိုက်ခိုက်အနိုင်ယူနိုင်မည့် ပရိယာယ် နည်းဗျူဟာကောင်းတစ်ခုတော့ အသုံးပြုရပေမည်။ မည်သို့ ပရိယာယ်ဆင်ရမည်နည်းဟု အမြန်တွေးဆကြည့်သည်။

အကျပ်အတည်း အခြေကြုံသောအခါ စိတ်ကူးဉာဏ်များကွန့်မြူးလာတတ်သည့် လူသဘာဝအတိုင်း ချင်လိန်ဝေက ဦးနှောက်ထဲတွင် တစ်ဖက်လူများကို အလစ်ဖမ်းကာ လျှပ်တစ်ပြက်လျင်မြန်စွာ လှုပ်ရှားတိုက်ခိုက်နိုင်မည့် တိုက်ကွက်ပရိယာယ်တစ်ခု ဖျတ်ခနဲပေါ်လာသည်။



ထျန်းလုံပုရည်က သိုင်းကွက်စတင်ခင်းကျင်းလာလေရာ ချင်လိန်ဝေလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ခေါင်းထဲပေါ်လာသည့် နည်းပရိယာယ် တိုက်ကွက်ကို ရုတ်ခြည်းဖော်ထုတ်လိုက်လေသည်။

ချင်လိန်ဝေသည် သူ့ကို တိုက်ခိုက်လာသော ထျန်းလုံပုရည်နှင့် ရင်ဆိုင်ခြင်းမပြု၊ နှင်းလေပွေဓားသိုင်း၏ ပေါ့ပါးမြန်ဆန်လှသော ကိုယ်ဟန်လှုပ်ရှားမှုကို အဆင့်ကုန် ဖော်ထုတ်ကာ ရှုလုံရပ်နေရာသို့ 'လှစ်' ခနဲ ပြေးဝင်သည်။

နှင်းလေပွေဓားသိုင်းမှာ ပင်ကိုသဘောဝအားဖြင့် ဓား ရေးဓားကွက်များသာ ဖြစ်သည်။ ဓားကွက်များကို အသွက်လက်ဆုံးတရစပ်ထိုးခုတ်ပိုင်းဝိုက် တိုက်ခိုက်ရာတွင် ပေါ့ပါးမြန်ဆန်သော ခြေလှမ်းနှင့် ကိုယ်ဟန် လှုပ်ရှားမှုများ ပေါင်းစပ်ပါဝင်သည်။ ယခု ချင်လိန်ဝေက ဓားရေးဓားဟန် တစ်ခုမျှ မပါဘဲ မြန်ဆန်သော ခြေလှမ်းကွက်နှင့် ကိုယ်ဟန်လှုပ်ရှားမှုများကိုသာ အထူးအလေးတယူ အသုံးပြုသည်။

ထို့ပြင် မိုးမျှော်တောင်ထွဋ်တွင် ဝတ်ရုံစိမ်းနှင့်ဝတ်ထားသော လူ

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းနှစ်ယောက် သင်ပြပေးလိုက်၍ ပိမိလေ့ကျင့်အောင်မြင်ထားသော သန့်စင်မနော အတွင်းအားများကိုလည်း အပြည့်အဝစုစည်းအသုံးပြုသည်။

နှင်းလေပွေဓားသိုင်း၏ ပေါ်ပါးမြန်ဆန်သော လှုပ်ရှားမှုကို သန့်စင်မနောအတွင်းအားဖြင့် ရောနှောပေါင်းစပ်ကာ အလျင်မြန်ဆုံးသော လှုပ်ရှားမှုကို ပြုလိုက်သည်။

လေပွေတစ်ခုပမာ လျင်မြန်ပြီး အင်အားလည်း ပြည့်သော အရှိန်အဟုန်ဖြင့် ရှုလုံအနားသို့ ချင်လိန်ဝေ ရောက်ရှိသွားသည်။

ထိုအခိုက်မှာပင် နေခြည်အလင်းတန်းဓားကွက်ဖြင့် တိုက်စစ်ဆင်သည်။ ဓားကွက်ဖြင့် တိုက်ခိုက်သော်လည်း မိုးပုံဝံပု လေ့ဓားကို မသုံး။ ဓားရှည်အစား လက်ဝါးကိုသာ ဓားချက်သဖွယ် အသုံးပြုသည်။ လူမရောက်မီက နေရောင်အလင်းတန်းဓားကွက်၏ တိုက်စစ်အရှိန်အဟုန်က အရင်ရောက်နှင့်သည်။

ရှုလုံ၏ အမြင်တွင်တော့ ချင်လိန်ဝေသည် ဘာမျှ အရေးလုပ်လောက်စရာ မရှိပါ။ အံသက်အရွယ်ငယ်ရွယ်သည်။ ယခုမှ ရှုလုံ မြင်ဖူးတွေ့ဖူးသော နောက်ပေါက်သိုင်းသမားလေးတစ်ယောက်သာ ဖြစ်သည်။ သိုင်းလောကတွင် အမည်သတင်းလည်း ဘာမျှမရှိ။



လူငယ်လူရွယ်တစ်ယောက်၏ မိုက်ရူးရဲစိတ်ဖြင့် မိမိတို့ကို အံတု ရန်ပြုလာသည်ဟုသာ မှတ်ယူထားသည်။ ရှလိယန် အရေးနိမ့်သွားရမှုမှာလည်း တိုက်ပွဲအတွေ့အကြုံ နည်းသေးပြီး သက်တူရွယ်တူ မွန်ရည်ခန့်ညားသော လူငယ်လူရွယ် သိုင်းလုလင်တစ်ယောက်နှင့် ထိပ်တိုက်ရင်ဆိုင်ရသည့်အတွက် မိန်းမငယ်လေးတို့၏ သဘာဝအရ စိတ်လှုပ်ရှား အာရုံထွေပြားမှုကြောင့်သာ ဖြစ်လိမ့်မည်ဟု တွေးသည်။

ထို့ကြောင့် ရှလိယန် အရေးနိမ့်ရမှုကို ဘာမျှ အလေးအနက်မထား။ သိုင်းလောက အတွေ့အကြုံရင့်ကျက်သော ဝါရင့် သမ္မာရင့် သိုင်းသမားကြီး ထျန်းလုံပုရည်က အလွယ်တကူပင် အနိုင်ယူချေမှုန်းပစ်လိမ့်မည်ဟု တွက်ကာ ခပ်ပေ့ါပေ့ါပင် နေသည်။

သိုင်းလောက၏ အကြိတ်အနယ် ရင်ဆိုင်တိုက်ပွဲများတွင် တစ်ဖက်လူကို အထင်သေးကာ ပေ့ါပေ့ါဆဆ သဘောထားခြင်းသည် အရေးမလှ အရှုံးတွေ့ရစေနိုင်သည့် အဓိကအကြောင်းအချက်ဖြစ်သည်။

ရှုလုံက ခပ်ပေ့ါပေ့ါတွေးကာ၊ ခပ်အေးအေးနေချိန်တွင် ချင်လိန်ဝေ၏ လျှပ်တစ်ပြက် အငိုက်ဖမ်းတိုက်ခိုက်မှု ရုတ်ခြည်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာသည်။

သူ့အနားသို့ ချင်လိန်ဝေ လှစ်ခနဲ ရောက်လာသည်။ ထူးထွေ ဆန်းပြားသော လက်ဝါးရိုက်ချက်ကို ရင်ဆိုင်ရသည်။ ရှုလုံသည် သာမန်သိုင်းသမားတစ်ယောက် မဟုတ်ပေ။

မရဏဓား လက်ကိုင်ရှိနေလျက် မရဏဓားသိုင်းကို ပိုင်နိုင် ကျွမ်းကျင်ကာ မရဏဂိုဏ်းကို တစ်ကြော့ပြန် ဖော်ထုတ်ရာတွင် ဦးစီး ရှေ့ဆောင်ပြုနေသည့် အာဂသိုင်းအကျော်အမော် တစ်ယောက် ဖြစ် သည်။

သည်တော့ အလစ်ဖမ်းကာ လျှပ်တစ်ပြက် တိုက်ခိုက်ခြင်း ခံရ၍ အငိုက်မိခံရမလိုဖြစ်သော်လည်း ငါးရင့် သန္တာရင့် သိုင်းသမား ကြီးတစ်ယောက်ပီပီ ဗီဇဉာဉ် စေ့ဆော်မှုဖြင့် အလိုအလျောက် တုံ့ ပြန်ရင်ဆိုင်သည်။

မရဏဓားကို ရင်ဘတ်ရှေ့တွင် ကန့်လန့်ဖြတ်ကာ တစ် ဖက် လူရှယ် အလစ်အငိုက် ဖမ်းကာ လျှပ်တစ်ပြက် တိုက်ခိုက်လာမှု ကို ရင်ဆိုင်ခုခံသည်။

သို့ရာတွင် မဆိုစလောက်လေး နောက်ကျသွားခဲ့သည်။ ရှုလုံက ရင်ဆိုင်ခုခံမှုကို ကျကျနန မပြုနိုင်မီမှာပင် ချင်လိန်ဝေ၏



လက်ဝါးရိုက်ချက်က ဝင်လာသည်။ လက်ဝါးရိုက်ချက်အားအင်လှိုင်း က ရှုလုံ၏ ညာလက်ကောက်ဝတ်ကို တိကျစွာ တိုးဝင်ထိမှန်သည်။

လက်ဝါးရိုက်ချက်ဆိုသော်လည်း လက်ဝါးကို ဓားရှည်အဖြစ် သုံးထားသည့်အတွက် ထိချက်ပြင်းလှသည်။ ရှုလုံ၏ ညာလက်တွင် ဆုပ်ကိုင်ထားသော မရဏဓား လက်ထဲမှ လွတ်ထွက်သည်။

သိုင်းလောကထုံးတမ်းစဉ်လာအရ ကိုင်ဆောင်ထားသော လက်နက် လက်ထဲမှ လွတ်ထွက်သွားခြင်းသည် ရှုံးနိမ့်သည့်သဘော ဖြစ်ပေရာ ရှုလုံ အကြီးအကျယ် တုန်လှုပ်သည်၊ စိတ်အရမ်းလှုပ်ရှား သည်။

တကယ်တော့ ညာလက်ထဲတွင် ကိုင်စွဲထားသော မရဏ ဓား လက်လွတ်ထွက်သွားသော်လည်း ရှုလုံမှာ တစ်စုံတစ်ရာ ဒဏ်ရာ ရခြင်း မရှိပါ။ ချင်လိန်ဝေကလည်း အုပ်စီးအနိုင်ယူမှု မပြုနိုင်သေးပါ။

ရှုလုံအနေဖြင့် ချင်လိန်ဝေ၏ တိုက်စစ်အရှိန်အဟုန်ကို ဟန့် တားချေဖျက်ကာ လွတ်ထွက်သွားသော မရဏဓားကို မိမိရရ ပြန် လည်ရယူနိုင်သည့် အခြေအနေ ရှိနေသည်။

မိမိ၏ အရေးကြီးသောလက်နက် လက်လွတ်ထွက်သွားမှု ကြောင့် အထူးစိတ်လှုပ်ရှား ဗျာများနေသော ရှုလုံမှာ မရဏဓားကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်အရယူရန် လုံးဝမစဉ်းစားမိ။ ငေးကြောင်သလိုပင် ဖြစ်နေသည်။

ချင်လိန်ဝေအတွက် တကယ့်အခွင့်အခါကောင်းတစ်ခု ပေါ်ပေါက်လာလေပြီ။ ရှုလုံကို မိမိရရ အကြောထိုးပိတ်ရန် ပြင်လိုက်သည်။ ထိုအချိန်မှာပင် ...

☆ ☆ ☆



'ကျစ်ကျစ် ကျလိကျလိ ကျစ်'

ထူးဆန်းသော ငှက်အော်မြည်သံတစ်ခု ပေါ်လာသည်။ ရေခဲမြစ်တစ္ဆေမယ် ကုတုချင်း ရောက်ရှိလာ၍ အချက်ပေးသံဖြစ်ကြောင်း ချင်လိန်ဝေ ချက်ချင်းသိရသည်။ မိမိအနေဖြင့် နည်းပရိယာယ် ကောင်းဖြင့် လျင်မြန်သွက်လက်စွာ လှုပ်ရှားကာ တစ်ဖက်လူများကို အလစ်အငိုက်ရယူကာ အုပ်စီးတိုက်ခိုက်ချေမှုန်းနိုင်တော့မည်မို့ ကုတုချင်း ရောက်လာလျှင် အောင်ပွဲဖြင့်အသင့်ကြိုနိုင်တော့မည်ဟု အထူးပင် အားတက်သည်။

ချင်လိန်ဝေသည် ရှုလုံကို အနီးကပ် အငိုက်ဖမ်းကာ အပိုင်အနိုင် အကြောထိုးပိတ်လိုက်သည်။

ရှုလုံသည် မရဏဓားလက်ကိုင်ရှိထားလျက် မရဏဓားသိုင်းကိုပါ အမွေခံတတ်မြောက်ကျွမ်းကျင်နေပြီး သိုင်းလောက အတွေ့အကြုံလည်း ကုံလုံပြည့်ဝနေသည့် အာဂသိုင်းသမားကြီးတစ်ယောက် ဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုရလျှင် ချင်လိန်ဝေသို့

www.burmeseclassic.com

www.burmeseclassic.com



လူငယ်သိုင်းသမားလေးတစ်ယောက်အနေဖြင့် ရှလုံကို ဘယ်လိုမှ ယှဉ်နိုင်စရာ မရှိ။

သို့သော် ရှလုံသည် ချင်လိန်ဝေကို အထင်အမြင်သေးနေမှုက အဓိက အဆုံးအဖြတ်ပေးသွားသည်။ ချင်လိန်ဝေကို မြင်ဖူးဖို့ ဝေးစွ ချင်လိန်ဝေနှင့်ပတ်သက်၍လည်း ဘာမျှ ရှလုံမသိ။ ရှလုံ အတွက် ချင်လိန်ဝေသည် သာမန်အညတရလူငယ်သိုင်းသမား တစ်ယောက်သာ ဖြစ်သည်။ အရေးလုပ်စရာဟု မအောက်မေ့။

မိမိသမီး အရေးနိမ့် နောက်ဆုတ်ခဲ့ရသည်မှာလည်း တစ်ဖက်လူငယ်က တော်လွန်းလှလို့မဟုတ်၊ အမည်မထင်ရှားသော သာမန်သိုင်းသမားတစ်ယောက်ဟု အထင်သေးစိတ်ဖြင့် ရှလိယန် ပေါ့ဆမိသောကြောင့်ဟု ရှလုံက တွေးသည်။

ထျန်းလုံပုရည်လို ဝါရင့်သိုင်းသမားတစ်ယောက်၏ လက်ထဲတွင် ထိုလူငယ်လေး မရှုမလှ ချေမှုန်းခံရလေတော့မည်ဟု အပိုင်တွက်ကာ ခပ်ပေါ့ပေါ့ပင် ဘေးမှ ရပ်ကြည့်နေခဲ့သည်။

သူ့စိတ်က မလောက်လေးမလောက်စား ဝင်ရောက်နှောင့်ယှက်လာသော ထိုလူငယ်ထက် မရဏလိုဏ်ဂူထဲသို့ ဝင်ရောက်ကာ ထျန်းလုံပုရည်အား မရဏဂိုဏ်း၏ သိုင်းပညာ အမွေအနှစ်နှင့် လက်



နက်ဆန်းများကို ပြသဖို့ကိုသာ အာရုံရောက်နေသည်။

သည်လိုအခြေအနေတွင် ဘယ်လိုမှမထင်မှတ်ဘဲ အနီးကပ် အကြောထိုးပိတ်မှုကို ရင်ဆိုင်ရသောအခါ ထိတ်ထိတ်ကြဲ သိုင်းသမားကြီး ရှလုံ ကောင်းကောင်း အငိုက်မိသွားလေတော့သည်။

မိမိရရ အကြောထိုးပိတ်ခံရပြီး မလှုပ်နိုင်၊ မရှားနိုင်၊ အသံပင် မပြုနိုင်ဘဲ ကျောက်ရုပ်ကြီးတစ်ရုပ်လို ဖြစ်သွားသည်။

ရှလုံကို အကြောပိတ်ပြီးသည်နှင့် ချင်လိန်ဝေသည် ထျန်းလုံပုရည်ထံ ဆက်လက်ပြေးဝင်သည်။ မိမိအနေဖြင့် တစ်ဖက်လူစုကို အနိုင်ယူ ချုပ်ဖမ်းနိုင်ကြောင်း ကုတုချင်း သိစေလိုသောကြောင့် အသံပြု အချက်ပေးသည်။

ချင်လိန်ဝေနှင့်ကုတုချင်းတို့မှာ တွေ့ဆုံခင်မင်တာ မကြာသေးသည့်အတွက် နှစ်ဦးနှစ်ဖက်ကြား သိရှိနားလည်နိုင်သော လျှို့ဝှက် အချက်ပေးမှုများကို အပြန်အလှန် ပြောဆိုဖလှယ်ထားခြင်း မရှိသေး။

ကုတုချင်း ပြောပြထားခဲ့ပြီးဖြစ်သော ငှက်မြည်သံအချက်ပေးမှုတစ်မျိုးတည်းသာ ရှိသည်။ ထို့ကြောင့် ချင်လိန်ဝေသည် ထိုငှက်အော်မြည်သံမျိုးပင်ပြုကာ ကုတုချင်းကို မိမိအောင်နိုင်ပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အသိပေး အကြောင်းကြားရလေသည်။

မိမိအနေဖြင့် နည်းပရိယာယ် တိုက်ကွက်ဖျူဟာကောင်းကို အကြံထုတ်စဉ်းစားကာ ထိမိ သွက်လက်စွာ လှုပ်ရှားလျက် အောင်ပွဲ ဆင်နိုင်ခဲ့မှုအတွက် မာန်တက် ဝံ့ကြွားသည့်သဘောမျိုးလည်းပါ သည်။ ဟန်ပဒိတ်ထုတ်လိုက်သည်ဟုပင် ဆိုနိုင်သည်။

ဤတွင် မမျှော်လင့်သော အဖြစ်တွေ ရုတ်ခြည်းပေါ်ပေါက် လာလေတော့သည်။ ရုလုံတစ်ယောက် နောက်ပေါက်လူငယ်သိုင်း သမားတစ်ယောက်၏ အကြောထိုးပိတ်မှု ခံသွားရသည်ကိုမြင်ရ သော ဂျက်မွန်ဂိုနယ် သိုင်းမင်းသားထျန်းလုံပုရည်မှာ မယုံနိုင် လောက်အောင်ပင် အံ့ဩသွားရလေသည်။

ထို့ကြောင့် အလစ်အငိုက် အခြေအနေမျိုးရှိနေလျက် ပြေး ဝင်လာသော ချင်လိနှ်ဝေကို ဆီးကြိုတားဆီးခြင်းမပြုနိုင်။ ငေး ကြောင်၍ နေသည်။

ချင်လိန်ဝေအနေဖြင့် ထျန်းလုံပုရည်ကို အကြောထိုးပိတ်ရန် ဘာမျှမခက်တော့။ လက်တစ်ဖက်ဆန့်တန်းလိုက်ရုံမျှနှင့်ပင် ကိစ္စ ပြတ်သွားနိုင်သည်။

သို့ရာတွင် ထျန်းလုံပုရည်၏အနီးသို့ ကပ်မိကာ အကြော



ထိုးပိတ်လိုက်တော့မည့် အချိန်မှာပင် ချင်လိန်ဝေ၏ရင်ဘတ် တစ် ဆို့လျက် ခေါင်းထဲ မိုက်ခနဲ ဖြစ်သည်။ စုစည်းထားသော အတွင်းအား များလည်း ရုတ်တရက် ပြေလျော့ပျောက်ကွယ်ကုန်သည်။

အားအင်များ ဆုတ်ယုတ်လျက် ခွေယိုင်လဲကျလုလု ဖြစ် သည်။ ထိုအခိုက် မြင်းခွာသံတဖြောင်းဖြောင်းနှင့် ကုဝဲချင်း မြင်းစိုင်း နှင် ရောက်လာသည်။

"ချင်လိန်ဝေ ... ကျွန်မ ရောက်လာပြီ"

အဝေးမှပင် အသံပြုကာ လက်ဝှေ့ယမ်းပြသည်။

ချင်လိန်ဝေမှာတော့ ဘာကြောင့်အားအင်တွေ ရုတ်တရက် ကုန်ဆုံးသွားရကြောင်းကို နားမလည်နိုင်။ အတွင်းအား စုစည်း၍ မရတော့သောကြောင့် ထျန်းလုံပုရည်အား အကြောထိုးပိတ်ခြင်း လည်း ဘယ်လိုမှ မလုပ်နိုင်တော့။

အံ့အားသင့်လွန်းလှသောကြောင့် ငေးကြောင်ကြောင် ဖြစ် နေလေသော ထျန်းလုံပုရည်က သတိပြန်ဝင်လာကာ ခြေမြန်လက် မြန် ဆိုသလို ချင်လိန်ဝေကို အကြောထိုးပိတ်လိုက်သည်။

ချင်လိန်ဝေ ဘာမျှ မတတ်နိုင်တော့။ ထျန်းလုံပုရည်လည်း ချင်လိန်ဝေကို အကြောပိတ်ပြီးသည်နှင့် မြင်းနှင့်စိုင်းနှင်ရောက်ရှိလာ

www.burmeseclassic.com

www.burmeseclassic.com



သော ကုတုချင်းရှိရာသို့ ခုန်လွှားပြေးဝင်သည်။ ကုတုချင်းကိုလည်း လျင်မြန်စွာ အကြောထိုးပိတ်သည်။

ချင်လိန်ဝေ၏ တုံ့ပြန်အချက်ပေးမှုကြောင့် အခြေအနေ အားလုံး အေးအေးချမ်းချမ်း ရှိနေသည်ဟု ထင်ထားသော ကုတုချင်း မှာလည်း အငိုက်မိခံလိုက်ရသည်။

ရှုလီယန်ကလည်း ဖခင်ဖြစ်သူထံသို့ အပြေးသွားကာ အမြန်ပင် အကြောဖြေဖွင့်ပေးလိုက်သည်။ အခြေအနေက ပြောင်းပြန် ပြောင်းလဲသွားခဲ့လေပြီ။

☆ ☆ ☆



ထျန်းလုံပုရည်ကို အပိုင် အကြောထိုးပိတ်လုဆဲဆဲတွင် ချင်လိန်ဝေ အတွင်းအားများစုစည်း၍ မရတော့ဘဲ အားအင်ဆုတ်ယုတ်သွားခဲ့ရခြင်းမှာ သူ၏ သန့်စင်မနော အတွင်းအား လေ့ကျင့်ခဲ့မှုတွင် ချွတ်ယွင်းချက်လေးတစ်ချက်ရှိနေသောကြောင့် ဖြစ်သည်။

ထူးချွန်ထက်မြက်သော လူငယ်လူရွယ်တို့၏ သဘာဝ အတိုင်း ချင်လိန်ဝေသည် မာနလေးရှိနေသည်။ ထိုမာနစိတ်လေး ကြောင့်ပင် မိုးမျှော်တောင်ထိပ်တွင် သန့်စင်မနော အတွင်းအား ကျင့်စဉ် သင်ယူလေ့ကျင့်ခဲ့သော (၇) ရက်တာ ကာလအတွင်း အခက်အခဲ တွေ့ရသည့်အခါ ဝတ်ရုံစိမ်းနှင့် ဝတ်ရုံနီ လူထူးဆန်း နှစ်ယောက်ထံ သွားရောက်မေးမြန်းခြင်းမပြုဘဲ မိမိဘာသာပင် ကြိုး စား ဖြေရှင်းခဲ့သည်။

ဉာဏ်ရည်ထက်မြက်သည့်အတွက် အခက်အခဲများကို စဉ်း စားကြံဆကာ ဖြေရှင်းကျော်လွှားနိုင်ခဲ့သော်လည်း သန့်စင်မနော အတွင်းအားသည် စိတ်နေစိတ်ထား အထူးသန့်ရှင်းမှုကို အခိုက်

www.burmeseclassic.com

www.burmeseclassic.com



အခြေခံထားပေရာ ထိုသို့သော မာနစိတ်ကလေးကပင်လျှင် အတွင်းအားလေ့ကျင့်မှုအတွက် အနှောင့်အယှက်ဖြစ်နေသည်ကိုတော့ ချင်လိန်ဝေ သတိမမူမိခဲ့ပါ။

ယခု ရှလုံ၊ ထျန်းလုံပုရည်တို့ကဲ့သို့သော အကျော်အမော်သိုင်းသမားကြီးများနှင့် ရင်ဆိုင်ကာ ရှိသမျှသောအားနှင့် သိုင်းစွမ်းရည်များကို အိတ်သွန်ဖာမှောက်ဆိုသလို အကုန်အစင် ထုတ်သုံးတိုက်ခိုက်ရသောအခါ မာနစိတ်ကြောင့် ဖြစ်တည်နေခဲ့သော ချွတ်ယွင်းချက်ကလေးက သိသာစွာ နှောင့်ယှက်လာသည်။

ရှလုံကို အောင်မြင်စွာ အကြောထိုးပိတ် အနိုင်ယူနိုင်ခဲ့ပြီး ထျန်းလုံပုရည်ကိုလည်း အကြောပိတ်ပစ်ရလုနီးနီး အခြေအနေရောက်လာသောအခါ ချင်လိန်ဝေမှာ မိမိကြံစည်ဖော်ထုတ်သောနည်းပရိယာယ်တိုက်ကွက်ဗျူဟာကို အထူးပင်ကျေနပ်ကာ မာန်တက်လာသည်။ ဤအတွင်း ကုတုချင်းကလည်း ရောက်ရှိလာပြန်ရာ ချင်လိန်ဝေမှာ အောင်မြင်မှုကို ဝံ့ကြွားလိုသည့်စိတ်လည်း ပေါ်ပေါက်လာနေသည်။

ထိုသို့ မာန်တက်လာမှုကြောင့် သူ၏စိတ်မှာ 'ညစ်နွမ်း'သလိုဖြစ်လျက် သန့်စင်မနေသောအတွင်းအားများကို အသုံးမချနိုင်တော့ဘဲ အားအင်များ ဆုတ်ယုတ်သလို ဖြစ်သွားရခြင်းပင်။



ချင်လိန်ဝေထက် အားအင်ယုတ်လျော့သွားမှုကို ထျန်းလုံပုရည်က အမိအရအသုံးချကာ တန်ပြန်လှုပ်ရှားလိုက်ရာ ချင်လိန်ဝေ အနိုင်ရနေရာမှ အရှုံးနှင့်ရင်ဆိုင်ရလေတော့သည်။

"ဒီကောင်လေးနဲ့ ကောင်မလေးတို့ကို ဘယ်လိုစီရင်ရမလဲ ဂိုဏ်းချုပ်ကြီး ... သတ်ပစ်လိုက်တာ ကောင်းမယ်ထင်တယ်"

ထျန်းလုံပုရည်က လှမ်းမေးသည်။

"ဒုဂိုဏ်းချုပ်ကြီးပြောတာ ကောင်းပါတယ်၊ ဒါပေမဲ့ ဒီထက်ပိုကောင်းမယ့်နည်းလမ်း ကျုပ်စဉ်းစားမိတယ်"

သမီးဖြစ်သူ အကြောဖြေပေး၍ အပိတ်ခံထားရသော အကြောများ ပြေပွင့်သွားသော ရှလုံက ပြန်ဖြေသည်။

"ဂိုဏ်းချုပ်ကြီးက ဘာနည်းလမ်းကောင်းတွေများ စဉ်းစားမိလို့လဲ၊ အမိန့်ရှိပါဦး"

"ကောင်လေးက သိုင်းပညာစွမ်း တော်တော်မြင့်တယ်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပြီး ကြံရည်ဖန်ရည်လည်း ကောင်းတယ်၊ ကျုပ်တို့ကို အလစ်ဝင်တိုက်ခိုက်နိုင်တာ တော်ရုံတန်ရုံ အစွမ်းအစ မဟုတ်ဘူး၊ ဒါကြောင့် သူ့ကို ကျုပ်တို့ဂိုဏ်းထဲ သိမ်းသွင်းယူရ

www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဟာ ... ကောင်းလိုက်တဲ့အကြံ၊ ဂိုဏ်းချုပ်ကြီးမို့လို့ ဒီနည်းလမ်းမျိုး စိတ်ကူးမိပေတယ်"

ထျန်းလုံပုရည်က ရှလုံကို အားရပါးရပင် ချီးကျူးထောပနာပြုသည်။

"ကောင်လေး ... မင်းနာမည်ဘယ်လိုခေါ်လဲ ... ချင်လိန်ဝေ မဟုတ်လား"

စောစောက ကုတုချင်းလှမ်းခေါ်လိုက်သည့်အသံကို ကြားမိထားသော ရှလုံက မေးလိုက်သည်။

"ဟုတ်ပါတယ်"

ချင်လိန်ဝေက ဝန်ခံလိုက်သည်။

"ဟိုကောင်မလေးကကော"

"ကုတုချင်းပါ"

"ရေခဲမြစ်တစ္ဆေမယ် ကုတုချင်း ဆိုတာလား"

ရှလုံက သေချာအောင် ထပ်မေးလာသည်။

"ဟုတ်ပါတယ်"

"မင်းနဲ့ ကုတုချင်း ဘယ်လိုပတ်သက်လဲ"



"ဟို ... အဲ ... မိတ်ဆွေကောင်းတွေပါ"

"ဟုတ်ပြီ ဟုတ်ပြီ ... ငါဘယ်သူလဲဆိုတာကော မင်းသိသလား"

"သိတယ် ... မြောက်ပိုင်းနှင်းဖြူစံအိမ်တော်ရှင်ကြီး ရှလုံ၊ ဟိုတစ်ယောက်က ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရည်၊ ဟိုမိန်းကလေးက ရှလီယန်"

"အင်း ... ပြောတာမမှားပါဘူး။ ဒါပေမဲ့ လိုအပ်တာတော့ ရှိနေတယ်၊ ငါက ပြန်လည်ပေါ်ထွန်းလာတဲ့ မရဏဂိုဏ်းရဲ့ ဂိုဏ်းချုပ်၊ ထျန်းလုံပုရည်က ဒုတိယဂိုဏ်းချုပ်၊ ရှလီယန်က ဦးစီးမှူး"

"သြော် ... ဒီလိုကိုး"

"မင်းနဲ့ မင်းရဲ့မိတ်ဆွေမလေးကို ငါတို့မရဏဂိုဏ်း ဒုတိယဦးစီးမှူးနေရာတွေ ပေးမယ်၊ ငါတို့ဂိုဏ်းထဲ ဝင်ကြပါလား"

မရဏဂိုဏ်းလို အင်အားကောင်းသော သိုင်းဂိုဏ်းကြီးတစ်ခု၏ ဒုတိယဦးစီးမှူး ရာထူးနေရာသည် အဆင့်အတော်မြင့်ပေသည်။ သိုင်းသမားအတော်များများအတွက် မက်လုံးကောင်း ဖြစ်သည်။

"လမ်းလွဲသိုင်းဂိုဏ်းတစ်ခုမှာ ကျွန်တော်တို့ မပါဝင်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချင်လိန်ဝေကတော့ စဉ်းစားခြင်းပင် ပြုမနေ။ ချက်ချင်း ငြင်းပယ်သည်။

"မင်းတို့နှစ်ယောက်လုံး ငါတို့လက်ထဲမှာ ရှိနေကြတယ်ဆိုတာ သိတယ်မဟုတ်လား ... သေသေချာချာ စဉ်းစားပါ"

"သတ်ချင်ရင် သတ်ပစ်လိုက် ... လမ်းလွှဲသိုင်းသမားတော့ အဖြစ်မခံဘူး"

ချင်လိနံဝေက ပြတ်ပြတ်သားသား ထပ်ပြောသည်။

"သတ္တိအကောင်းသားပဲ၊ အသက်အသေမသတ်ဘဲ မင်းကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်နိုင်တဲ့နည်းတွေ အများကြီးရှိတယ်ဆိုတာကို မမေ့နဲ့၊ ဘယ်လောက်များ ခေါင်းမာနိုင်မယ်ဆိုတာ ကြည့်ကြရသေးတာပေါ့"

ထျန်းလုံပုရည်က လေအေးအေးနှင့်ပြောသည်။

"အကောင်းဆုံးကတော့ မင်းတို့ မရဏဂိုဏ်းထဲကို ဝင်လိုက်တာပါပဲ၊ ဒါဆို မင်းတို့အဖို့လည်း အကျိုးရှိ၊ ငါတို့အတွက်လည်း အင်အားရလာ ... နှစ်ဦးနှစ်ဖက် အကျိုးဖြစ်တာပေါ့၊ အခြေအနေမှန်ကိုနားလည်မှ လူစွမ်းကောင်းဆိုတဲ့စကား ကြားဖူးကြတယ် မဟုတ်လား"



ရှလုံက ခြိမ်းခြောက်မှု မပါသော ဆွယ်တရားကို ဝင်ပြောသည်။ ထိုအချိန်မှာပင် ရိုးခနဲ ရိပ်ခနဲ လှုပ်ရှားမှုများနှင့်အတူ လူသုံးယောက် ပြေးလွှားရောက်ရှိလာကြသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသူများမှာ စားစကြာဂေဟာရှင် ဝန်ကျောက်ဖုန်း၊ မုန့်တိုင်းနဂါးရဲတိုက်သခင်ကြီး ရှန်ကင်းစင်းနှင့် မိုးပုလဲစားရှင် ကျန်းလိန်ဂူတို့ ဖြစ်ကြသည်။

"တစ်ယောက်မှ အလွတ်မပေးနဲ့ ... သုံးယောက်စလုံးကို သုတ်သင်ပစ်"

ဝန်ကျောက်ဖုန်၊ ရှန်ကင်းစင်းနှင့် ကျန်းလိန်ဂူတို့ ရောက်လာကြသည်ကို မြင်ရသည်နှင့် ရှလုံက ပြင်းထန်သောတိုက်မိန့်ကို ပေးလိုက်သည်။

ကျန်လူသုံးယောက်သည် မိမိတို့ မရဏဂိုဏ်းကို ကောင်းကောင်းအနှောင့်အယှက်ပေးနိုင်သော အမိကရန်သူကြီးများဟု ရှလုံက သိထားသည်။ ပြန်လည်ပေါ်ထွန်းတော့မည့် မရဏဂိုဏ်း၏ ရန်ဆူးငြောင့်များကို ကြိုတင်ရှင်းလင်းပစ်ထားနိုင်ရန်အတွက် ဤတိုက်မိန့် ပေးလိုက်ခြင်းဖြစ်သည်။

ကိုယ်တိုင်လည်း မရဏစားကို စွဲကိုင်ကာ ကျန်းလိန်ဂူကို



ဝင်တိုက်သည်။ ထျန်းလုံပုရည်နှင့် ရှလိယန်တို့လည်း တိုက်ပွဲဝင်လာရာ ဝန်ကျောက်ဖုန်၊ ရှန်ကင်းစင်းတို့နှင့် ရင်ဆိုင်မိကြသည်။

ကျန်းလိန်ဂူသည် မရဏဂိုဏ်းကို အမြစ်ဖြုတ် ရှင်းလင်းနိုင်ရန် မိုးပုလဲစားကို အရရှာဖွေ ဖော်ထုတ်လျက် ကြိုးပမ်းလာခဲ့ရာ မုန့်တိုင်းနဂါးရဲတိုက်တွင် မိုးပုလဲဓား ကျိုးပြတ်ပျက်စီးသွားခဲ့ပြီးနောက် ကျန်းလိန်ဂူတွင် လက်မောင်းပြုတ်သလို အားကိုးရာ လက်နက် ကင်းမဲ့နေရာ မိမိက အလွယ်တကူ အနိုင်ယူချေမှုန်းပစ်ပြီး ရှလိယန်နှင့် ထျန်းလုံပုရည်တို့ကို ပိုင်းကူပေးရန် ရှလုံက စိတ်ကူးထားသည်။

မုန့်တိုင်းနဂါးရဲတိုက်ကွင် ရင်ဆိုင်ခဲ့ရစဉ်က သူ၏ မရဏစားချက်ဖြင့် ကျိုးပြတ်ပျက်စီးသွားခဲ့သည်မှာ မိုးပုလဲဓားမှာ အစစ်မဟုတ်ဘဲ ပုံစံတူ အသွင်တူ ပြုလုပ်ထားသော မိုးပုလဲစားအတုသာ ဖြစ်ကြောင်းကိုတော့ ရှလုံ မသိသေးပေ။

မိမိထံ ပြေးဝင်တိုက်ခိုက်လာသော ရှလုံကို ကျန်းလိန်ဂူက ဆီးကြိုရင်ဆိုင်သည်။ ခုတ်ပိုင်းချလာသော မရဏစားချက်ကို ညာလက်ရှိ မိုးပုလဲစားဖြင့် အလိုက်သင့် ခံဆောင်သည်။ စားရိပ်စားရောင်များ ဖွေးလက်ပြိုးပြက်ကာ စားနှစ်လက် ရင်ဆိုင်ခုတ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထျန်း'

ခုတ်ပိုင်းချလာသော ဓားချက်က အားပြင်းသလို ခံဆောင်သော ဓားကလည်း အင်အားသိပ်သည်းရာ ဓားချင်းဆိုင် ခုတ်မိလျှင် ပေါ်လာသော အားအင်အရှိန်အဟုန်ကလည်း ကြီးမားသည်။

ကျန်းလိန်ဂူကို အချိန်တိုအတွင်း အနိုင်ယူချေမှုန်းလိုသော ရှလုံသည် ပွဲဦးထွက် ဓားချက်တွင် မရဏဓားသိုင်း၏ သိုင်းစွမ်းရည် အပြည့်နီးပါး ထည့်သုံးထားသည်။ မိုးပုလဲဓား လက်ကိုင်မရှိတော့သော ကျန်းလိန်ဂူအနေဖြင့် မိမိ၏ဓားချက်ကို ခံနိုင်မည်မဟုတ်ဘဲ သိုင်းကွက်တစ်ကွက်၊ ဓားချက်တစ်ချက်တည်းဖြင့်ပင် ပွဲသိမ်းနိုင်မည် ဟုလည်း ရှလုံက အပိုင်တွက်ထားလေသည်။

ထို့ကြောင့် ကျန်းလိန်ဂူကို ချေမှုန်းပစ်ပြီးနောက် သမီး ရှလိယန်ကို ဝင်ကူညီလျက် ရှန်ကင်းစင်းကို ချေမှုန်းသုတ်သင်မည့် ဓားချက်ကိုပင် ကြိုတင်စဉ်းစား ပြင်ဆင်ထားလေသည်။

သို့ရာတွင် ဓားနှစ်လက် ဆိုင်၍ အားပြင်းစွာ ထိမိခိုက်မိလိုက်ချိန်တွင် မိမိတွက်ထားသည့်အတိုင်း မဖြစ်နိုင်ကြောင်း ရှလုံနားလည်လိုက်ရလေတော့သည်။

မရဏဓား၏ အားပြင်းသောခုတ်ချက်ကို ကျန်းလိန်ဂူ၏





လက်ထဲရှိ ဓားရှည်က ကြံ့ကြံ့ခံနိုင်သည်။ ဓားကောင်းတစ်လက်၏ သိပ်သည်းကျစ်လျစ်သော ခံဆောင်မှုစွမ်းရည်ကြောင့် ရှလုံ၏ ဓားချက်အားအင်များလည်း မှန်းထားသလို အရာမရောက်ဘဲ အားလျော့ပျက်ပြယ်ကုန်သည်။

သိုင်းပညာအနေဖြင့် ရှလုံနှင့် ကျင်းလိန်ဂူတို့သည် မတိမ်းမယိမ်း ဖြစ်ကြသော်လည်း ရှလုံက တိုက်ပွဲအတွေ့အကြုံပိုများပြီး အတွင်းအား ပိုကောင်းသည်။ မရဏဓား စွဲကိုင်ကာ မရဏဓားသိုင်းဖြင့် တိုက်ခိုက်မှုကို သာမန်အားဖြင့်ဆိုလျှင် ကျန်းလိန်ဂူ ထိပ်တိုက်ရင်ဆိုင်ခံဆောင်နိုင်စွမ်း မရှိပါ။

သို့သော် ရှလုံက မိမိကိုယ်မိမိ အထင်ကြီးကာ ကျန်းလိန်ဂူကို အထင်သေးပြီး နိုင်ရမည်ဟု အပိုင်တွက်ထားရာ သူမှန်းဆထားသလို ဖြစ်မလာဘဲ မိုးပုလဲဓား၏ ကျစ်လျစ်သိပ်သည်းသော ခုခံကာကွယ်မှုအင်အားနှင့် ရုတ်တရက် ရင်ဆိုင်ရသောအခါ ရှလုံ စိတ်တည်ငြိမ်မှု ပျက်ပြားကာ 'အာရုံထွေပြား' 'ဗျာများ'သွားသည့် အတွက် မရဏဓားသိုင်းစွမ်းရည်များ အားပျော့ကုန်ကြခြင်းဖြစ်သည်။

ရှလုံ၏ ဓားချက်အင်အားစွမ်းရည် လျော့သွားသည်နှင့် ကျန်းလိန်ဂူက မာန်သွင်းသံတစ်ချက် ဟစ်ကြွေးကာ ရှေ့သို့ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး တိုက်ကွက်ဖော်ထုတ်လာသည်။

တွက်ကိန်းလွဲကာ ထင်တိုင်းမပေါက်၍ စိတ်လှုပ်ရှား သိုင်းကွက် ပျက်သွားသော ရှလုံသည် ရင်ဆိုင်တိုက်ပွဲပေါင်းများစွာ တိုက်ခိုက်လာခဲ့သော အတွေ့အကြုံကြောင့် ချက်ချင်းပင် စိတ်ကို တည်ငြိမ်အောင်ပြုလျက် ပျက်သွားသော သိုင်းကွက်ကို ပြန်ထိန်းနိုင်သည်။

လှမ်းတက်တိုက်ခိုက်လာသော ကျန်းလိန်ဂူ၏ ဓားချက်ကို ခုခံဖယ်ရှားရင်း တန်ပြန်တိုက်ကွက်တစ်ကွက် ဖြိုးခနဲ ဖျတ်ခနဲ ဆင်သည်။ သည်လို ခုခံကာကွယ်ရင်း တန်ပြန်တိုက်စစ်ဆင်မှုသည် အလွန်ခက်ခဲလှသည်။ တိုက်ပွဲအတွေ့အကြုံ ကြွယ်ဝသော သမ္ဘာရင့် သိုင်းသမားကြီးများသာ စွမ်းဆောင်နိုင်သည်။ ပြီးတော့ အတွင်းအားကို လိုသလို လျင်မြန်စွာ စုစည်းပြောင်းလဲ လှုပ်ရှားနိုင်စွမ်းလည်း ရှိမှဖြစ်သည်။

ရှလုံ၏ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်မှုနှင့် အတွင်းအားကို လျင်မြန်စွာ ပြောင်းလဲလှုပ်ရှားမှုက တိုက်ပွဲကို အဆုံးအဖြတ်ပေးသွားသည်။

ကျန်းလိန်ဂူအနေဖြင့် ရှလုံ၏ လျင်မြန်သွက်လက်လှသော



တန်ပြန်တိုက်ကွက်ကို မကာကွယ်နိုင်၊ မိုးပုလဲဓားဖြင့် ကမန်းကတန်း ခုခံပက်ထုတ်လိုက်သော်လည်း တိုက်ကွက်ကို မဖြိုခွဲနိုင်။

ညာဘက်ပခုံးစွန်းကို မရဏဓားက ရှပ်၍ ခုတ်ဖြတ်မိသည်။ မရဏဓားဆိုသည်မှာ သာမန်ဓားကောင်းတစ်လက် မဟုတ်။ လျှို့ဝှက်စွမ်းရည်တွေရှိသော ထိပ်တန်းဓားကောင်းတစ်လက် ဖြစ်သည်။ ထိမိ ရှမိသည်နှင့်ပင် အဆိပ်သင့်သွားနိုင်သည်။ သွေးကြောတွေ ထုံထိုင်း၍ တုံ့ဆိုင်းကုန်နိုင်သည်။

ကျန်းလိန်ဂူကိုင်စွဲထားသော မိုးပုလဲဓားကလည်း သိုင်းလောက၏ ထိပ်တန်းဓားကောင်းဓားမြတ်တစ်လက် ဖြစ်လေရာ ပက်ထုတ်လိုက်မှုတွင် မရဏဓားကို လှုပ်ခါထိခိုက်သွားစေရာ မရဏဓား၏ အဆိပ်အာနိသင်များကို အတန်အသင့် ချေဖျက်ပစ် လိုက်နိုင်သည်။

တိုက်ကွက်ပြိုပျက်သွားအောင်တော့ မလုပ်နိုင်ခဲ့သည့် အတွက် ဓားချက်ရှပ်ခုတ်မိသောအခါ ကျန်းလိန်ဂူ၏ ညာလက်တစ်ခုလုံး ကျင်သွားသည်။

မိမိအခြေအနေ မဟန်ကြောင်း ရိပ်မိသော ကျန်းလိန်ဂူသည် နောက်သို့ အမြန်ခုန်ဆုတ်သည်။ လက်ထဲရှိ မိုးပုလဲဓားကို

www.burmeseclassic.com

www.burmeseclassic.com



လည်း စက်ပိုင်းသဏ္ဌာန် ဝိုက်၍ ခုတ်လိုက်သည်။

ထိုလုပ်ဆောင်ချက်သည် မရဏစား၏ အဆိပ်အာနိသင် စက်ကွင်းကို ဖြတ်တောက်ပစ်လိုက်နိုင်သည်။ သို့ရာတွင် ထိုလှုပ်ရှားကွက်တွင် အတွင်းအား ထည့်လိုက်ရသည့်အတွက် ရင်ဝတွင် အောင့်ကာ အသက်ရှုကျပ်သည်။ နောက်သို့ ခုန်ဆုတ်ပြီးနောက် ခြေလှမ်းနိုင်အောင် မရပ်နိုင်။ ဒယီးဒယိုင် ဖြစ်သွားရသည်။

သည်လိုအခြေအနေတွင် ရှလုံက မရဏစားဖြင့် ပွဲသိမ်းတိုက်ကွက်ဆင်မည်ဆိုလျှင် ကျန်းလိန်ဂူ တစ်ခါတည်းအသက်ပျောက်သွားပေလိမ့်မည်။ သို့သော် ရှလုံက ပွဲသိမ်းတိုက်ကွက်မဆင်။

ဒယီးဒယိုင် ဖြစ်နေသော ကျန်းလိန်ဂူကို မရဏအပ်ပျံ သုံးစင်းနှင့် လှမ်းပစ်ပြီး ရှလိယန်နှင့် ရင်ဆိုင်နေသော ရှန်ကင်းစင်းထံသို့ ခုန်လွှားဝင်သွားသည်။

မရဏအပ်ပျံ ငါးစင်း ပစ်လွှတ်လိုက်ရာ လူမရောက်မီပင် အပ်ပျံများက ရှန်ကင်းစင်းထံ အရင်ရောက်နှင့်သည်။ အပ်ပျံများ အထိမခံရလေအောင် ကြိုးစားရှောင်ရှားနေသော ရှန်ကင်းစင်း ခြေရှုပ်လက်ရှုပ် ဖြစ်နေခိုက် သူ့အနားသို့ ရှလုံရောက်လာသည်။

ရှန်ကင်းစင်း ထိတ်လန့်တုန်လှုပ်သွားကာ ရှလုံကို ရင်ဆိုင်



ခုခံမည်အပြုမှာပင် ရှလိယန်၏ ဝတ်ရုံရှည်ကြီးက အုပ်မိုးလွှမ်းခြုံလာသည်။ ရှန်ကင်းစင်း မရှောင်နိုင်တော့။ ဝတ်ရုံရှည်ကြီး အုပ်မိုးလွှမ်းခြုံမိကာ ရှလိယန်၏ အကြောထိုးပိတ်ခြင်းကိုလည်း ခံလိုက်ရလေတော့သည်။

“ဝန်ကျောက်ဖုန် … ဆက်မတိုက်နဲ့တော့၊ ဆက်တိုက်မယ်ဆိုရင် ကျုပ်တို့လက်ထဲရောက်နေတဲ့ လူတွေအားလုံးကို သတ်ပစ်လိုက်မယ်၊ သေသေချာချာ စဉ်းစားဆုံးဖြတ်ပေတော့”

ရှန်းကင်းခင်းကို ရှလိယန်က အကြောထိုးပိတ်လိုက်ပြီးသောအခါ ရှလုံက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ဝန်ကျောက်ဖုန် အရဲမကိုးဝံ့တော့။ ဉာဏ်ထက်မြက်သူ တစ်ယောက်မို့ လက်ရှိအခြေအနေကို ဝန်ကျောက်ဖုန် ကောင်းကောင်းနားလည်သဘောပေါက်သည်။ ချင်လိန်ဒေနှင့် ကုတုချင်းတို့ အဖမ်းခံထားရပြီး ကျန်းလိန်ဂူ ဒဏ်ရာပြင်းပြင်းထန်ထန်ရကာ ရှန်ကင်းစင်းလည်း အကြောပိတ်ခံထားရလျှက် မိမိတစ်ယောက်တည်း ရှလုံတို့လူစုကို ရင်ဆိုင်နိုင်မည်မဟုတ်ကြောင်း သိသည်။

ဝန်ကျောက်ဖုန် ဆက်မတိုက်ခိုက်တော့။ ကျာပွတ်နှင့် ရှည်ကို ပြန်ရုပ်သိမ်းလိုက်သည်။ ထျန်းလုံပုရှည်၏ အကြောပိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးမှုကို ငြိမ်ခံလိုက်သည်။

"ကိုင်း ... ရှင်းရှင်းပဲပြောမယ် ... ကျုပ်တို့ မရဏဂိုဏ်းထဲ ဝင်တဲ့လူ အသက်ချမ်းသာရာရမယ်၊ မဝင်ဘဲ ငြင်းဆန်မယ်ဆိုရင်တော့ အသက်ဆုံးရှုံးရဖို့ပဲ ရှိတယ် ... ကြိုက်သလို ဆုံးဖြတ်ကြ"

ဝန်ကျောက်ဖုန်ကို အကြောပိတ် ဖမ်းချုပ်ပြီးနောက် ထျန်းလုံပုရှည်က ပိုင်စိုးမှု ဟန်ဟိတ်အပြည့်နှင့် ပြောလိုက်သည်။

"အပြောကောင်းတယ် ... ဒီလိုလုပ်ချင်တိုင်း လုပ်နိုင်မယ် ထင်နေလို့လား"

ထျန်းလုံပုရှည်၏ ဟန်ဟိတ်ပြပြောကြားမှုအဆုံးတွင် ရယ်မောပြောဆိုသံတစ်ခု ပေါ်လာသည်။

"ဘယ်သူရောက်လာတာလဲ၊ ပုန်းလျှိုးကွယ်လျှိုး လုပ်မနေနဲ့ ... သတ္တိရှိရင် ပေါ်ပေါ်ထင်ထင် ထွက်လာခဲ့"

ထျန်းလုံပုရှည်က ပြန်ပြောလိုက်သည်။

"ဘယ်သူက ပုန်းကွယ်နေလို့လဲ ... ဒီမှာ ထင်ထင်ရှားရှား ရပ်နေတာ မျက်စိက မမြင်ရဘူးလား"

ထျန်းလုံပုရှည်သာမက ရှလုံပါ မျက်နှာကွက်ခနဲ ပျက်သွားသည်။



အသံကြားနေရသော်လည်း လူကို မမြင်ရသည့်အတွက် အသံရှင်မှာ သာမညမဟုတ်။ အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက်ဧကန်ဖြစ်ရမည်ဟုတော့ သိကြသည်။ အနီးတစ်ဝိုက်ကို မျက်စိကစားကာ ကြည့်သည်။ သူတို့လူစုမှလွဲ၍ အခြားလူရိပ်လူရောင် မမြင်ရ။

"ဟိုမှာ ဖေဖေ ... ဟိုမှာ"

ရှလီယန်က အလောတကြီးပြောပြီး လက်ညှိုးထိုးကြသည်။

ရှလုံနှင့် ထျန်းလုံပုရှည်တို့ ရှလီယန် လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြရာ အတော်လှမ်းလှမ်းတွင် ရပ်နေကြသော လူသုံးယောက်ကို မြင်ကြရသည်။

စကားသံသည် အနီးကပ်ကြားရပေရာ သူတို့ရှိနေသည့်နေရာ၏ အနီးကတစ်ဝိုက်ကိုသာ ကြည့်ရှုမိကြရာ အဝေးဆီတွင် ရှိနေသော အသံရှင်ကိုမမြင်ခဲ့ကြရပေ။ ယခု ရှလီယန်က အမှတ်မထင် အဝေးသို့ လှမ်းကြည့်လိုက်မိသောအခါတွင်မှ အတော်လှမ်းလှမ်းတွင် ရှိနေသူသုံးယောက်ကို လှမ်းမြင်ရခြင်း ဖြစ်သည်။

အဝေးတွင် ရှိနေပါလျက် အသံကို အနီးကပ်ကြားရသည့် အသွင်မျိုးရှိအောင် အတွင်းအားထည့်သုံးကာ ပြောလိုက်သည့် အတွက် အသံဖြင့်လှည့်စားဖန်တီးမှုအစွမ်းကို အံ့သြဖွယ်ရာ ကြုံတွေ့

www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။

"လတ်စသတ်တော့ သိုင်းထိပ်ခေါင်တင်ဒေဝီ ရောက်လာတာကိုး၊ ရောက်လာမယ်မှန်း မသိရလို့ မကြိုဆိုမိတာ ခွင့်လွှတ်ပါ"

ရှလုံက ပြောလိုက်သည်။

အတော်ဝေးဝေးတွင် ရှိနေရာ လူလုံးလူဖန် ပုံပန်းသဏ္ဍာန် ကွဲကွဲပြားပြား မမြင်နိုင်သော်လည်း သည်လို အတွင်းအားမျိုး အသုံးပြုနိုင်သူမှာ သိုင်းလောကတွင် လက်ချိုးရေတွက်၍ပင် ရနိုင်လောက်သည့်အတွက် မည်သူမည်ဝါဖြစ်ကြောင်း စဉ်းစားမိသည့်အတွက် ရှလုံက ဒက်ခနဲပင် ပိုင်ပိုင်နိုင်နိုင် ပြောချလိုက်သည်။

"မဆိုးဘူး မဆိုးဘူး ... ရှလုံက မျက်စိအကြည့်ကောင်းတယ်"

စကားသံနှင့်အတူ သိုင်းထိပ်ခေါင်တင်ဒေဝီက လှစ်ခနဲ ရှေ့သို့ လျှင်မြန်စွာ လျှောက်လှမ်းလာရာ စကားအဆုံးတွင် ရှလုံ၏ ရှေ့မှောက်သို့ လက်စွဲတော် မိန်းကလေးနှစ်ယောက်ဖြစ်သော မဟူရာ၊ ကျောက်စိမ်းလေးတို့နှင့်အတူ ရှလုံ၏ ရှေ့မှောက်သို့ ဘွားခနဲ ရောက်လာသည်။

☆ ☆ ☆



## အခန်း ( ၁၀ )

ရှလုံတို့ရှေ့မှောက်သို့ သိုင်းထိပ်ခေါင်တင်ဒေဝီသည် ရန်ရှေ့တော် မိန်းကလေးနှစ်ယောက်ဖြစ်သော မဟူရာနှင့် ကျောက်စိမ်းလေးတို့နှင့်အတူ ရောက်ရှိလာသည်။

"သိုင်းထိပ်ခေါင်တင်ဒေဝီနဲ့ ကျုပ်တို့မရဏဂိုဏ်းဟာ ကန်ရေနဲ့ ပင်လယ်ရေလို ကိုယ့်ဘာသာ သီးခြားနေလာခဲ့ကြပါတယ်၊ ဆက်နွှယ်ပတ်သက်မှုလည်း မရှိခဲ့ပါဘူး၊ ဒီနေ့ ဒီနေရာကို ရောက်လာတာ ဘာအကြောင်းကိစ္စရှိလို့ပါလဲ"

ရှလုံက ဂုဏ်ရည်တူသိုင်းသမားအချင်းချင်း ပြုလေ့ရှိသည်။ ညာလက်ဝါးဖြန့်ကာ ဘယ်လက်သီးကို ညာလက်ဝါးအလယ်တွင် ထိကပ်လျက် ဂါရဝပြုပြီး မေးသည်။

"မှန်တယ် ... ရှင်တို့နဲ့ ကျုပ်တို့ ကင်းကင်းရှင်းရှင်း နေခဲ့ကြတယ်၊ အခု ရောက်လာတာကလည်း ရှင်တို့နဲ့ ဘယ်လိုမှ ပတ်သက်မှု

www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး၊ ဟိုကောင်လေးချင်လိန်ဝေအတွက်ကြောင့်ပါ"

သိုင်းထိပ်ခေါင်တင်ဒေဝီက လေသံအေးအေးဖြင့် ပြောသည်။ အေးအေးဆေးဆေး ပြောဆိုသော်လည်း မျက်နှာထား တည်ကည်ဖြင့် မျက်ရိပ်မျက်ရောင်ကလည်း ဝေဘက်ပနေရာ မိမိလိုလားချက်အတွက် နည်းနည်းလေးမျှ အလျှော့ပေး နောက်ဆုတ်သွားမည်မဟုတ်ကြောင်း သိသာပေါ်လွင်နေပေသည်။

"သိုင်းထိပ်ခေါင်တင်ဒေဝီနဲ့ ချင်လိန်ဝေတို့က ဘယ်လို ပတ်သက်မှု ရှိနေတာလဲ"

ထျန်းလုံပုရည်က ဝင်ပြောသည်။

"ရှင်က ဘယ်သူလဲ"

သိုင်းထိပ်ခေါင်တင်ဒေဝီက ထျန်းလုံပုရည်ကို စိန်းစိန်းကြည့်ပြီး မေးသည်။

"သူက အသစ်ပေါ်ထွက်လာတဲ့ မရဏဂိုဏ်းရဲ့ ဒုတိယဂိုဏ်းချုပ်ကြီးပါ"

ထျန်းလုံပုရည်ကိုယ်စား ရှလုံက အဖြေပေးသည်။

"သိပြီ ... ချင်လိန်ဝေနဲ့ ကျုပ်နဲ့ ချိန်းဆိုထားချက်တစ်ခု ရှိနေတယ်၊ အဲဒီချိန်းဆိုထားချက်က နောက်ငါးရက်ကြာရင် ပြည့်



မြောက်ပြီ၊ ချိန်းဆိုထားတဲ့အချိန် မရောက်ခင် သူတစ်ခုခု ဖြစ်သွားမှာကို ကျုပ်မလိုလားဘူး၊ အခုရောက်လာတာက အဲဒီအတွက်ပဲ၊ ကျန်တာတွေ ကျုပ် ဘာမှစိတ်မဝင်စားဘူး"

သိုင်းထိပ်ခေါင်တင်ဒေဝီက ပြတ်ပြတ်သားသား ပြောလာသည်။ ရှလုံ စဉ်းစားရလေပြီ။ သိုင်းထိပ်ခေါင်တင်ဒေဝီ၏ ဟန်ဟိတ်နှင့် သိုင်းပညာစွမ်းပကားတို့ကို ရှလုံ ကောင်းကောင်းသိသည်။ သိုင်းထိပ်ခေါင်တင်ဒေဝီနှင့် ထိပ်တိုက်ရင်ဆိုင်ရလျှင် ကောင်းကျိုးထက် ဆိုးကျိုးက ပိုများမည်ကို နားလည်သည်။

ချင်လိန်ဝေလို နောက်ပေါက်လူငယ်သိုင်းသမားလေး တစ်ယောက်မှာ ရှလုံအတွက် ဘာမျှ အရေးလုပ်စရာမရှိ။ စောစောပိုင်းက အထင်သေးစိတ်ဖြင့် ခပ်ပေါ့ပေါ့ နေလိုက်မိသောကြောင့်သာ အလစ်အငိုက် အမိခံလိုက်ရခြင်း ဖြစ်သည်။ ဖိဖိစီးစီး တိုက်ခိုက်မည်ဆိုလျှင် အလွယ်နှင့် အနိုင်ယူနိုင်သည်။

သည်ကောင်လေး ဉာဏ်ကောင်းလျက် ပရိယာယ်များသည်ကလည်း သည်ကောင်လေး ချင်လိန်ဝေကို သိမ်းချင်နိုင်လျှင် မရဏဂိုဏ်းအတွက် အားကိုးရလောက်သော လက်ရုံးသိုင်းသားများ တစ်ယောက် ဖြစ်လာနိုင်သည်ကလည်း ဟုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့ ဖြစ်လာရန်အတွက်ပင် ကြိုးစားသိမ်းသွင်းရမည် ဖြစ်သလို အချိန်လည်း များစွာ ပေးရမည်။ နှစ်ရှည်လများ စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းဖို့လိုသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီကတော့ ယခုချက်ချင်းလက်ငင်း အနှောင့်အယှက် အကြီးအကျယ်ပေးနိုင်သည်။ တကယ့် အန္တရာယ်ကြီးဖြစ်သည်။

ထို့ကြောင့် သိုင်းထိပ်ခေါင်တင်ဒေဝီနှင့် ဇောလောဆယ် ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုရန် ရှလုံက ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ ... ဒီကောင်လေးချင်လိန်ဝေကို ပြန်လွှတ်ပေးမယ်၊ ဒါပေမဲ့ တောင်းဆိုစရာတစ်ခုတော့ရှိတယ်"

ရှလုံက ပြောလိုက်သည်။

"ဘာများ တောင်းဆိုချင်တယ်ဆိုတာ ပြောပြပါ"

သိုင်းထိပ်ခေါင်တင်ဒေဝီက ပြန်မေးသည်။

"ဒီကောင်လေးချင်လိန်ဝေက ကျုပ်တို့ကို အနှောင့်အယှက် မပေးစေဖို့ တာဝန်ယူပေးပါ"

"ရှင် တောင်းဆိုတာနည်းလမ်းကျပါတယ်၊ ဒါပေမဲ့ ကျုပ်အနေနဲ့ ချိန်းဆိုထားတဲ့အချိန်ကာလ မပြည့်မချင်း ဒီကောင်လေး



ချင်လိန်ဝေကို ဘာမှ မလုပ်နိုင်ဘူး၊ ရှင်တောင်းဆိုသလို ဆောင်ရွက်ပေးဖို့ ဖြစ်မယ်မထင်ဘူး"

ရှလုံအနေဖြင့် ချင်လိန်ဝေကို သိပ်အရေးမထားလှပါ။ သို့သော် ချင်လိန်ဝေကို လွှတ်ပေးလိုက်ပြီး သိုင်းထိပ်ခေါင်တင်ဒေဝီနှင့် ချိန်းဆိုထားသည့် အချိန်ကာလ မပြည့်မီ (၅) ရက်တာအတွင်း မိမိတို့ကို လာရောက်နှောင့်ယှက်နေပါက မိမိတို့အနေဖြင့် အလုပ်ရှုပ်နေရမည့် အဖြစ်မျိုးကိုတော့ မလိုလားပါ။

"ဒီလို လုပ်ကြရအောင်"

အကြံကောင်းတစ်ခုစဉ်းစားမိသောကြောင့် ရှလုံက စကားစလိုက်သည်။

"ရှင် ပြောကြည့်ပါ"

"သူ့ကို ကျုပ်တို့နဲ့အတူ ငါးရက်ခေါ်ဆောင်ထားမယ်၊ သူ့ကို ချုပ်နှောင်ထားပေမယ့် ဘာမှ ထိခိုက်ဒဏ်ရာ မရစေရဘူး" လို့ တာဝန်ယူတယ်၊ ငါးရက်ပြည့်တာနဲ့ သူ့ကို သွားလိုရာ သွားဖို့ လွှတ်ပေးလိုက်မယ်၊ သိုင်းထိပ်ခေါင်တင်က သူနဲ့ချိန်းဆိုထားချက်အတိုင်း လုပ်လိုရာလုပ်ပေတော့"

ချင်လိန်ဝေမှာ သိုင်းထိပ်ခေါင်တင် ဒေဝီနှင့် ယှဉ်ပြိုင်ဘ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သည့်အတွက် ချိန်းဆိုထားသည့် အချိန်စေ့ရောက်၍ ရင်ဆိုင်တိုက်ခိုက်မှုပြုလုပ်လျှင် အရေးရှုံးနိမ့်သွားမှာ သေချာသည်ဟု ရှုလုံက အပိုင်တွက်ထားသည်။

"ကောင်းပြီ ... ကျုပ်သဘောတူတယ်၊ လက်ခံတယ်"

"ဒါဆို နှုတ်ဆက်လိုက်ပါတယ်"

"ဟုတ်ကဲ့ ... ကျုပ်တို့လည်း သွားတော့မယ်၊ နှုတ်ဆက်ပါတယ်"

အပြန်အလှန် နှုတ်ဆက်စကားများ ပြောပြီးနောက် သိုင်းထိပ်ခေါင်တင်ဒေဝီတို့ လူစု ထွက်ခွာသွားကြသည်။

☆ ☆ ☆



"ဂိုဏ်းချုပ်ကြီးခင်ဗျာ ... ကျွန်တော်တို့ မရဏလိုဏ်ဂူထဲ ဝင်ကြပါစို့လား"

သိုင်းထိပ်ခေါင်တင်ဒေဝီတို့ လူစု ထွက်ခွာသွားကြပြီးနောက် ထျန်းလုံပုရည်က ရှုလုံကို ပြောလိုက်သည်။ သူသည် မရဏဂိုဏ်းကို အားကိုးပြုကာ သိုင်းလောကတစ်လွှား မာန်ဝင့်ဟန်ဟိတ်ထုတ်ရန် ဆန္ဒပြင်းပြနေရာ မရဏဂိုဏ်း၏ သိုင်းပညာအမွေအနှစ်များ ရှိနေသည်ဆိုသော မရဏလိုဏ်ဂူထဲသို့ ဝင်ရောက်ရန် စိတ်အား အလွန်ထက်သန်နေသည်။

"သိပ်မလောပါနဲ့ ... ခဏလောက်စောင့်ကြည့်ပါဦး"

ရှုလုံက ပြန်ဖြေသည်။

"ဘာဖြစ်လို့လဲ ဂိုဏ်းချုပ်ကြီး ... အနှောင့်အယှက် ရှိနေလို့လား"

ရှုလုံ၏အမူအရာ တစ်မျိုးဖြစ်နေသည်ကို မြင်ရသောကြောင့် ထျန်းလုံပုရည်က မေးလိုက်သည်။ ရှုလုံက ထျန်းလုံပုရည်၏ အမေးကို ပြန်မဖြေ။ တစ်စုံတစ်ရာကို အကဲခတ်နေသည့်အသွင်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ခပ်ထွေထွေ ရှိနေသည်။

ထျန်းလုံပုရည်က ပုန်းအောင်းရောက်ရှိနေသူရှိလျှင် ထွက်လာရန် ဟစ်အော်ပြောကြားမည်အပြုတွင် လူနှစ်ယောက် လျင်မြန်စွာ ပြေးလွှားရောက်ရှိလာသည်။ ပြေးလာသည့်အရှိန်အဟုန်က မြန်ဆန်လှသည်။ ရိုးတိုးရိပ်တိပ် လှုပ်ရှားဟန်များကို မပီဝိုးတဝါး မြင်ရလျက် အနားသို့ ရောက်လာပြီး ပြေးလွှားမှု ရပ်လိုက်တော့မှ သဲသဲကွဲကွဲ ထင်ထင်ရှားရှား မြင်ရလေတော့သည်။

အဘွားအိုတစ်ယောက်နှင့် မိန်းမပျိုလေးတစ်ဦး။ အဘွားအိုသည် ခြေထောက်နှစ်ချောင်း သွင်သွင်ကျိုးနေသည်။ ခေါင်းပေါ်မှ ဆံပင်များက အနီရောင်။ ဆံပင်နီနီနှင့် အဘွားအိုကိုမြင်ရသည်နှင့် ရှလုံရော ထျန်းလုံပုရည်ပါ မျက်နှာကွက်ခနဲပျက်သည်။ တစ်ယောက်ကိုတစ်ယောက်လည်း အပြန်အလှန် ကြည့်လိုက်မိကြသည်။

အဘွားအိုနှင့်အတူ ပါလာသော မိန်းမပျိုကတော့ အသက် (၂၀) အရွယ်။ အတော်လည်း လှပချောမောသည်။ ကိုယ်ဟန်ကြော့ရှင်းသည်။ အဘွားအိုသည် ခြေထောက်နှစ်ဖက် ကျိုးနေသော်လည်း ကိုယ်ဖော့ပညာ အထူးကောင်းမွန်လှသည်ဆိုခြင်းကတော့ လျင်မြန်စွာ ပြေးလွှားရောက်ရှိလာမှုနှင့် ထင်ရှားသိသာနိုင်သည်။



ချိုင်းထောက်တွေ ဘာတွေလည်း မပါရှိ။ ဝါးလုံးရှည်တစ်ခုကိုသာ တောင်ဝှေးသဘောမျိုး ကိုင်စွဲထားသည်။ သည်နေရာသို့ ပြေးလွှားရောက်ရှိလာရာတွင် မိန်းမပျိုက ဖေးမတွဲခေါ်လာမှုမရှိဘဲ အဘွားကိုယ်တိုင် လျင်မြန်သော အရှိန်အဟုန်ဖြင့် ရွေ့လျားလာခြင်းဖြစ်သည်။

"ဘယ်သူများလဲလို့ ... ဆံပင်နီယက္ခမယ် ကောင်းပင်းတောင် ရောက်လာတာကိုး ... ကြိုဆိုပါတယ်"

ဆံပင်နီနီနှင့် ကိုယ်ဖော့ပညာကောင်းလှသော အဘွားအိုမည်သူမည်ဝါဖြစ်ကြောင်း အကဲခတ်မိသည့် ရှလုံကပြောလိုက်သည်။

"အင်း ... ကောင်းတယ် ကောင်းတယ်၊ မင်းက အသိအမြင်များပြီး အခြေအနေကို နားလည်သားပဲကိုး၊ မင်းတို့ မရဏဂိုဏ်းကို ပြန်ထူထောင်ဖော်ထုတ်တယ်ဆိုတဲ့ သတင်းကြားရလို့ ကျုပ်ကိုယ်တိုင် ထွက်လာခဲ့ရတာပဲ၊ ဒါက ကျုပ်ရဲ့နောက်ဆုံးတပည့်မလေး ကောင်းမိုးချို"

ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်က ခေါင်းတဆတ်ဆတ် ညိတ်ပြီးပြောသည်။

"ဟုတ်ကဲ့ ... ကျွန်တော်တို့ မရဏဂိုဏ်း ပြန်လည်ထူ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာမှုကို လာဂုဏ်ပြုတဲ့အတွက် ဆံပင်နီယက္ခမယ်ကို ကျွန်တော် မရဏဂိုဏ်းရဲ့ ဆယ့်တစ်ဆက်မြောက်ဂိုဏ်းချုပ် ရှလုံက အများကြီး ကျေးဇူးတင်ပါတယ်"

စကားအဆုံးတွင် ရှလုံက ကျေးဇူးတင်ဂါရဝပြုမှုကို ပြည့်ပြည့်စုံစုံ ပြုလုပ်သည်။

"ကျွန်တော် ဒုတိယဂိုဏ်းချုပ် ထျန်းလုံပုရည်ကလည်း ကျေးဇူးတင်ပါတယ်"

ဂျက်မွန်ဂိုနယ်သိုင်းမင်းသား ထျန်းလုံပုရည်ကလည်း ရှလုံနည်းတူ ကျေးဇူးတင် ဂါရဝပြုသည်။

"ဘာ ... မင်းက မရဏဂိုဏ်းရဲ့ ဆယ့်တစ်ဆက်မြောက်ဂိုဏ်းချုပ်တဲ့လား၊ ကျုပ် ဘယ်သူဆိုတာကို သိတယ်မဟုတ်လား၊ ကျုပ် ရှိနေလျက်နဲ့ မင်းကိုယ်မင်း မရဏဂိုဏ်းချုပ်လို့ ပြောဝံ့သလား"

ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်က မာမာတင်းတင်း ပြောလိုက်ရာ ရှလုံမျက်နှာ တစ်ချက်ပျက်သွားရပြန်သည်။

လမ်းမှန်သိုင်းဂိုဏ်းအသီးသီးတို့ ပူးပေါင်းတိုက်ခိုက် နှိမ်နင်းမှုကြောင့် မရဏဂိုဏ်း၏ (၁၀) ဆက်မြောက် ဂိုဏ်းချုပ်မြောင်လိန်ဖုန်း သေဆုံးလျက် မရဏဂိုဏ်း ဖရိုဖရဲဖြစ်စပြုချိန်တွင် ဆံပင်နီယက္ခ



မယ် ကောင်းပင်းတောင်သည် ယာယီကိုယ်ပွားဂိုဏ်းချုပ်အဖြစ် တာဝန်ယူခဲ့ဖူးသည်ကို ရှလုံကောင်းကောင်းသိသည်။

မရဏဂိုဏ်း ပြိုကွဲသွားမှုနှင့်အတူ ကောင်းပင်းတောင်လည်း စုပ်စပြုပ်စ ပျောက်သွားခဲ့ရာ သေဆုံးသွားပြီဟု ယူဆခဲ့ရာမှ ယခု မထင်မှတ်ဘဲ အသက်ရှင်လျက် ရှိနေသေးကာ ပေါ်ထွက်လာခဲ့လေပြီ။

ရှလုံ ရုတ်တရက် ဘာပြောရမှန်းမသိတော့။

"မရဏဂိုဏ်းရဲ့ ဆယ့်တစ်ဆက်မြောက် ဂိုဏ်းချုပ်ဟာ ကျုပ် ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်ပဲ ဖြစ်ရမယ်၊ မင်းက ဒုတိယဂိုဏ်းချုပ်လုပ်ပေါ့"

"ဟာ ... ဒီလိုတော့ ဘယ်ဖြစ်မှာလဲ"

ထျန်းလုံပုရည်က ကြားဖြတ်ကာ ဝင်ပြောသည်။

သူသည် မရဏဂိုဏ်း၏ ဒုတိယ ဂိုဏ်းချုပ်ဖြစ်ရမှုကို အတော်ကြီး ကျေနပ်သဘောကျ နှစ်မြို့က်နေရာ ရှလုံက ဒုတိယဂိုဏ်းချုပ်ဖြစ်သွားလျှင် ထျန်လုံပုရည်လည်း ရာထူးလက်မဲ့သွားရပေတော့မည်။

"မင်းက မကျေနပ်ဘူးလား ... ကဲ မိုးချိုရေ"

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်က ကောင်းမိုးချိုကို အချက်ပေးလိုက်သည်။

ထျန်လုံပုရည်လို လူမျိုးအတွက် မိမိကိုယ်တိုင် တိုက်ခိုက်ရန်မလိုဟူသော သဘောဖြင့် ဟန်ဟိတ်ပြလိုက်ခြင်း ဖြစ်သည်။

☆ ☆ ☆



ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်၏ လုပ်ဆောင်စီစဉ်မှုသည် ထျန်းလုံပုရည်အတွက် အတော်ပင် မခံချင် ခံပြင်းဖွယ်ရာ ဖြစ်နေသည်။

ထျန်းလုံပုရည်သည် နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ပါ။ ဂျက်မွန်ဂိုနယ်သိုင်းမင်းသားဟူသော ဂုဏ်နှင့် သိုင်းလောကတွင် ထင်ရှားနေလေသော အကျော်အမော်တစ်ယောက် ဖြစ်သည်။ ပြိုင်ဘက်ကင်း ထိပ်တန်းသိုင်းပညာရှင် မဟုတ်စေကာမူ သူနှင့်ယှဉ်ပြိုင်နိုင်သော သိုင်းသမားတို့မှာ လက်ချိုးရေတွက်၍ ရနိုင်အောင်ပင် အရေအတွက် နည်းပါးသည်။

ယခု အသက် (၂၀) ဝန်းကျင်အရွယ် မိန်းမပျိုလေး ကောင်းမိုးချိုနှင့် ယှဉ်ရမည်ဆိုတော့ သာမန်အားဖြင့်ကြည့်လျှင် ထျန်းလုံပုရည်အတွက် ပြိုင်ဘက်မဟုတ်သလို ဖြစ်နေသည်။

သို့သော် ဆံပင်နီယက္ခမယ် ကောင်းပင်းေ ဘင်လို သိုင်းလောကအမှောင်နယ်မှ ထိပ်သီးသိုင်းပညာရှင်ကြီး၏ လက်ရွေး

www.burmeseclassic.com

www.burmeseclassic.com



တပည့်မ ဖြစ်နေသည့်အတွက် ထျန်းလုံပုရည်အနေဖြင့် သိက္ခာကျ ဂုဏ်ရည်ပျက်ဖွယ်ရာတော့ မဟုတ်ပါ။

"ကောင်းပြီ ... ယှဉ်ပြိုင်ရတာပေါ့လေ၊ စကားတော့ ရှင်းအောင် ပြောထားမယ်၊ ခင်ဗျားရဲ့ နောက်ဆုံးတပည့်လေး အရေးနိမ့်သွားရင် ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက်လုံး ကျုပ်တို့ ခရုဏာဂိုဏ်းထဲ ဝင်ကြရမယ်"

ထျန်လုံပုရည်က မိမိကိုယ်မိမိ ယုံကြည်ပိုင်နိုင်မှုအပြည့်ရှိသော အမူအရာဖြင့် ပြောသည်။

"ရတယ် ... အဲဒီအတိုင်း ဖြစ်ရမယ်၊ ကဲ မိုးချို ... စပေတော့"

ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်က ရဲရဲကြီး အာမခံချက် ပေးကာ ကောင်းမိုးချိုကို တိုက်ပွဲစရန် အချက်ပေးလိုက်သည်။

ထျန်းလုံပုရည် သိုင်းကွက်နှင်ကာ ရှေ့သို့ လှမ်းတက်သည်။ ကောင်းမိုးချိုလည်း ရှေ့သို့ လှမ်းတက်လာသည်။ သိုင်းကွက်မနှင်း၊ သိုင်းဟန်လည်း မခင်း၊ ရောက်စပ်တွင် အပန်းဖြေ လမ်းလျှောက်သည့် အနေမျိုး ပေါ့ပေါ့ပါးပါး လျှောက်လှမ်းလာသည်။

သည်ယှဉ်ပြိုင်မှုတွင် အနိုင်ရမည်ဟု လုံးဝ သေချာနေသည့်



သွင်ပြင်ဟန်လည်း ရှိနေသည်မို့ ထျန်းလုံပုရည် မျက်မှောင်ကြုတ်သွားမိသည်။ ဆံပင်နီယက္ခမယ်ကောင်းပင်းတောင်သည် သိုင်းပညာမြင့်မားထက်မြက်သလို ပရိယာယ်များပြီး ရက်စက်ကြမ်းကြုတ်လှကြောင်း ထျန်းလုံပုရည် ကောင်းကောင်းသိထားသည်။

ယခု မိမိနှင့် ယှဉ်ရန် ဆံပင်နီယက္ခမယ်ကောင်းပင်းတောင်ကိုယ်တိုင် ရွေးချယ်လိုက်သော ကောင်းမိုးချိုဆိုသည့် မိန်းမပျိုသည် အသက်ငယ်ရွယ်သော်လည်း အစွမ်းထက်မြက်ပြီး အားကိုးအားထားပြုနိုင်လောက်သည့် သိုင်းကွက်သိုင်းဟန်နှင့် ပရိယာယ်ကောင်းများ ရှိနိုင်မည်ဟု တွေးသည်။

ထို့ကြောင့် ထျန်းလုံပုရည်သည် ပေါ့ဆခြင်းမရှိဘဲ သူ၏ အားအကိုးဆုံးသော နတ်မြင်းပျံသိုင်းကို သုံးကာ ကောင်းမိုးချိုထံသို့ ခုန်လွှားဝင်ရောက်လျက် ဘယ်ညာခြေကန်ချက်များ ဆက်တိုက် ကန်ကျောက်တိုက်ခိုက်သည်။

ခြေထောက်နှစ်ဖက်ဖြင့် အဆက်မပြတ် ဆင့်ကဲဆင့်ကဲ ကန်ရင်း ဘယ်ညာလက်နှစ်ဖက်တွင် မြင်းစိုင်းဓားကလေး တစ်ခုစီ အသင့်ကိုင်ထားသည်။ ခြေကန်ချက်များကို ခုခံရှောင်ပယ်မ်းရင်း ကောင်းမိုးချို ကိုယ်ဟန်ပျက်ကာ ဟာကွက်လွတ်ကွက်ပေါ်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မြင်းစိုစားကွေးပစ်လွှတ်၍ ပွဲသိမ်းတိုက်ကွက် အပိုင်ဆင်ပေတော့မည်။

ကောင်းမိုးချိုသည် ထျန်းလုံပုရည်၏ ခြေကန်ချက်များ အနီးဆုံးနေရာသို့ ရောက်လာသည်အထိ မလှုပ်မရှား ခပ်အေးအေး ရပ်၍နေသည်။ ဓားရှည်ကိုပင် ထုတ်ယူကိုင်စွဲခြင်းမပြု။ လက်နက်မဲ့ အခြေအနေတွင်ပင် ရှိနေသည်။

ကောင်းမိုးချို၏ အေးအေးဆေးဆေး အမူအရာကြောင့် ထျန်းလုံပုရည်မှာ ဇဝေဇဝါ ဖြစ်လာသည်။ သည်လို အေးဆေး တည်ငြိမ်လွန်းခြင်းသည် အကွက်ကောင်းတစ်ခု အပိုင်ရှိနေ၍ စောင့်လင့်နေခြင်းဖြစ်နိုင်ကြောင်း သူ့အတွေ့အကြုံတွေအရ ခန့်မှန်းမိသည်။

ကောင်းမိုးချိုက ဘာမျှ လှုပ်ရှားခြင်း မပြုသည့်အတွက် သူမ၏ တစ်ကိုယ်လုံးမှာ လွတ်ကွက်ဟာကွက်တွေချည်း ဖြစ်နေသည်။ မြင်းခွာစားကွေးလေးဖြင့် ဘယ်နေရာကိုမဆို လှမ်းပစ်၍ ရနေသည်။

ဤကဲ့သို့ ဘယ်လို အကာအကွယ်မှုမျိုးမှ မရှိဘဲ လုံးလုံးလျားလျားကြီး လစ်ဟာနေမှုသည် ပုံမှန်သဘောမဟုတ်။ တမင်ပစ်ကွင်းပေါ်နေအောင် ဖန်တီးထားသည့်သဘောဖြစ်ရာ ထောင်ခြောက်ဆင်ထားမှု ကေနိရှိရည်ဟု ထျန်းလုံပုရည်က တွက်သည်။



မြင်းခွာစားကွေးလေးနှင့် လှမ်းပစ်လျှင် တစ်ဖက်သားဆင်ထားသည့် ပရိယာယ်ထောင်ချောက်ထဲ တိုးဝင်သွားသလိုဖြစ်မှာမို့ မြင်းခွာစားကွေးလေးကို ပစ်လွှတ်ခြင်း မပြုတော့။ ကောင်းမိုးချို၏ ပရိယာယ်ထောင်ချောက်ကို ချေဖျက်သည့်အနေဖြင့် အားပြင်းသော ဆင့်ကဲခြေကန်ချက်များသာ ဆက်လက်ကန်ကျောက်သည်။

ညာခြေကန်ချက်က ကောင်းမိုးချို ထိလုထိခင်မှာပင် ဓားရှည်တစ်လက် ရုတ်တရက်ပေါ်ထွက်လာသည်။ ဓားသွားသည် ထျန်းလုံပုရည်၏ ညာခြေကန်ချက်လမ်းကြောင်းတည့်တည့်ပေါ်တွင် ကန့်လန့်ဖြတ်လာသည်။

ဓားဆွဲထုတ်ကာ ခံဆောင်လိုက်မှုသည် အံ့ဩဖွယ်ရာကောင်းလောက်အောင်ပင် မြန်ဆန်သွက်လက်လွန်းလှသည်။ တိုက်ပွဲ အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝသော ထျန်းလုံပုရည်မှာ ကောင်းမိုးချို လက်ထဲ ဘယ်လို ဓားရှည်ရောက်လာပြီး ဆီးကြိုရင်ဆိုင်ခံဆောင်ကြောင်း လုံးလုံးကို မတွေ့မမြင် အရိပ်အရောင်လေးပင် အကဲမခတ်မိ။

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ထျန်းလုံပုရည် အံ့ဩထိတ်လန့်စွာ ရေရွတ်မိသည်။ ခြေကန်ချက်များကိုလည်း ကမန်းကတန်း ရုပ်သိမ်းကာ နောက်သို့ အလောတကြီး ဆုတ်သည်။

သို့သော် ထျန်းလုံပုရည် လှုပ်ရှားမှုများသည် ကောင်းမိုးချို ထုတ်လိုက်သော လျှပ်စီးဓားမြန်သိုင်း၏ လျှပ်ပြက်သလို လျင်မြန်သွက်လက်လွန်းလှမှုကို ဘယ်လိုမှ မယှဉ်နိုင်ပါ။ ဓားသွားက ထျန်းလုံပုရည်၏ ညာဘက်ခြေသလုံးကို မိမိရရ ခုတ်ဖြတ်မိသည်။

ကံကောင်းထောက်မသောကြောင့်သာ ထျန်းလုံပုရည် တစ်ယောက် ဇက်ပြတ်မသွားခြင်း ဖြစ်သည်။ ညာခြေပြတ်သွားသောသူ၏ ခန္ဓာကိုယ်ကြီးမှာတော့ မြေကြီးပေါ် ဝုန်းခနဲ လဲကျသည်။

☆ ☆ ☆



ရှလုံနှင့်ရှလိယန်တို့ သားအဖမှာလည်း အလွန်ပင် အံ့ဩသွားကြရသည်။ ဆံပင်နီယကွမယ် ကောင်းပင်းတောင် သိုင်းပညာမြင့်မားထက်မြက်ကြောင်း ကြားသိထားကြသော်လည်း ကောင်းပင်းတောင်၏ နောက်ဆုံးတပည့်မလေး ကောင်းမိုးချိုအနေဖြင့် သည်မျှလောက် မြန်ဆန်သွက်လက်ပြီး ရက်စက်ကြမ်းကြုတ်လှသော ဓားချက်များ ဖော်ထုတ်နိုင်စွမ်း ရှိမည်ဟု မထင်ကြပေ။

ကောင်းမိုးချိုသည် တိုက်ခိုက်မှုကိုမရပ်။ ဓားရှည်ကို ဝင့်ကာ ရှေ့သို့ လွှားခနဲ ခုန်တက်သည်။ လဲကျနေသော ထျန်းလုံပုရည်ကို ပွဲသိမ်းတိုက်ကွက်အဖြစ် အုပ်မိုးခုတ်ပိုင်းချရန် ပြင်သည်။

ထျန်လုံပုရည်သည် မြေကြီးပေါ် ပက်လက်လန် လဲကျနေရာမှ မြင်းခွာဓားကွေးလေး နှစ်လက်ဖြင့် ကောင်းမိုးချိုကို လှမ်းပစ်သည်။ သူ့ထံသို့ အဟုန်ပြင်းစွာ တန်း၍ ဝင်လာသော မြင်းခွာဓားကွေးလေးများကို ဓားရှည်ဖြင့် ရိုက်ထုတ်ပစ်သည်။

အနီးကပ် အနေအထားမှ ရုတ်တရက်ပစ်လွှတ်သော

www.burmeseclassic.com

www.burmeseclassic.com



အဝေးပစ်လက်နက်ကို ထိမိစွာ ကြားဖြတ်ခုတ်ဖယ်ပစ်လိုက်နိုင်သော ကောင်းမိုးချို၏ ဓားချက် လျင်မြန်စွာ သွက်လက်လွန်းလှမှုက ချီးမွမ်းဖွယ်ရာပင်။ မြင်းခွာဓားကွေးလေးနှစ်ချောင်းကို ခုတ်ဖြတ်ဖယ်ရှားပစ်ရန် ကောင်းမိုးချို၏ တိုက်စစ်အဟုန် တဒင်္ဂမျှ တုံ့နှေးသွားသည်။

တဒင်္ဂမျှသာသော တုံ့နှေးမှုလေးက ထျန်းလုံပုရည်အတွက် အခွင့်ကောင်းတစ်ချက် ပေါ်သွားစေသည်။ ထျန်းလုံပုရည် မြေကြီးပေါ်တွင် ကိုယ်ကို လျင်မြန်စွာ လူးလိမ့် ရှောင်ထွက်သည်။

ကောင်းမိုးချို၏ အုပ်စိုးမိထားလေသော ဓားချက်စက်ကွင်းမှ ထျန်းလုံပုရည် လွတ်ထွက်သည်။ ကောင်းမိုးချိုက လူးလိမ့်ရှောင်ထွက်သွားသော ထျန်းလုံပုရည်ကို အတင်းတိုက်ရန် ပွဲသိမ်းတိုက်ကွက်ဆင်မည် ပြုသေးသည်။

သို့ရာတွင် ...

"ဟိတ် ... ဓားကွက်ကြည့်"

အော်ဟစ်သံနှင့်အတူ ရှလုံသည် မရဏဓားကို ဝှေ့ယမ်းကာ ကောင်းမိုးချိုကိုယ်ငှတိုင်လာသည်။

"မိုးချို ... နောက်ဆုတ်"



မိမိတပည့်မလေး ကောင်းမိုးချို လျှပ်စီးဓားမြန်သိုင်း သွက်လက်မြန်ဆန်ကာ အစွမ်းထက်မြက်သော်လည်း မရဏဓားလက်ကိုင်ရနေသော ရှလုံ၏ မရဏဓားသိုင်းကာ အစွမ်းထက်မြက်သော်လည်း ပြိုင်ဘက်မဟုတ်သေးကြောင်း နားလည်သဘောပေါက်သောကြောင့် ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်က ကောင်းမိုးချိုကို အလောတကြီး နောက်ဆုတ်ခိုင်းသည်။

ရှလုံကို သူမကိုယ်တိုင် ရင်ဆိုင်ရန်လည်း ပြေးထွက်သည်။

ထျန်းလုံပုရည်ကို ပွဲသိမ်းတိုက်ကွက်ဆင် အပြတ်ချေမှုန်းတော့မည့် ကောင်းမိုးချိုလည်း ဆရာ၏ ဟန့်တားမှုကြောင့် နောက်ပြန်ဆုတ်သည်။ သို့သော် ငယ်ရွယ်သော မိန်းမပျိုများတွင် ရှိတတ်သော မာနကြောင့် မိမိအပိုင်အနိုင် ချေမှုန်းပစ်နိုင်မည့် အခြေအနေကိုတော့ သည်အတိုင်း လက်မလွှတ်။

ထျန်းလုံပုရည်ကို ဓားတစ်ချက် ခုတ်ဖြစ်အောင်တော့ ခုတ်လိုက်သေးသည်။ လျှပ်စီးဓားမြန်သိုင်း၏ မြန်ဆန်သွက်လက်လှသော ဓားချက်တစ်ချက်ဖြင့် ထျန်းလုံပုရည်ကို လက်စသိမ်းပြီးမှ နောက်သို့ ခုန်လွှားဆုတ်ရန် စိတ်ကူးထားသည်။

ထိပ်တန်းသိုင်းအကျော်အမော်များ ရင်ဆိုင်တိုက်ခိုက်ကြသည့်

www.burmeseclassic.com

www.burmeseclassic.com



ပွဲများတွင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသော အလှန့်တို့တောင်း လှသည့် အချိန်ပိုင်းလေးကပင် အထူးအရေးပါသည်၊ အလှန့် အရေး ကြီးသည်။

တိုက်ပွဲ၏ ရလဒ်အဖြေကိုပင် အဆုံးအဖြတ်ပေးနိုင်သည်။

ဆရာက နောက်ဆုတ်ရန် အမိန့်ပေးလိုက်သည်ကို ချက် ချင်း မနာခံဘဲ ထျန်းလုံပုရည်ကို ဓားတစ်ချက်ခုတ်ဖြစ်အောင် ခုတ် လိုက်သော ကောင်းမိုးချိုမှာ သူမ၏ ဓားရှည်က ထျန်းလုံပုရည်ကို ခုတ်ပိုင်းမိခြင်းမရှိမိမှာပင် ရှလုံ၏ ရေဏာဓားချက်ကို ရင်ဆိုင်တိုးရ လေတော့သည်။

မရဏာဓားနှင့်မရဏာဓားသိုင်းဆိုသည်က ကြီးမားသော အစဉ်အလာနောက်ကြောင်း သမိုင်းရှိကာ အစွမ်းထက်မြက်သ လောက် ပရိယာယ်ကြွယ်ဝလှပေရာ ကောင်းမိုးချို၏ သမ္ဘာနှင့် အတွေ့အကြုံတို့သည် ရှလုံ၏ မရဏာဓားချက်နှင့်ဘယ်လိုမှ မယှဉ် နိုင်။

“သတိထား”

တပည့်မလေး အခြေမဟန်ကြောင်း ရိပ်မိသော ဆံပင်နီ ယက္ခမယ် ကောင်းပင်းတောင်က ဗိုးရိမ်တကြီးပြောကြားရင်း



လက်ဝါး ရိုက်ချက် တစ်ချက်ဖြင့် ရှလုံ၏ မရဏာဓားချက်ကို ကြားဝင်ဟန့်တား သည်။

ဤအခါတွင် ...

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်နီယက္ခမယ်ကောင်းမိုးချိုသည် သိုင်းလောကတွင် အမှောင်နယ်၏ ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။ သူ၏ လျှပ်စီးဓားမြန်သိုင်းသည် မရဏဓားသိုင်းနှင့် ခေတ်ပြိုင်ဟု ဆိုနိုင်သည့် မရဏဓားနှင့်မရဏဓားသိုင်းကို ပုံမှန်အခြေအနေဖြင့် တိုက်ခိုက်ရလျှင် ကောင်းကောင်းနိုင်သည်။

အနိုင်အရှုံး ယတိပြတ်ပြောဖို့ခက်သည်။ ပရိယာယ်ကြွယ်ဝကာ တိုက်ကွက်ဗျူဟာကောင်း ဆင်နိုင်လျှင် သူ့ဘက်က ပွတ်ကာသီကာ အနိုင်ယူသွားနိုင်သည်။

ယခု ကောင်းပင်းတောင်အနေဖြင့် ရှလုံနှင့်ရင်ဆိုင်တိုက်ခိုက်ရသည့်အခြေအနေမှာ ပုံမှန်အနေအထားဟု မဆိုနိုင်။ ဆံပင်နီယက္ခမယ်၏လက်စွဲလက်နက်ဖြစ်သော လျှပ်စီးမိုးကြိုးဓားကို ကောင်းမိုးချိုအား ပေးအပ်ထားရာ ကောင်းပင်းတောင်မှာ လက်နက်မဲ့ဖြစ်နေသည်။

လျှပ်စီးမိုးကြိုးဓားအစား လက်ဝါးကိုသာ ဓားရှည်သဖွယ်



အသုံးချတိုက်ပွဲဝင်ရသည်။

ရှလုံကတော့ မရဏဓားကို ကိုင်စွဲထားသည်။ လက်နက်အနေဖြင့် ရှလုံက အသာစီးရနေသည်။

ထို့ပြင် ကောင်းပင်းတောင်သည် သူမ၏ နောက်ဆုံးတပည့်မလေး ကောင်းမိုးချိုအတွက် စိုးရိမ်ပူပန်စိတ်လည်း ကြီးမားစွာ ရှိနေသည်။

သိုင်းလောကအမှောင်နယ်မှ လမ်းလွဲသိုင်းပညာများသည် ယေဘုယျအားဖြင့် အကြင်နာကင်းမဲ့ကြသည်။ ဘာကိုမျှ ငဲ့ညှာထောက်ထားခြင်းမပြုဘဲ ရက်ရက်စက်စက် ရမ်းရမ်းကားကား တိုက်ခိုက်ကြသည်။ မုန်းတီးမှုနှင့် ဒေါသတို့ကို အဓိကစွမ်းအားအဖြစ် အသုံးချကြသည်။

ကောင်းပင်းတောင်သည် မေတ္တာစိတ်မထားဘဲ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်သတ်ဖြတ်သော လမ်းလွဲသိုင်းပညာရှင်ဆိုးကြီးတစ်ယောက် ဖြစ်သော်လည်း ကောင်းမိုးချိုအပေါ်တွင် တော့ သံယောဇဉ်ရှိသည်။

ထိုသံယောဇဉ်ကြောင့် ကောင်းမိုးချိုအတွက် စိုးရိမ်ပူပန်ရသည်။ သည်လို စိုးရိမ်ပူပန်မှုသည် ကောင်းပင်းတောင်၏ လျှပ်စီး

www.burmeseclassic.com

www.burmeseclassic.com



စားမြန်သိုင်းနှင့် လိုက်လျောညီထွေမှုမရှိ။ သူမ၏ သိုင်းစွမ်းရည်ကို အားပျော့စေသည်။

တစ်ဖက်တွင်လည်း ရှုလုံသည် ကောင်းမိုးချိုကို အဓိက ပစ်မှတ်အဖြစ် မထား။ သူ့အတွက် အန္တရာယ်ပေးနိုင်သူက ဆံပင်နီယက္ခမယ်သာဖြစ်ရာ ကောင်းမိုးချိုကို တိုက်ခိုက်ခြင်းသည် ပရိယာယ်မျှသာ ဖြစ်သည်။ ကောင်းပင်းတောင်ကို စစ်ကူခေါ်ထုတ်လိုက်ခြင်းသာ ဖြစ်သည်။

မရဏဓားဖြင့် ကောင်းမိုးချိုကို ခုတ်ပိုင်းလိုက်သည့်အချိန်မှာပင် မရဏအဆိပ်ငွေ့လှိုင်းကို ကောင်းပင်းတောင်ထံသို့ ထုတ်လွှတ်လိုက်သည်။ ပရိယာယ်ဆင်ကွက်သာဖြစ်သည့် ကောင်းမိုးချိုကို ခုတ်ပိုင်းသည့် မရဏဓားချက်တွင် အတွင်းအားအနည်းငယ်သာ တည့်သုံးထားသည်။

အဓိကပစ်မှတ်ဖြစ်သော ကောင်းပင်းတောင်ထံ ထုတ်လွှတ်သော မရဏအဆိပ်ငွေ့လှိုင်းတွင်သာ အတွင်းအားများ အပြည့်ထည့်သွင်းထားသည်။

ဆရာ့အမိန့်ကြောင့် နောက်ဆုတ်သွားသော ကောင်းမိုးချိုမှာ မရဏဓားချက်နှင့် ရင်ဆိုင်တွေ့ရခြင်းမရှိ။ ဓားချက်ဓားကွက်



အပြင်သို့ ရောက်သွားသည်။

တပည့်မလေးအတွက် စိုးရိမ်စိတ်ဖြင့် ကာကွယ်စောင့်ရှောက်ပေးရန် အပြေးအလွှားဝင်ရောက်လာသော ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်မှာမူ မရဏအဆိပ်ငွေ့လှိုင်းနှင့် ထိပ်တိုက်ရင်ဆိုင်တိုးမိလေတော့သည်။

အနံ့ရူးရူးရသည်နှင့် မရဏအဆိပ်ငွေ့လှိုင်းဖြစ်ကြောင်း ကောင်းပင်းတောင် သိ၍ အသက်ကို ချက်ချင်း အောင့်ထားလိုက်သည်။ ထိုအချိန်မှာပင် ရှုလုံ၏ မရဏဓားချက်များ ထိုးခုတ်လာကြသည်။

"ဖမ်းလိုက်ပါ"

အော်ဟစ်ပြောဆိုသံနှင့်အတူ ကောင်းမိုးချို လှမ်းပစ်ပေးလိုက်သော လျှပ်စီးမိုးကြိုးဓား ကောင်းပင်တောင်ထံ လွင့်ပျံရောက်ရှိလာသည်။

ဆံပင်နီယက္ခမယ်လည်း ရှုလုံ၏ ကြမ်းတမ်းရက်စက်သော မရဏဓားချက်များကို ရှောင်ရှားရင်း လျှပ်စီးမိုးကြိုးဓားကို ဆီး၍ ဖမ်းယူသည်။ ရှုလုံက ကောင်းပင်းတောင်၏လက်ထဲ လျှပ်စီးမိုးကြိုးဓား ရောက်မသွားရအောင် အတင်းပိတ်ဆို့တိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှလုံ၏ တိုက်စစ်ဖိနှိပ်မှု မများရလေအောင် ဆံပင်နီ ယက္ခမယ်က ဘယ်လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်ဟန့်တားပြီး ညာလက်ဖြင့် လျှပ်စီးမိုးကြိုးဓားကို အမိအရ ဆုပ်ဖမ်းလိုက်သည်။

လက်ထဲတွင် လျှပ်စီးမိုးကြိုးဓား ရရှိသည်နှင့် ကောင်းပင်းတောင်က လျှပ်စီးဓားမြန်သိုင်းဖြင့် ရှလုံကို တရကြမ်းတိုက်ခိုက်လေတော့သည်။

အသက်မရှူဘဲ အောင့်ထားရမှုကြောင့် အတွင်းအားကို စိတ်ကြိုက်အပြည့်အဝ လည်ပတ်အသုံးမပြုနိုင်သောကြောင့် ကောင်းပင်းတောင်၏ ပထမဓားချက်သုံးချက်မှာ လျှပ်စီးဓားမြန်သိုင်း၏ အင်အားစွမ်းရည်အပြည့်အဝ မပါ။ အားမပျော့သလိုလို ရှိနေခဲ့သည်။

အကယ်၍ ထိုအချိန်တွင် ရှလုံက မရဏဓားသိုင်းဖြင့် ပြင်းပြင်းထန်ထန် ဖိနှိပ်တိုက်ခိုက်လျှင် ဆံပင်နီယက္ခမယ် အရေးရှုံးနိမ့်စရာ အခြေအနေ ဖြစ်သည်။

သို့သော် ရှလုံသည် ကောင်းပင်းတောင်၏သိုင်းပညာစွမ်းကို ကောင်းကောင်းသိထား၍ အတော်လည်း ရှိန်နေရာ လက်ထဲ လျှပ်စီးမိုးကြိုးဓား ရောက်ရှိပြီး သွက်လက်မြန်ဆန်သော ဓားချက်



များ ခုတ်ပိုင်းတိုက်ခိုက်လာသောအခါ တင်းတင်းမာမာ ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုရဲ။

မိမိအတွက် ကာကွယ်မှုကိုသာ အဓိကဦးစားပေး လုပ်ဆောင်နေရာ ခံစစ်အနေအထားသို့ ရောက်နေသည်။ အခွင့်အရေးကောင်း လက်လွတ်သွားသည်ဟု ဆိုရမည်။

ဓားချက်သုံးချက် ခုတ်ပိုင်းထိုးနှက်ပြီးသွားသောအခါတွင်မှ အင်အားစွမ်းရည် အပြည့်မရှိသည်ကို သတိပြုမိသည်။ မိမိ ထုတ်လွှတ်လိုက်သော မရဏအဆိပ်ငွေ့လှိုင်းကို ရှူမိကာ ကောင်းပင်းတောင် အင်အားယုတ်လျော့သွားခြင်း ဖြစ်နိုင်ကြောင်း တွေးမိသည်။

ဤတွင် ရှလုံသည် ခံစစ်မပြုတော့ဘဲ မရဏဓားသိုင်းကို အဆင့်ကုန် ထုတ်သုံးလျက် ရက်စက်ကြမ်းတမ်းစွာ တိုက်စစ်ဖွင့်လေတော့သည်။

မရဏအဆိပ်ငွေ့လှိုင်းများ ပျက်ပြယ်ကုန်လောက်ပြီမို့ ကောင်းပင်းတောင်ကလည်း အသက်အောင့်မထားတော့။ အသက်ပြန်ရှူပြီးလျှင် လျှပ်စီးဓားမြန်သိုင်းကို အပြည့်အဝ အသုံးပြုလေတော့သည်။

ဤသို့ဖြင့် သိုင်းလောက အမှောင်နယ်၏ ထိပ်သီး[illegible]လွဲ

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာများ ဖြစ်ကြသော လျှပ်စီးခားမြန်သိုင်းနှင့်မရဏခားသိုင်း တို့သည် ကြောက်ခမန်းလိလိပင် ရင်ဆိုင်ယှဉ်ပြိုင်မိလေတော့သည်။

☆ ☆ ☆



ချင်လိန်ဝေသည် မိမိ၏ နည်းပရိယာယ်ကောင်းဖြင့် အောင်ပွဲ အပြီးအပြတ် ရလုလုအချိန်တွင်မှ ရုတ်တရက် ထူးခြားစွာ အားအင်ယုတ်လျော့ကာ သိုင်းပညာများ မသုံးနိုင်တော့ဘဲ အရေးနိမ့်အဖမ်းခံခဲ့ရမှု၏အကြောင်းရင်းကို ဘယ်လိုမျှတွေးဆ၍မရအောင် ရှိနေသည်။

နောက်ဆုံးတွင် အဖြေမရသည်ကို စဉ်းစားမနေတော့ဘဲ ယခု လောလောဆယ် အပိတ်ခံထားရသော အကြောမျှား ပြေပွင့်အောင်သာ လုပ်လေတော့သည်။ စိတ်အာရုံကို ကြည်လင်သန့်စင်အောင် ပြုသည်။ ထို့နောက် အတွင်းအားစုစည်းသည်။

အံ့ဩဖွယ်ရာကောင်းလောက်အောင်ပင် အတွင်းအားများ အဆင်ပြေစွာပင် စုစည်းနိုင်သည်။ ချင်လိန်ဝေမှာ မိမိကိုယ်မိမိ နားမလည်နိုင်အောင်ပင် အတွေးရခက်သွားပြန်သည်။

တကယ်တော့ ချင်လိန်ဝေ၏ ဖြစ်ပုံမှာ အံ့ဩဖွယ်ရာမဟုတ်ပါ။ ချင်လိန်ဝေသည် အလွန်သန့်ရှင်းထက်မြက်သော အတွင်းအား

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို သန့်စင်မနော အတွင်းအားကျင့်စဉ်ဖြင့် လေ့ကျင့်ရရှိထားသည်။ ထိုကျင့်စဉ်ကို မိုးမျှော်တောင်ထွဋ်ပေါ်၌ လေ့ကျင့်ခဲ့စဉ် "မာန" လေးထားရှိခဲ့သည့် ချွတ်ယွင်းချက်တော့ ရှိနေသည်။

ထို့ကြောင့် မိမိစဉ်းစားမိသော ပရိယာယ်ဖြင့် ရှုလုံကို အကြောထိုးပိတ်နိုင်ခဲ့ပြီး အောင်ပွဲရလုလုအချိန်က မာန်တက်မိသော အခါ သူ၏ အတွင်းအားစုစည်းလည်ပတ်မှုမှာ မချောမွေ့တော့ဘဲ အတွင်းအားပြတ်တောက်လျက် အားအင်ကုန်ခန်းသွားခဲ့ရကာ ထျန်းလုံပုရည်၏ အလွယ်တကူ အကြောထိုးပိတ်ခြင်း ခံခဲ့ရသည်။

ယခု ချင်လိန်ဝေ မိမိစိတ်အစဉ်မှာ မာနကင်းစင်ပြီး တည်ငြိမ်နေရာ သန့်စင်မနောအတွင်းအားများ ပြန်လည်စုစည်းနိုင်ခဲ့ပေသည်။ အတွင်းအားများ စုစည်းနိုင်သည်နှင့် ကိုယ်ခန္ဓာအတွင်း စနစ်တကျ လှည့်ပတ်ကာ အပိတ်ခံထားရသော သွေးကြောကွက်နေရာများကို ထိုးဖောက်ဖြေဖွင့်သည်။

အပိတ်ခံထားရသောအကြောများ ပြေပွင့်ကုန်ကြသည်။

ထျန်းလုံပုရည်မှာ သာမန် သိုင်းသမားမဟုတ်။ နာမည်ရသိုင်းအကျော်အမော် တစ်ယောက်ဖြစ်သည်။ ထျန်းလုံပုရည်၏ အကြောထိုး ပိတ်ထားမှုကို မိမိဘာသာ အတွင်းအား လည်ပတ်မှု



ဖြင့် ထိုးဖောက်ဖြေဖွင့်မည်ဆိုလျှင် ထျန်းလုံပုရည်ထက် သိုင်းပညာ ပိုမိုမြင့်မားပြီး အတွင်းအားလည်း ပိုနက်ရှိုင်းမှသာ အချိန်တိုအတွင်း အောင်မြင်နိုင်မည်။

ဤသို့မဟုတ်ပါက အချိန်အတော်ကြာအောင်ပင် အထူးဝါယမ စိုက်ထုတ်ကြိုးစားလုပ်ဆောင်ရပေလိမ့်မည်။

ချင်လိန်ဝေ၏ သိုင်းပညာအဆင့်သည် ထျန်းလုံပုရည်ထက် နိမ့်သည်။ အတွင်းအားကလည်း ထျန်းလုံပုရည်လောက် မမြင့်မားပေ။ ယခုလို အချိန်တိုအတွင်း အပိတ်ခံနေရသော အကြောများ ပြေပွင့်အောင် လုပ်ဆောင်နိုင်ခြင်းမှာ အခြေအနေကောင်းတစ်ခု၏ ထောက်ကူမှုကြောင့်ဟု ဆိုရမည်။

ထျန်းလုံပုရည်က အကြောထိုးပိတ်ခဲ့သည့်အချိန်တွင် ချင်လိန်ဝေမှာ အတွင်းအား ပြတ်တောက်ကာ အင်အားဆုတ်ယုတ်လျက် သိုင်းပညာပင် မသုံးနိုင်သော အခြေအနေတွင်ရှိနေရာ သိုင်းပညာ လုံးဝမတတ်သော သာမန်အရပ်သားတစ်ယောက်နှင့် ဘာမျှမခြားနားပေ။

ထို့ကြောင့် အကြောထိုးပိတ်မှု၏ အင်အားသက်ရောက်မှုကို သိုင်းသမားတစ်ယောက်လို မခံစားရ။ သာမန်အရပ်သား တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အပေါ် သက်ရောက်မှုလောက်မျှသာရှိသည်။ သက်ရောက်မှုအင်အား မကြီးမား၊ အားပျော့သည်။

ထိုသို့ ရှိနေခဲ့ရာ အတွင်းအားများ ပြန်လည်ပြည့်ဝရန် ကိုယ်ခန္ဓာအတွင်း စနစ်တကျ အားပြည့်အင်ပြည့် လည်ပတ်လာသောအခါ အပိတ်ခံထားရသော အကြောများ အချိန်တိုအတွင်း ပြန်ဖြေဖွင့်ကာ ပုံမှန်အတိုင်း ရှိသွားခြင်း ဖြစ်လေသည်။

အကြောများ ပြေပွင့်ပြီး ပုံမှန်အခြေအနေ ပြန်ရောက်ရောက်ချင်း ချင်လိန်ဝေက အလောတကြီး လှုပ်ရှားမှုမပြုလုပ်။ တည်ရှိနေသော အခြေအနေကို အရင်ဆုံး အကဲခတ်သည်။ မိမိ ဘာလုပ်သင့်သည်ကို စဉ်းစားကြံဆသည်။

ရှလုံနှင့်ကောင်းပင်းတောင်တို့ ရင်ဆိုင်နေကြသည့် တိုက်ပွဲသည် ယှဉ်ပြိုင်မှု၏ အဆုံးအဖြတ်ဖြစ်ကြောင်း ချင်လိန်ဝေ နားလည်သည်။ သည်တိုက်ပွဲကို သည်အတိုင်း ဘေးမှရပ်ကြည့်နေရမည်လား၊ ဝင်ရောက်ကူညီရမည်လား။ ဝင်ကူညီသည်ဆိုလျှင် မည်သူ့ဘက်က ကူညီပေးရမည်နည်း။

ချင်လိန်ဝေ စဉ်းစားရလေပြီ။ ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်ကို ယခုမှသာ လူကိုယ်တိုင်မြင်ဖူးရသော်လည်း ကြမ်း



တမ်းရက်စက်သော လမ်းလွဲသိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်ကာ ဆိုးသွမ်းရက်စက်လှကြောင်း သတင်းတစ်စွန်းတစ်စတော့ ချင်လိန်ဝေ ကြားဖူးထားသည်။

မရဏစား၊ မရဏစားသိုင်းနှင့် မရဏဂိုဏ်းကို တစ်ကြော့ပြန် ထူထောင်နေသော ရှလုံတို့အကြောင်းကိုတော့ ချင်လိန်ဝေ ကောင်းကောင်းသိထားသည်။

နှစ်ယောက်လုံး ဆိုးသွမ်းရမ်းကားသူများ ဖြစ်ကြရာ လူဆိုးကြီးနှစ်ယောက်အနက်မှ တစ်ယောက်ကို ရွေးချယ်ကူညီပေးရမည့် အခြေအနေ ဖြစ်နေသည်။

ဆံပင်နီယက္ခမယ် အောင်ပင်ကောင်း၏ တပည့်မ ဖြစ်သွားသော ကောင်းမိုးချိုကိုတော့ လိဟန်ဘုံကျောင်း ဝါးစိမ်းကိုယ်တော်ထံတွင် သိုင်းပညာအတူသင်ယူခဲ့သည့် ဆရာတူတပည့်၊ ချစ်ရေး ကံကြမ္မာလည်း တူခဲ့သူမို့ ချင်လိန်ဝေ သံယောဇဉ်ရှိသည်။ အခြေအနေတွေ ဘယ်လိုပဲဖြစ်ဖြစ် ကောင်းမိုးချိုကိုတော့ အတတ်နိုင်ဆုံး ကူညီကာကွယ်ပေးမည်ဟု စိတ်ပိုင်းဖြတ်သည်။

ထိပ်တန်းသိုင်းအကျော်အမော်များ ဖြစ်ကြသည့်အတိုင်း မရဏဂိုဏ်းချုပ် ရှလုံနှင့် ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်တို့၏

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်တိုက်ပွဲမှာ သွက်လက်မြန်ဆန်သလောက် ကြမ်းတမ်း ပြင်းထန်လှသည်။ ရှုလုံ၏ မရဏစားသိုင်းက အင်အားကြီးမားကာ စားချက်များ ပြင်းထနီသည်။ ကောင်းပင်းတောင်၏ လျှပ်စီးစားမြန်သိုင်းက ပေါ့ပါးလျက် စားချက်များက အံ့မခန်းအောင်ပင် သွက်လက်လွန်းသည်။

အင်အားကြီးမားမှုနှင့် ပေါ့ပါးပြင်းထန်မှုတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေကြသည်ဟု ဆိုရပေမည်။

မရဏသိုင်း၏ စားချက်များသည် ခုတ်ချက်ကြမ်းသည်။ အားအင်အရှိန်အဟုန် ကြီးမားသည်။ အင်အားပြင်းထန်သည့်အတွက် သွက်လက်မြန်ဆန်မှုတွင်တော့ လျှပ်စီးစားမြန်သိုင်းကို မယှဉ်နိုင်။

လျှပ်စီးစားမြန်သိုင်း၏ စားချက်များက ခုတ်ချက်မြန်သည်။ အပြောင်းအလွဲ သွက်လက်သည်။ ဆန့်ကျင်ဘက် စားချက်လမ်းကြောင်းများကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသော တိုတောင်းလှသည့် အချိန်ပိုင်းလေးအတွင်း တစ်မဟုတ်ချင်း ပြောင်းလဲထိုးခုတ်နိုင်သည်။

လျှပ်စီးစားမြန်သိုင်းရော၊ မရဏစား ိုင်းပါ သူ့သိုင်းစွမ်းရည်နှင့် သူ့အားသာချက်များရှိကြသည်။ လက်နက်အနေဖြင့် ဆိုလျှင်တော့ ရှုလုံ၏ မရဏစားက ကောင်းပင်းတောင်၏ လျှပ်စီးမိုးကြိုးစားထက် သာလွန်မှု အတန်အသင့်ရှိသည်။



မရဏစားသိုင်းရော၊ လျှပ်စီးစားမြန်သိုင်းရော ရက်စက်ကြမ်းကြုတ်သည့်နေရာတွင်တော့ သူမသာကိုယ်မသာ အတူတူပဲဟု ဆိုရမည်။ နှစ်ယောက်သား သိုင်းပညာစွမ်းရည်နှင့် အတွင်းအားများကို အစွမ်းကုန် ထုတ်သုံးကာ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်နေကြသည်မှာ ကြောက်မက်ဖွယ်ရာဖြစ်သလို စိတ်ဝင်စားစရာလည်း အလွန်ကောင်းသည်။

ချင်လိန်ဝေသည် ကောင်းပင်းတောင်နှင့်ရှုလုံတို့၏ အကြိတ်အနယ် ရင်ဆိုင်တိုက်ပွဲကို သေသေချာချာ ကြည့်ရှုနေရာ မရဏစားသိုင်းနှင့် လျှပ်စီးစားမြန်သိုင်းတို့၏ စားကွက်စားဟန် စားရေးလှုပ်ရှားမှုများကို အသေးစိတ်ပင် တွေ့မြင်နေရသည်။

မရဏစားသိုင်း၏ ပြင်းထန်ကြမ်းတမ်းသော စားချက်များသည် လျှပ်စီးစားမြန်သိုင်း၏ သွက်လက်မြန်ဆန်လှသော စားကွက်စားဟန် ပြောင်းလဲလှုပ်ရှားမှုများကြောင့် ပျက်ပြယ်သွားရသည်များကို မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးစားမြန်သိုင်း၏ မြန်ဆန်သွက်လက်လှသော ဓားရေး ဓားဟန်များသည် မရဏာဓားသိုင်း၏ အကြီးမား ပြင်းထန်သော အင်အားအရှိန်အဟုန်ကို ထိုးဖောက်ကျော်လွှားခြင်း မပြုနိုင်ဘဲ ရှိနေသည်ကိုလည်း တွေ့ရသည်။

အတွေ့အကြုံ ကြွယ်ဝလှသော ဝါရင့် သမ္မာရင့် သိုင်းပညာရှင် နှစ်ယောက်၏ အလှည့်အပြောင်း အဆုတ်အတက် အရှောင်အတိမ်း နည်းဗျူဟာ ပရိယာယ် အသွယ်သွယ်တို့ကို လက်တွေ့လေ့လာခွင့်လည်း ရရှိနေသည်။

နှစ်ယောက်လုံး သိုင်းပညာ အစွမ်းထက်မြက်ကာ တိုက်ပွဲ အတွေ့အကြုံ ကြွယ်ဝသည့်အတွက် အပြန်အလှန် တိုက်ခိုက်နေကြရာ မည်သူမျှ အနိုင်မရဘဲ တန်းတူရည်တူ အခြေအနေ ရှိနေသည်။

သည်တိုက်ပွဲသည် အရှုံးအနိုင် အဖြေမပေါ်သည့် သရေပွဲများဖြစ်နေလေမလားဟုပင် ချင်လိနိ်ဝေ တွေးမိသည်။

သို့ရာတွင် သိုင်းကွက် (၃၀၀) ကျော် အကြိတ်အနယ် ရင်ဆိုင်၍ အပြန်အလှန် ယှဉ်ပြိုင်တိုက်ခိုက်ပြီးသွားသောအခါတွင်တော့

☆ ☆ ☆ ☆ ☆



အခန်း ( ၁၁ )

သိုင်းကွက်(၃၀၀)ကျော် ယှဉ်ပြိုင်ပြီးသွားသောအခါ ဆံပင်နီ ယက္ခမယ်ကောင်းပင်တောင်း၏ခေါင်းထဲတွင် မိုက်ခနဲ တစ်ချက်ဖြစ်သည်။ သိုင်းဟန်လှုပ်ရှားမှုနှင့် ဓားချက်များလည်း တစ်ချက် တုံ့သွားကြသည်။

ဆံပင်နီယက္ခမယ် ကောင်းပင်းတောင်သည် ရှလုံထုတ်လွှတ် သော မရဏာအဆိပ်ငွေ့လှိုင်းကို တစ်ချက်မျှ ရှူမိခဲ့သည်။ မရဏာ အဆိပ်ငွေ့လှိုင်းမှန်းသိသည်နှင့်အသက်အောင့်ထားခဲ့ရာ အဆိပ်သင့် မှု မရှိခဲ့ပေ။

သို့သော် အသက်အောင့်ထားလျက်နှင့် မိမိ၏ နောက်ဆုံးတပည့်မလေး ကောင်းမိုးချိုအတွက် စိုးရိမ်စိတ်ဖြင့် အတွင်းအားထုတ်သုံးကာ ရှလုံ၏ မရဏာဓားသိုင်းကို ရင်ဆိုင်ခဲ့ပြန်ရာ အင်အားအတော်ကုန်ခန်းခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရှုလုံနှင့် ဘုတင်ကိုယ်တင် ဆိုသလို အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်ခဲ့ရာ အတွင်းအားနှင့် သိုင်းစွမ်းရည်တို့ကို အဆင့်ကုန် အစွမ်းကုန် ထုတ်သုံးရပြန်သည်။

ကောင်းပင်းတောင်သည် သိုင်းလောက အမှောင်နယ်မှ လမ်းလွဲသိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်ရာ သူမ၏ အတွင်းအားနှင့် သိုင်းပညာစွမ်းရည်တို့သည် အကြင်နာကင်းမဲ့မှုပေါ်တွင် အခြေခံနေကြသည်။

ဘာကိုမျှ ငဲ့ညှာထောက်ထားခြင်း မပြုဘဲ တစ်ဖက် ပြိုင်ဘက်အပေါ် ပြတ်ပြတ်သားသား အနိုင်ယူနိုင်ရေးကိုသာ ဒဲလေးထားသည်။

ယခု ကောင်းပင်းတောင်သည် ကောင်းမိုးချို ထိခိုက် အနာတရ ဖြစ်မှာစိုးရိမ်ပူပန်မှု ဖြစ်နေရာ လမ်းလွဲသိုင်းပညာဆိုးများ၏ အဓိက လိုအပ်ချက် အင်အားအခြေခံ ဖြစ်သော အကြင်နာကင်းမဲ့မှု ယုတ်လျော့အားနည်းနေသည်။

ထို့ကြောင့် ရင်ဆိုင်ယှဉ်ပြိုင်မှု၏ အစပိုင်းတွင် မသိသာသော်လည်း တိုက်ပွဲအချိန်ကြာလာသည်နှင့်အမျှ ထိုပျော့ကွက်က စကားပြောလာသည်၊ အကြိတ်အနယ် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှု



၏ သဘောသဘာဝအရ ရှိသမျှသော အတွင်းအားနှင့် သိုင်းစွမ်းရည်များကို အိပ်သွန်ဖာမှောက် ဆိုသလို အကုန်အစင် ထုတ်သုံးသောအခါ ကောင်းမိုးချိုအပေါ်ရှိနေသော အကြင်နာစိတ်ကလေးက ကောင်းပင်းတောင်၏ အတွင်းအား အနေအထားကို ထိခိုက်လာသည်။

အတွင်းအား စုစည်းမှု အဆင်မပြေ။ ခန္ဓာကိုယ်အတွင်း သွေးလေလည်ပတ်မှု မချောမွေ့။ ဤအကြောင်းတရားတို့၏ အကျိုးဆက်အဖြစ် ကောင်းပင်းတောင်မှာ ခေါင်းထဲမိုက်ခနဲ တစ်ချက်ဖြစ်ပြီး သိုင်းဟန်လှုပ်ရှားမှုနှင့် ခြေလှမ်းချက်များ တစ်ချက် တုံ့နှေးသွားရသည်။

ဘာမျှတော့ မပြောပလောက်ပါ။ တဒင်္ဂမျှသာ တုံ့ထိုင်း၊ တုံ့နှေးသွားခဲ့ခြင်း ဖြစ်သည်၊ အဆင့်မြင့်သိုင်းပညာရှင်ကြီးများ၏ ထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်မှုတွင် တဒင်္ဂ၏ ဆယ်ပုံတစ်ပုံမျှသော အချိန်ပိုင်းလေးကပင် အလွန်အရေးပါ အရာရောက်သည်။

ကောင်းပင်းတောင်တစ်ယောက် တဒင်္ဂကမျှ တုံ့ဆိုင်း၊ တုံ့နှေးသွားသည့်အချိန်တွင် ရှုလုံက မရဏခြေချက်များဖြင့် လွှမ်းမိုးအုပ်စိုးထားလိုက်လေပြီ။

တိုက်ပွဲအခြေအနေ ရုတ်တရက် ပြောင်းလဲသွားသည်။ ရှုလုံ

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် အပြည့်အဝ အသာစီးရသွားကာ စိတ်ကြိုက်လုပ် ထင်ရာ လုပ်နိုင်သည့် အနေအထားရှိသွားသည်။ မရဏာဓားကို တစ်ချက်ဝင့်ကာ ခုတ်ချလိုက်သည်နှင့် တစ်ခါတည်း ပွဲသိမ်းသွားနိုင်ပေပြီ။

"ဘယ်လိုလဲ မရဏာဂိုဏ်းထဲဝင်ပြီး ကျုပ်တို့နဲ့ ပူးပေါင်းမလား"

ရှလုံသည် ကောင်းပင်းတောင်အား မရဏာဓားဖြင့် ခုတ်ပိုင်းစီရင်ခြင်း မပြုဘဲ အကြောသာ တို့ပိတ်ပြီး မေးလိုက်သည်။ တစ်ကြော့ပြန် ထူထောင်လှုပ်ရှားမည့် မရဏာဂိုဏ်းတွင် ဆံပင်နီ ယက္ခမယ် အောင်ပင်လောင်းလို သိုင်းလောက အမှောင်နယ်၏ ထိပ်သီး လမ်းလွှဲသိုင်းပညာရှင်ကြီး တစ်ယောက်၏ အင်အားကို သုံးလိုသော ကြောင့် အသေမသတ်ဘဲ စည်းရုံးသိမ်းသွင်းလိုက်ခြင်း ဖြစ်သည်။

အမိကပြိုင်ဘက်ရန်သူကြီးဖြစ်သော ကောင်းပင်းတောင်ကို အခွင့်အရေးရခိုက် အပြတ်သုတ်သင်ခြင်းမပြုမှုသည် မရဏာဂိုဏ်း အတွက် ကြမ္မာဆိုးသွားစေခဲ့သည်။

☆ ☆ ☆



ချစ်ကံခေကာ သိုင်းလောကတွင် လေလွင့်လျက် မေတ္တာတော်မွတ်သလို ဖြစ်နေခဲ့သော ကောင်းမိုးချို့သည် သူ့မအပေါ် ကောင်းခဲ့သော ကောင်းပင်းတောင်ကို အတော်ကြီး သံယောဇဉ် ရှိနေ ခဲ့သည်။

ယခု ရှလုံ၏ မရဏာဓားသိုင်းလက်အောက်တွင် ကောင်းပင်းတောင် အရေးရှုံးနိမ့်သွားခြင်းမှာလည်း မိမိအပေါ် အကြင်နာထား၍ ကာကွယ်စောင့်ရှောက်ခြင်းပေးမှု၏ အကျိုးဆက်ဖြစ်ကြောင်းကို နားလည်သည်။

ထို့ကြောင့် ကောင်းပင်းတောင် အရေးနိမ့်ပြီး အကြောထိုးပိတ်ခံရသည်ကို မြင်သည်နှင့် ကောင်းမိုးချို့သည် ဘာမျှ မစဉ်းစားတော့ဘဲ ရှလုံကို အတင်းပြေးဝင်တိုက်ခိုက်လေတော့သည်။

ကောင်းမိုးချို့သည် ရှလုံနှင့်ပြိုင်ဘက်မဟုတ်ဘဲ ယခုလို အတင်းဝင်တိုက်ခိုက်ခြင်းသည် ဘာမျှ အကျိုးမရှိ။ ရှလုံ၏ မရဏာဓားချက်ဖြင့် အသက်သေဆုံးရဖို့သာ ရှိကြောင်း နားလည်သိရှိထားသော

www.burmeseclassic.com

www.burmeseclassic.com



ချင်လိန်ဝေမှာ သည်အတိုင်း ကြည့်မနေသာတော့ပါ။

သူနှင့် ချစ်ကာံခဲ့ရသည့် ကံကြမ္မာလည်းတူသော တစ်ဆရာတည်းတပည့် သိုင်းပညာတူ သင်ဘက်ဖြစ်သော ကောင်းမိုးချိုကို ကူညီကာကွယ်ပေးရန် မူလကပင် စိတ်ပိုင်းဖြတ်ထားသည့်အတိုင်း ရှလုံထံသို့ ပြေးဝင်သွားလေသည်။

ယခုအခါတွင် ချင်လိန်ဝေသည် သန့်စင်မနော‌အတွင်းအားကို လေ့ကျင့်ရရှိထားပြီး နှင်းတောင်သိုင်းပညာကိုလည်း တတ်မြောက်နေလေရာ ကောင်းမိုးချိုထက် သိုင်းပညာ အဆင့်မြင့်နေသည်။ အထူးသဖြင့် ကိုယ်ဖော့ပညာတွင် များစွာသာလွန်နေသည်။ ထို့ကြောင့် ကောင်းမိုးချို၏နောက်မှ ပြေးလွှားလှုပ်ရှားသော်လည်း ကောင်းမိုးချိုထက် အရင် ရှလုံ၏ အနီးသို့ ရောက်သွားသည်။

ရှလုံက ကောင်းမိုးချိုကို မရဏဓားဖြင့် ဆီး၍ ထိုးနှက်တိုက်ခိုက်သည်။ သူ့အနီးသို့ ရောက်နေသူ ချင်လိန်ဝေက ကြားဝင် ကာကွယ်ပေးသောကြောင့် ရှလုံ၏ မရဏဓားချက်က ကောင်းမိုးချိုကို အန္တရာယ်မပေးနိုင်။

ချင်လိန်ဝေ၏ ‘နှင်းငွေ့လေပွေဓားသိုင်း’ ဖြင့် ကြားဖြတ်ဟန့်တားမှုကြောင့် ပျက်ပြယ်သွားသည်။ ထျန်းလုံပုရည်၏ မိမိရရ



အကြောထိုးပိတ်ထားခြင်း ခံရလေသော ချင်လိန်ဝေ အနေဖြင့် အချိန်တိုအတွင်း မိမိဘာသာ အကြောဖြေဖွင့်ကာ လှုပ်ရှားတိုက်ခိုက်နိုင်လိမ့်မည်ဟု ရှလုံက လုံးဝ ထင်မထားခဲ့ပေ။ ထို့ကြောင့် ရှလုံသည် ချင်လိန်ဝေထံသို့ လုံးဝ အာရုံမရောက်။

ရှလုံ၏ စိတ်အာရုံများသည် ကောင်းမိုးချိုထံသို့သာ အပြည့်အဝ စူးစိုက်ရောက်ရှိနေသည်။ ချင်လိန်ဝေ၏ ကြားဝင်တိုက်ခိုက်မှုကို လုံးဝ သတိမပြုမိ။ မသိ၊ မမြင်။

ကောင်းမိုးချိုကို ဦးတည်တိုက်ခိုက်သော မိမိ၏ မရဏဓားချက် ရုတ်တရက် နှောင့်ယှက်ခံရပြီး ပျက်ပြားသွားသည်တွင် ရှလုံသည် ချင်လိန်ဝေ၏လက်ချက်ဟုပင် မထင်မိ။ ကောင်းမိုးချိုက တစ်မူဆန်းသော လျှပ်စီးဓားမြန်သိုင်းကွက်တစ်မျိုးဖြင့် တားဆီးချေဖျက်လိုက်သည်ဟုပင် တွေးလိုက်မိလေသေးသည်။

ထို့ကြောင့် ရှလုံသည် မရဏဓားသိုင်း၏ အင်အားအကြီးမားဆုံးနှင့် အစွမ်းအထက်ဆုံး၊ အဆင့်အမြင့်ဆုံးဖြစ်သော အသက်ချွေ ဝိညာဉ်နုတ်ဓားရေးကို ထုတ်သုံးကာ ကောင်းမိုးချိုကို ထပ်ဆင့်တိုက်ခိုက်သည်။

အလွန်ရက်စက်ကြမ်းကြုတ်လှသော ဓားရေးဖြင့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမိုးချို၏ သေရေးရှင်ရေးအန္တရာယ်လည်း ပေါ်ပေါက်နေသောကြောင့် ချင်လိန်ဝေသည် သန့်စင်မနေ့ာအတွင်းအားကို အဆင့်ကုန် အပြည့်အဝ စုစည်းကာ နှင်းတောင်သိုင်းပညာ၏ နှင်းမုန်တိုင်းသိုင်းကွက်ကို ထုတ်သုံးကာ မိုးပျံဝံပုလွေဓားဖြင့် ရှုလုံကို အတင်းဝင်ခုတ်ပိုင်းချလိုက်သည်။

မိုးပျံဝံပုလွေဓား သွားဘယ်ဘက်လည်ကုပ်နားသို့ အနီးကပ်ရောက်လာသောအခါတွင်မှ ရှုလုံသည် ချင်လိန်ဝေကို သတိပြုမိသည်။ ပညာကုန်၊ အင်အားကုန် အစွမ်းကုန် တိုက်ခိုက်လိုက်သော အသက်ခြွေဝိညာဉ်ခုတ်ဓားရေးကိုတော့ ရှုလုံအနေဖြင့် ပြန်လည်မရုပ်သိမ်းနိုင်။

ဘယ်လက်ဝါးကို ဓားရှည်သဘောသုံးကာ မရဏာဓားချက်တစ်ချက် အမြန်ထိုးခုတ် တိုက်ခိုက်လိုက်လေသည်။ အကယ်၍ ချင်လိန်ဝေသည် သာမန်ဓားကောင်းတစ်လက်သာ ကိုင်ဆောင်ထားကာ အတွင်းအားသန့်စင်ထက်မြက်ခြင်းမရှိဘဲ ဓားချက်လည်းအဆင့်ကုန် မြန်ဆန်ခြင်းမရှိလျှင် ရှုလုံ၏ မရဏာဓားသိုင်းဖြင့် ကာကွယ် တိုက်ခိုက်မှုကို ရင်ဆိုင်ကျော်လွှားနိုင်မည် မဟုတ်။

ယခု ချင်လိန်ဝေ ကိုင်ဆွဲထားသော မိုးပျံဝံပုလွေဓားသည်



မရဏာဓားလို ထိပ်တန်းအစွမ်းထက် ဓားကောင်းတစ်လက် မဟုတ်သော်လည်း အဆင့်မြင့် ဓားကောင်းဖြစ်သည်။ အစွမ်းသတ္တိလည်း အတော်ရှိသည်။ ထို့ပြင် မိမိကိုယ်မိမိ မာန်တက်မှုမရှိဘဲ စိတ်ကပကတိတည်ကြည်စွာ ရှိကာ သန့်စင်မနေ့ာအတွင်းအားကို အပြည့်အဝ စုစည်းထည့်သွင်းထားသည်။

ရှုလုံနှင့်ကောင်းပင်းတောင်တို့ အကြိတ်အနယ် အပြန်အလှန် တိုက်ခိုက်ကြသည်များကို သေသေချာချာကြည့်ရှုခဲ့ရသောကြောင့် မရဏာဓားသိုင်းနှင့် လျှပ်စီးဓားမြန်သိုင်းတို့ ဓားရေးဓားဟန်သိုင်းပညာ အခြေခံသဘော သဘာဝတို့ကိုလည်း ချင်လိန်ဝေက အတန်အသင့် သိရှိနေသည်။

အထူးသဖြင့် ရှုလုံက ရေဏာဓားဖြင့် မဟုတ်ဘဲ လက်ဝါးကိုသာ ဓားရှည်အဖြစ် အသုံးချကာ ဓားကွက်ဖော်ထုတ်သည့်အကွက်သူ၏ တားဆီးတိုက်ခိုက်မှုတွင် ပျော့ကွက်ဟာကွက် မသိမသာ ရှိနေသည်။

ချင်လိန်ဝေသည် ကောင်းပင်းတောင်၏ လျှပ်စီးဓားမြန်သိုင်းကို အတုယူကာ သူ၏နှင်းမုန်တိုင်းသိုင်းကို အလျင်မြန်ဆုံး လှုပ်ရှားသည်။ ဤအကြောင်းခြင်းရာတို့၏ အကျိုးဆက်အဖြစ် ချင်လိန်

www.burmeseclassic.com

www.burmeseclassic.com



ဝေ၏ မိုးပျံဝံပုလွေဓားသည် မရဏဓားသိုင်းဖြင့် ကာကွယ်တိုက်ခိုက်သော ရှလုံ၏ခံစစ်ကို ထိုးဖောက်ဖြတ်ဝင်နိုင်ခဲ့သည်။

ရှလုံသည် ကောင်းမိုးချိုကို အတော်ကို ဒေါသထွက်နေသည်။ ဤဒေါသ၏ စေ့စော်မှုကြောင့် ကောင်းမိုးချိုကို ရက်ရက်စက်စက် တိုက်ခိုက်ချေမှုန်းပစ်လိုသည့်ဆန္ဒ အထူးပင် ပြင်းထန်နေသည်။ ရှလုံ၏ စိတ်အာရုံများသည် ကောင်းမိုးချိုကို သုတ်သင်ပစ်ရန်ကိုသာ စူးစိုက်သက်ဝင်နေကြသည်။

ချင်လိန်ဝေ၏ ကြားဝင် တိုက်ခိုက်မှုကို ကာကွယ်တားဆီးသည်က အရန်သဘော လှုပ်ရှားမှုသာ ဖြစ်သည်၊ အာရုံဝင်စားမှု အပြည့်အဝမရှိ။ ထို့ကြောင့် လက်ဝါးကို ဓားသဖွယ်အသုံးချကာ မရဏဓားသိုင်းဖြင့်ကာကွယ်တားဆီးမှုကို ချင်လိန်ဝေ၏ နှင်းမုန်တိုင်းသိုင်း၏ ဓားချက်ထိုးဖောက် ကျော်ဝင်လာသောအခါ ရှလုံမှာ အငိုက်မိသွားသည်။

ထပ်ဆင့်ခုခံကာကွယ်ကွက်ပင် မထုတ်နိုင်တော့။ မိုးပျံဝံပုလွေဓား၏ ထိုးနက်ချက်ကို ရှေ့မလှခံလိုက်ရလေတော့သည်။

တိုက်ပွဲပြီးဆုံးသွားပြီ၊

☆ ☆ ☆



ဖခင်ဖြစ်သူ အရေးရှုံးနိမ့်ကာ ကြမ္မာဆိုးကြုံသွားရသည်ကို တွေ့ရသောအခါ ရှလိယန်လည်း အော်ဟစ်ကြိမ်းဝါးကာ ပြေးဝင်လာသည်၊ ကောင်းမိုးချိုက ရှလိယန်အား ဆီးကြိုတားဆီးသည်။

ရှလိယန်၏သိုင်းပညာစွမ်းရည်မှာ အဆင့်မနိမ့်လှ။ ကောင်းမိုးချိုနှင့် ယှဉ်နိုင်လောက်သည်။ သို့သော် ရှလိယန်သည် ချင်လိန်ဝေပေါ်တွင်သာ မဲနေရာ ကောင်းမိုးချို၏ ဆီးကြိုတားဆီးမှုကို သတိမပြုမိ။

ဤသို့ဖြင့် ရှလိယန်တစ်ယောက် ကောင်းမိုးချို၏ အကြောထိုးပိတ်ခြင်းကို ခံလိုက်ရလေသည်။ သတိလက်လွတ်သလို ကမူးရှူးထိုး အတင်းဝင်လာသော ရှလိယန်ကို ကောင်းမိုးချိုအနေဖြင့် လှျပ်စီးဓားမြန်သိုင်း တစ်ကွက်သုံးကာ ဓားချက်တစ်ချက်ဖြင့် အပြတ်ရှင်းပစ်နိုင်သော်လည်း သက်တူရွယ်တူ မိန်းမပျိုအချင်းချင်း သက်ညှာသည့်အနေဖြင့် ကောင်းမိုးချိုက အသက်ရန်မရှာဘဲ အကြောသာ ထိုးပိတ်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှလိယန်ကို အကြောပိုးပိတ်ပစ်လိုက်ခြင်းသည် တစ်ကြော ပြန် ခေါင်းထောင်လာသော မရဏဂိုဏ်း၏ ဦးစီးခေါင်းဆောင်မှုကို အပြီးတိုင် ချေမှုန်းပစ်လိုက်သည့် သဘောပင်။

မရဏဂိုဏ်း၏ဦးစီးခေါင်းဆောင်မှာ လက်ထဲတွင် အကြော ပိတ် ဖမ်းဆီးထားခြင်းခံနေကြရသည့် ဓားဇကြာဂေဟာရှင် ဝန် ကျော်ဖုန်၊ မိုးပုလဲဓားရှင် ကျန်းလီန်ဂူး မုန့်တိုင်းနဂါးရဲတိုက်သခင် ကြီး ရှန်ကင်းစင်း၊ ရေခဲမြစ်တာရွေ့မယ် ဘုတ္တချင်းနှင့် ဆံပင်နီယက္ခ မယ် ကောင်းပင်းတောင်တို့ကို ချင်လိန်ဝေနှင့် ကောင်းခိုးချိုတို့က အကြောများ ဖြေဖွင့်ပေးလိုက်ကြသည်။

ချုပ်ဖမ်းခံထားရသူအားလုံး ပြန်လည်လွတ်မြောက်လာကြ လေပြီ။

"ထျန်းလုံပုရည်နဲ့ ရှလိယန်တို့ကို ဘာကြောင့် ချန်ထားရ တာလဲ၊ သူတို့ကိုပါ အဆုံးစီရင်ပစ်လိုက်ပါလား"

အကြောပြန်ဖြေ ပွင့်လာသော ကောင်းပင်တောင်းက ပြောသည်။ ဆံပင်နီယက္ခမယ်သည် ထိပ်သီးလမ်းလွှဲ သိုင်းပညာရှင် ကြီးတစ်ယောက်ပီပီ ရက်စက်သည်။ ကြမ်းတမ်းခက်ထန်သည်။ ရန်သူကို အနိုင်ရအောင် ကျားကုတ်ကျားခဲတိုက်ခိုက်ပြီး အပြတ်ချေ



မှုန်းပစ်ဖို့သာ နားလည်သည်။ သက်ညှာထောက်ထားဖို့ လုံးဝ မစဉ်း စား။

"ဟာ ... ဒီလို ရက်ရက်စက်စက် လုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ရှလုံကို သုတ်သင်ပစ်ခဲ့တာတောင် လွန်သလိုဖြစ်နေပြီ၊ ထျန်းလုံပု ရည်က ညာခြေထောက်ပြတ်နေပြီး ရှလုံမရှိတော့တဲ့နောက်ပိုင်း ရှလိ ယန် အနေနဲ့လည်း မရဏဂိုဏ်းကို ဦးဆောင်လှုပ်ရှားနိုင်တဲ့ အခြေ အနေမရှိပါဘူး၊ ပြီးတော့ မရဏဓားကိုလည်း ကျွန်တော်တို့အားလုံး နိုင်ခဲ့ပြီဆိုတော့ မရဏဂိုဏ်းတစ်ခန်းသိမ်းသွားပြီလို့တောင် ပြောလို့ ရပါပြီ။ ဒါကြောင့် ရှလိယန်အပါအဝင် မြောက်ပိုင်းနှင်းဖြူစံအိမ်တော် က သိုင်းသမားတွေနဲ့ ဂျက်မွန်ဂိုနယ်က ထျန်းလုံပုရည်ရဲ့ နောက် လိုက်နောက်ပါတွေကို ဘာမှ ရန်မပြုကြတော့ဘဲ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးလိုက်တာ အကောင်းဆုံးပါပဲ"

ဆံပင်နီ ယက္ခမယ် ကောင်းပင်းတောင်၏ ခက်ထန်ရန်လို နေမှုကို ချင်လိန်ဝေက တားမြစ်ဖျောင်းဖျသည်။

"မိတ်ဆွေလေး ချင်လိန်ဝေပြောတာ သင့်လျော် ကောင်း မွန်ပါတယ်၊ ဒီအတိုင်းလုပ်ကြတာပေါ့"

ဝန်ကျော်ဖုန်က ချင်လိန်ဝေကို ထောက်ခံသည်။ ကျန်း

www.burmeseclassic.com

www.burmeseclassic.com



လိန်ဝူနှင့် ရှန်ကင်းစင်းတို့ကလည်း ဤသဘောထားအတိုင်း ရှိကြသည်။ ရေခဲမြစ်တစ္ဆေမယ် ကုတုချင်းကတော့ ဘာမျှမပြော၊ နှုတ်ဆိတ်၍သာ နေသည်။

ကောင်းပင်းတောင်မှာ ခက်ထန်ရက်စက်သော စရိုက်ကြမ်းကြမ်းရှိရာ မိမိလိုရာရအောင် လုပ်လေ့ရှိသော်လည်း ရှလုံကို ချေမှုန်းကာ မိမိတို့အားလုံးကို ကယ်တင်ပေးခဲ့သော ချင်လိန်ဝေ၏ ကျေးဇူးကိုတော့ လျစ်လျူမရှု။ စရိုက်ကြမ်းသော လမ်းလွဲသိုင်းပညာရှင်တို့၏ ဗီဇအတိုင်း ကျေးဇူးနှင့် ရန်ကြွေးကို ကောင်းစွာ ခွဲခြားတတ်သည်။ ကျေးဇူးတရားကို အလေးအနက်ထားသည်။

ထို့ကြောင့် သူ့စရိုက်အတိုင်း 'ကြူပင်ခုတ် ကြူငုတ်မကျန်' ရအောင် အပြီးအပြတ် ချေမှုန်းသုတ်သင်ခြင်းပင် ဖြစ်သော်လည်း အပြင်းအထန် ကန့်ကွက်အရေးဆိုမှု ပြုမနေတော့။ ချင်လိန်ဝေစကားကို သဘောတူ လက်ခံလိုက်သည်။

"ကောင်းပြီလေ၊ အဲဒီလိုပဲလုပ်ကြတာပေါ့၊ တစ်ခုတော့ ရှင်းအောင် သိချင်တယ်"

ကောင်းပင်းတောင်က ပြောသည်။

"ဟုတ်ကဲ့ ... ဘာများ သိချင်လို့ပါလဲ"



ချင်လိန်ဝေက မေးသည်။

"မရဏဓားကို ဘယ်သူ့လက် အပ်မှာလဲ"

ဤအမေးကိုတော့ ချင်လိန်ဝေ ချက်ချင်းအဖြေမပေးနိုင်။ တွေဝေစဉ်းစားနေသည်။ သူ၏ မိတ်ဆွေကောင်းများဖြစ်ကြသော ဝန်ကျောက်ဖုန်နှင့် ကုတုချင်းတို့ကိုလည်း အကြံဉာဏ်တောင်းသလို ကြည့်သည်။

"ဒါမှမဟုတ် မရဏဓားကို ဖျက်ဆီးပစ်လိုက်မှာလား"

ကောင်းပင်းတောင်က ဆက်၍မေးသည်။

"မရဏဓားဟာ တကယ့်ထိပ်တန်းဓားကောင်းတစ်လက်ပဲ၊ ဖျက်ဆီးပစ်လိုက်ရင် အရမ်းနှမြောစရာကောင်းတယ်"

ရှန်ကင်းစင်းက ဝင်ပြောသည်။

"ဟုတ်တယ် ... ဖျက်ဆီးပစ်ဖို့တော့ မသင့်ဘူး၊ ဒါပေမဲ့ ဒီဓားကို ဘယ်သူက တာဝန်ယူထိန်းသိမ်းထားမှာလဲ၊ အခုဆိုရင် မရဏဓား ပြန်လည်ပေါ်ထွက်လာတဲ့သတင်းက ပျံ့နှံ့နေပြီ၊ ရှလုံသေဆုံးသွားပြီး သူ့ရဲ့မရဏဂိုဏ်း ပြန်ထူထောင်မယ့်အစီအစဉ်ကို ပျက်သွားတာကို သိကြရင် မရဏဓား အရယူဖို့ ကြိုးစားမှုတွေ၊ တိုက်ခိုက်မှုတွေ၊ ရန်ကြွေးတွေ အကြီးအကျယ် ပေါ်လာဦးမှာပဲ၊ ဘာလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြရင် ကောင်းမလဲ"

ချင်လိန်ဝေက အကြံရခက်ဟန်ဖြင့် ညည်းတွားသလိုပြောသည်။

"ကျုပ် အကြံတစ်ခုတော့ စဉ်းစားမိတယ်"

ဆံပင်နီယက္ခမယ်က စကားစလိုက်ရာ ကျန်လူများက သူမဆက်ပြောမည့်စကားများကို နားစွင့်လိုက်ကြသည်။

"မရဏာဓားကို သူ့ရဲ့နေရာမှန်မှာ ပြန်သိမ်းထားလိုက်တာအကောင်းဆုံးပဲ၊ သိုင်းလောကမှာတော့ မရဏာဓားကို ဖျက်ဆီးပစ်လိုက်ပြီလို့ သတင်းလွှင့်လိုက်မယ်လေ"

"မရဏာဓားရဲ့ နေရာမှန်ဆိုတာက"

"မရဏာလှိုဏ်ဂူပဲလေ"

ရှန်ကင်းစင်း၏ ရူးစမ်းမှုကို ကောင်းပင်းတောင်က ပြန်အဖြေ ပေးသည်။

"အဲဒီအကြံ ကောင်းပါတယ်၊ ဒါပေမဲ့ မရဏာလှိုဏ်ဂူ ဘယ်မှာ ရှိတယ်ဆိုတာ နေရာအတိအကျ မသိဘူး၊ ဒီရေတံခွန်အောက်မှာဆိုတဲ့ ယေဘုယျပဲ သိကြရပြီးတော့ မရဏာလှိုဏ်ဂူထဲ ရောက်အောင်ဝင်နိုင်တဲ့ လျှို့ဝှက်လမ်းကြောင်းကိုကော ဘယ်သူက လမ်းညွှန်နိုင်



မှာလဲ"

ဝန်ကျောက်ဖုန်က ပြောသည်။ ဤစကားများကို ပြောနေချိန်တွင် ဝန်ကျောက်ဖုန်၏မျက်လုံးအကြည့်သည် ကုတုချင်းထံသို့ တစ်ချက်ရောက်သည်။ ထိုမျက်လုံးအကြည့်ကို ကုတုချင်းမှ လွဲ၍ တခြားမည်သူမျှ သတိမပြုမိလိုက်ကြပါ။

"မရဏာလှိုဏ်ဂူ ဘယ်မှာလဲဆိုတာ ကျွန်မသိပါတယ်၊ မရဏာလှိုဏ်ဂူထဲကို ရောက်အောင် ဝင်နိုင်တဲ့ လျှို့ဝှက်လမ်းကြောင်းကိုလည်း သိပါတယ်၊ တကယ်လို့ ကျွန်မကို ယုံကြည်စိတ်ချပြီး တာဝန်ပေးမယ်ဆိုရင် မရဏာဓားကို မရဏာလှိုဏ်ဂူထဲ အရောက် ပို့ပေးပါ့မယ်"

ရေခဲမြစ်တာဠေမယ် ကုတုချင်းက ဆုံးဖြတ်ချက် ပိုင်နိုင်စွာ ချလိုက်ပြီးဟန်နှင့် ပြောသည်။

"မင်းက အဲဒါတွေကို သိနေတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ မင်းကို ဘယ်လိုလုပ်ပြီး ယုံကြည်စိတ်ချရမှာလဲ၊ မင်းက မရဏာလှိုဏ်ဂူ တည်နေရာနဲ့ ဝင်ထွက်နိုင်တဲ့ လျှို့ဝှက်လမ်းကြောင်းကို သိနေတာဆိုတော့ မရဏာဓားကို တစ်နည်းနည်းနဲ့ တစ်ချိန်ချိန်မှာ ပြန်ကြီး အခုယူမသွားဘူးလို့ ဘယ်သူက တာဝန်ခံပြီး အာမခံချက် ပေးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လမ်းလွှဲသိုင်းပညာရှင်တစ်ယောက်ပီပီ မည်သူ့ကိုမျှ ယုံကြည်စိတ်ချခြင်း မရှိဘဲ သံသယများလှသော ကောင်းပင်းတောင်က ပြောသည်။ ဤစကားကြောင့် ကုတုချင်းမျက်နှာ တစ်ချက်ပျက်သည်။ ကျန်လူများလည်း စိတ်ထဲ ဇဝေဇဝါ ဖြစ်သည်။

"အဲဒါကို ကျွန်တော် အာမခံပါတယ်၊ ကျွန်တော့်အသက်နဲ့ ဆက်ပြီး တာဝန်ယူပါတယ်။ ကုတုချင်းက ဒီလို သစ္စာဖောက်မှုမျိုး လုပ်မှာမဟုတ်ပါဘူး"

ကုတုချင်းအတွက် ရဲဝံ့ပြတ်သားစွာ တာဝန်ယူ အာမခံလိုက်သည်မှာ ချင်လိန်ဝေဖြစ်သည်။ စောဒကတက် ပြောဆိုလာမှုမရှိတော့သည့်အတွက် မဏာရလှိုဏ်ဂူထဲတွင် မရဏာဓားကို သွားရောက်ထားရှိရန် ကုတုချင်းကို တာဝန်ပေးကြသည်။

ကုတုချင်းလက်သို့ မရဏာဓားကို ချင်လိန်ဝေကိုယ်တိုင် အပ်လိုက်သည်။ ကုတုချင်းလည်း မရဏာဓားကိုလက်ခံရယူပြီး မိကျောင်းပါးစပ် ရေတံခွန်ကြီး၏ အောက်ခြေရေပြင်အတွင်းသို့ ကူးခတ် ငုတ်လျှိုး ဝင်ရောက်သွားသည်။

ထျန်းသုံပုရည်နှင့်ရှလီယန်တို့အား နေရပ်သို့ ပြန်ရန်လွှတ်ပေးလိုက်ပြီးနောက် ကျန်လူများသည် ကုတုချင်းပြန်လည်ရောက်



လာမည့် အချိန်ကို ရေတံခွန်နားမှပင် စောင့်ဆိုင်းနေကြသည်။

ညနေစောင်း နေဝင်သွားပြီး ညဦးယံပထမပိုင်းရောက်သောအခါမှပင် ကုတုချင်း ရေတံခွန်အောက်မှ ပြန်ထွက်လာသည်။ မရဏာဓားကို မရဏာလှိုင်ဂူထဲသို့ ပို့ဆောင်သိမ်းဆည်းထားလိုက်ပြီးဖြစ်ကြောင်း အတည်ပြုအကြောင်းကြားသည်။

မရဏာဂိုဏ်း၏ ကျန်ရစ်သောအဆက်အနွယ်များနှင့် မရဏာဓားကို စိတ်ဝင်စားသည့် အခြားသိုင်းသမားများ ရောက်လာလိုရောက်လာငြား ကြိုတင်ကာကွယ်မှု သဘောဖြင့် သူတို့လူစု ထိုနေရာတွင် (၃) ရက် (၃) ညတိုင်တိုင် စခန်းချ နေထိုင်ကာ စောင့်ကြည့်ကြသည်။

မည်သူမျှ ရောက်မလာခဲ့ကြပါ။ ဤသို့ဖြင့် မရဏာဓားနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကို နှုတ်လုံပါမည်ဟု သစ္စာဆိုကတိပြုကြပြီးနောက် သူတို့လူစု လူစုခွဲကာ မိကျောင်းပါးစပ်ရေတံခွန်ကြီးမှ ထွက်ခွာကြသည်။

ချင်လိန်ဝေ၏ တိုက်တွန်းချက်ဖြင့် ဝန်ကျောက်ဖုန်သည် ကုတုချင်းကို 'ရေကြည်ဥယျာဉ်လှိုဏ်ဂူ' သို့ အဖော်ပြုကာ လိုက်ပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လို အဖော်ပြုကာ လိုက်ပို့ပေးခြင်းဖြင့် ဟန်ကျောက်ဖုန်နှင့် ကုတုချင်းတို့ နှစ်ယောက်အကြားတွင် တစ်စခန်းရပ်သလို ဖြစ်နေသော မေတ္တာဓာတ်လမ်း ပြန်လည်အသက်ဝင် ရှင်သန်လာစေရန် ချင်လိန်ဝေ မျှော်လင့်သည်။

မြင်းဖြူကြီးနှင့် မိုးပျံဝံပုလွေဓားတို့ကိုလည်း ချင်လိန်ဝေက ကုတုချင်း၏လက်သို့ ပြန်အပ်သည်။ ကုတုချင်းက ချင်လိန်ဝေကို ကျောက်စိမ်းဖြူ မှလွှေတစ်ခုလက်ဆောင်ပေးသည်။ ဟန်ကျောက်ဖုန်ကလည်း မဟူရာခါးစကြာ အမည်ရှိ သံနက်ခါးပိုလေး တစ်ချောင်း အမှတ်တရ ပေးသည်။

မိကျောင်းပါးစပ်လိုဏ်ဂူမှ နောက်ဆုံးထွက်ခွာလာသူမှာ ချင်လိန်ဝေ ဖြစ်သည်။ အဖော်တော့မပါ တစ်ကိုယ်တည်းပင် ခရီးနှင် လာခဲ့သည်။

☆ ☆ ☆ ☆ ☆



အခန်း ( ၁၂ )

ချင်လိန်ဝေတစ်ယောက်တည်း ခရီးနှင်လာခဲ့သည်။ သူ့ရင်ထဲတွင် ဟာတာတာနှင့် အထီးကျန်ဆန်နေသည်။ လွမ်းသလိုလို ရှိသော်လည်း ဘယ်သူ့ကို လွမ်းရမည်ဟု ရေရေရာရာမသိ။ ဘယ်ကို သွားရမည်ဟူ၍လည်း ဦးတည်ချက် တိတိကျကျမရှိဘဲ ခြေဦးတည့်ရာကိုသာ သွားနေသည်။

သိုင်းထိပ်ခေါင်တင် ဒေဝီက သူ့ကို ဘေးမဲ့ပေးထားခဲ့သည့် တစ်နှစ်တာအချိန်ကာလည်း ပြည့်သွားပြီမို့ သိုင်းထိပ်ခေါင်တင်ဒေဝီနှင့် နှင်းတောင်ယောဂီတို့ကိုယ်စား သိုင်းပညာ ယှဉ်ပြိုင်ရမည့်အရေးကိုတော့ ချင်လိန်ဝေမမေ့၊ ရင်ဆိုင်ရမည်ကို အချိန်ဆွဲမနေဘဲ ရင်ဆိုင်လိုက်ချင်သည်။

သို့သော် သိုင်းထိပ်ခေါင်တင်ဒေဝီ ဘယ်မှာနေသည်ကို ချင်လိန်ဝေ မသိ။ ဘယ်နေရာမှာ လိုက်ရှာရမှန်း မသေချာ။ သည်တော့

www.burmeseclassic.com

www.burmeseclassic.com



ခြေဦးတည့်ရာသာ သွားနေလေသည်။

"ဟိတ်"

အသံတစ်ချက် ကြားရသောကြောင့် ချင်လိန်ဝေသည် စီးမြင်းကို ဇက်ဆွဲကာ တုံ့ရပ်လိုက်သည်။ ဟိုဟိုသည်သည် မျက်စိကစားကာ အချက်ပေးသံပြုသူကို လိုက်ရှာသည်။ လူရိပ်လူရောင်မမြင်ရ။ ခရီးဆက်ရန် မြင်းကို ခြေတို့တော့မည်အပြုတွင်မှ မလှမ်းမကမ်းတွင် ရပ်နေသော အမျိုးသမီးကြီးတစ်ယောက်ကို ဘွားခနဲမြင်လိုက်လေသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီပင်တည်း။

"သြော် ... သိုင်းထိပ်ခေါင်တင်ဒေဝီ ရောက်လာပြီကိုး"

ချင်လိန်ဝေက နှုတ်ဆက်သလို ရေရွတ်စကားဆိုရင်း မြင်းပေါ်မှ ဆင်းလိုက်သည်။

"ဟုတ်တယ် ... မင်းကို အန္တရာယ်မပြုပါဘူးလို့ နှင်းတောင်ယောဂီတွေကို ကတိပေးထားခဲ့တဲ့ အချိန်ကာလ ပြည့်သွားပြီဆိုတာ သိတယ်မဟုတ်လား"

သိုင်းထိပ်ခေါင်တင်ဒေဝီက အေးအေးဆေးဆေးပြောသည်။ ရန်လိုသည့် စကားမဟုတ်သော်လည်း မျက်လုံးအကြည့်က



အေးစက် မာကျောသည်။

"ဟုတ်ကဲ့ ... သိပါတယ်၊ ကျွန်တော်တို့ ယှဉ်ပြိုင်ကြတော့မလား"

"ယှဉ်ပြိုင်မှာပေါ့၊ မယှဉ်ပြိုင်ခင် မေးစရာ စကားနည်းနည်းရှိတယ်"

"မေးပါ"

"မင်းတို့က ရှလုံတို့ကို အနိုင်ယူချေမှုန်းလိုက်တယ်ဆိုတဲ့သတင်းကြားရတယ်၊ အဲဒါအမှန်ပဲလား"

"မှန်ပါတယ်၊ ရှလုံကိုသာ ချေမှုန်းရှင်းပစ်လိုက်တာပါ၊ ရှလိယန်နဲ့ ထျန်းလုံပုရည်တို့ကို ပြန်လွှတ်ပေးလိုက်ပါတယ်"

ဤကိစ္စများနှင့်ပတ်သက်၍ ငြင်းဆိုထိမ်ချန်ထားစရာအကြောင်းမရှိသောကြောင့် ချင်လိန်ဝေက အမှန်အတိုင်း အဖြေပေးလိုက်သည်။

"မရဏစားရော ဘယ်သူ့ဆီမှာလဲ"

"ဖျက်ဆီးပစ်လိုက်ပါပြီ"

"တကယ်ပဲလား၊ မင်းလျှောက်ပြောတိုင်း ယုံမယ်ထင်နေလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ပြောစရာရှိတာကို ပြောတာပဲ၊ ယုံတာ မယုံတာက သိုင်းဒေဝီသဘောပါ"

"ထားပါတော့လေ ... မင်းပြောတဲ့အတိုင်း ဟုတ်၊မဟုတ် ငါ စုံစမ်းကြည့်နိုင်ပါတယ်၊ အင်း ... အခု နှင်းတောင်သိုင်းကျမ်းကို ပြီးမြောက်အောင် လေ့လာသင်ယူပြီးပြီလား"

"အဲဒီလိုတော့ ပြောလို့ရပါတယ်၊ သိုင်းဒေဝီနဲ့ ယှဉ်ပြိုင်ဖို့ အသင့်ပါပဲ"

"ဒီမယ်ကောင်လေး ... နှင်းတောင်သိုင်းပညာကို အပြည့်အဝ တတ်နေတယ်ဆိုပြီး ခင်းကိုယ်မင်း အထင်ကြီးမနေနဲ့၊ အဆင့်မြင့်အစွမ်းထက်သိုင်းပညာဆိုတာ ဘာလဲလို့ မင်းသိရအောင် ငါပြပေးမယ်"

"ဟုတ်ကဲ့ ... သွန်သင်ပေးပါ သိုင်းဒေဝီ"

ချင်လိန်ဝေက ဓားလွယ်ထဲမှ ဓားရှည်ကို ရွှမ်းခနဲ ဆွဲထုတ်လိုက်သည်။ သိုင်းထိပ်ခေါင်တင်ဒေဝီကလည်း ညာလက်ကို ဆွေ့ယမ်းလိုက်ရာ သူမ၏ လက်စွဲတော်ဓားရှည် လက်ထဲသို့ ရောက်ရှိကိုင်ဆွဲပြီး ဖြစ်သွားသည်။

"သိုင်းလောကမှာ ငါ့ရဲ့သုခုမဓားကို ယှဉ်နိုင်တဲ့သိုင်းသမား



တစ်ယောက်မှ မရှိသေးဘူး၊ ရင်ဆိုင်မိသူမှန်သမျှ အရေးနိမ့်ကုန်ကြတာချည်းပဲ၊ သုခုမဓားသိုင်းရဲ့ နိမ့်မြင့်သံစဉ်ဓားကွက်ဟာ ပြိုင်ဘက်ကင်းတယ်၊ မင်းလည်း ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး၊ နှင်းတောင်မျိုးဆက် ဒီနေ့မှာ လက်စသိမ်းရပြီ"

သိုင်းထိပ်ခေါင်တင်ဒေဝီ၏စကားက ချင်လိန်ဝေကို အတော်ပင် စိတ်လှုပ်ရှားသွားစေခဲ့သည်။ သူသည် နှင်းတောင်ယောဂီ (၄) ယောက်တို့၏ ဘဝသက်တမ်း နောက်ဆုံးနေ့တွင်သာ ဆုံခဲ့ရသော်လည်း မိမိ၏ အသက်သခင်ကျေးဇူးရှင်များအဖြစ် အလူးရှိသေအလေးထားသည်။

နှင်းတောင်ယောဂီတို့ အသက်စွန့်ကာ အကာအကွယ်ပေးသွားခဲ့ကြသော သိုင်းမျိုးဆက်အမွေကို ပြတ်တောက်သွားခြင်း မဖြစ်စေလို။ သိုင်းထိပ်ခေါင်တင်ဒေဝီက သိုင်းပညာစွမ်းရည် အလွန့်မြင့်မား ထက်မြက်ကြောင်း သိသော်လည်း အသက်စွန့်ကာ အစွမ်းကုန် တိုက်ခိုက်ရန် ယတိပြတ် ဆုံးဖြတ်သည်။

"သုခုမဓားသိုင်းဟာ အစွမ်းထက်မြက်သလို နှင်းတောင်သိုင်းပညာကလည်း အစွမ်းအစရှိပါတယ်၊ လက်တွေ့စမ်းကြည့်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... စားကွက်ကြည့်"

စကားဆုံးသည်နှင့် သိုင်းထိပ်ခေါင်တင်ဒေဝီ၏ သုခုမဓား က ချင်လိန်ဝေ၏ နှလုံးသားဆီ တန်းဝင်လာသည်။ ချင်လိန်ဝေက နှင်းငွေ့လှိုင်းသိုင်းကွက်ဖြင့် ဆီးကြိုခုခံဆောင်သည်။ ချက်ချင်းပင် သုခုမဓား၏ ထိုးနှက်ချက်တွင် လျှို့ဝှက်ဆန်းပြားသော အားအင် လှိုင်းများ ပါရှိနေသည်ကို သတိပြုမိလိုက်သည်။

ထို့ကြောင့် ချင်လိန်ဝေမှာ သိုင်းထိပ်ခေါင်တင် ဒေဝီ၏ ဓား ချက်ကို ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုရဲဘဲ ဂါမန်းကတန်း နောက် ဆုတ်ပေးလိုက်ရသည်။

"ဟား ဟား ဟား ... ကြောက်သွားပြီလား ကောင်လေး"

သိုင်းထိပ်ခေါင်တင်ဒေဝီက ရယ်မောပြောဆိုရင်း သုခုမ ဓားကို ဝှေ့ယမ်းလှုပ်ရှားကာ ထပ်ဆင့်ဓားချက်များ ဖော်ထုတ်လျက် ချင်လိန်ဝေကို တိုက်ခိုက်လာပြန်သည်။ ချင်လိန်ဝေလည်း နှင်းငွေ့ လှိုင်းသိုင်းကို မသုံးတော့ဘဲ နှင်းမုန်တိုင်းသိုင်းကွက်များဖြင့် ဖိဖိစီး စီး ခုခံရာ သိုင်းထိပ်ခေါင်တင်ဒေဝီ၏ ဓားချက် (၃) ချက်ကို ခုခံနိုင်ခဲ့ သည်။

ချင်လိန်ဝေ၏ အစွမ်းအစမှာ အလွန်တိုးတက်လာကြောင်း



အကဲခတ်မိသည့်အတွက် သိုင်းထိပ်ခေါင်တင်ဒေဝီသည် သုခုမ ဓား သိုင်း၏ အမြင့်ဆုံးသိုင်းပညာဖြစ်သည့် နိမ့်မြင့်သံစဉ်ဓားရေးကို အသုံးပြုတိုက်ခိုက်လေတော့သည်။

ထိုအခါ ချင်လိန်ဝေမှာ ဓားကွက် (၁၀) ကွက်အထိသာ အကြိတ်အနယ် ရင်ဆိုင်နိုင်ကာ ဓားကွက် (၁၀) ကွက်ကျော်သွား သောအခါတွင်တော့ နိမ့်မြင့်သံစဉ်ဓားရေး၏ ဆန်းပြားရှုပ်ထွေးသော တိုက်ကွက်ပရိယာယ်များအကြားတွင် ပိတ်မိသွားလေတော့သည်။

"မင်း ဘာတတ်နိုင်သေးလဲ ကောင်ကလေး၊ နောက်ထပ် ဓားကွက်နှစ်ကွက်ဆိုရင် မင်းရှုံးပြီ"

အသာစီးမှ လွှမ်းမိုးထားနိုင်သော သိုင်းထိပ်ခေါင်တင်ဒေဝီ က ကျေနပ်အားရစွာ ပြောကာ (၁၁) ချက်မြောက် ဓားကွက်ကို ထိုးနှက်လိုက်သည်။ နှင်းတောင်ထိပ်တွင် နှင်းတောင်ယောဂီတို့နှင့် အပြင်းအထန် ရင်ဆိုင်တိုက်ခိုက်ချိန်ကပင် ထုတ်မသုံးခဲ့သော အနိမ့် အမြင့် သံစဉ်ဓားရေး၏ (၁၁) ခုမြောက် ဓားကွက်ဖြစ်သည်။

သေရေးရှင်ရေး အခြေအနေကြုံရပြီမို့ ချင်လိန်ဝေလည်း သန့်ဇင်မနော့အတွင်းအားကို အဆင့်ကုန်စုစည်းကာ နှင်းမုန်တိုင်း သိုင်းကွက်များ၏ စွမ်းရည်ကို အမြင့်ဆုံးသို့ မြှင့်တင်လျက် သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လွမ်းမိုးအုပ်စီးပိတ်ဆို့ထားသော သိုင်းထိပ်ခေါင်တင်ဒေဝီက ဓားပိုက် ကွန်ကို အတင်းထိုးဖောက်ထွက်သည်။

လျှပ်စီးဓားမြန်သိုင်း၏ လှုပ်ရှားဟန်များကို အတုယူလျက် အလျင်မြန်ဆုံး တိုက်ခိုက်ရာ ပိတ်မိခံထားရမှုမှ လွတ်ထွက်သွား တော့မလိုပင် ဖြစ်သည်။

သိုင်းထိပ်ခေါင်တင်ဒေဝီလည်း ထိတ်ထိတ်ပျာပျာဖြစ်ကာ နိမ့်မြင့်သံစဉ်ဓားရေး၏ (၁၂) ကွက်မြောက် ဓားချက်ကို ထုတ်သုံး ကာ သုခုမဓားဖြင့် ချင်လိန်ဝေကို ဆတ်ခနဲ ခုတ်ပိုင်းချသည်။ အတွင်း အားအပြည့် ထည့်ထားသော ဓားခုတ်ချက်သည် အရှိန်အဟုန်ကြီး မားလှသည်။

ရှောင်တိမ်းရန် အခွင့်မသာသည့်အတွက် ချင်လိန်ဝေက သူ၏ ဓားရှည်ကိုပင့်မြှောက်ကာ ထိပ်တိုက်ခံဆောင်လိုက်သည်။

'ဒလံ'

သုခုမဓားနှင့် ချင်လိန်ဝေ၏ ဓားရှည်တို့ ပြင်းထန်စွာ ရင် ဆိုင်ခုတ်မိကြသည်။ ယခုအခါတွင် ချင်လိန်ဝေ၏ အတွင်းအားနှင့် သိုင်းစွမ်းရည်သည် သိုင်းထိပ်ခေါင်တင်ဒေဝီထက် သာလွန်ခြင်း မရှိ သည့်တိုင် အားကုန်အင်ကုန် အစွမ်းကုန် တိုက်ခိုက်လျှင် သိုင်းဘွက်



(၂၀) ကျော်ကျော်လောက် အပြန်အလှန် ရင်ဆိုင်နိုင်သော အခြေ အနေတွင် ရှိနေသည်။

သို့သော် ချင်လိန်ဝေ ကိုင်စွဲသော ဓားရှည်မှာ သာမန် ဓား ကောင်းတစ်လက်သာ ဖြစ်လေရာ သိုင်းထိပ်ခေါင်တင်ဒေဝီ၏ လက်စွဲ တော် သုခုမဓားကိုတော့ မယှဉ်နိုင်။ လက်နက်ချင်းက ပြိုင်ဘက် မဟုတ်။

သုခုမဓားနှင့် ထိပ်တိုက်ရင်ဆိုင် အားပြိုင်ခုတ်မိသောအခါ ချင်လိန်ဝေ၏ ဓားရှည် ထက်ပိုင်းကျိုးပြတ်သွားလေတော့သည်။

လက်နက်ပျက်စီးသွားသော ချင်လိန်ဝေကို အလွယ်တကူ အနိုင်ယူချေမှုန်းပစ်မည်ဟု သိုင်းထိပ်ခေါင်တင်က အပိုင်တွက်ကာ ရှေ့သို့ လှမ်းတက်လာသောအခါ ကျောက်စိမ်းဖြူပုလွေနှင့် ရင်ဆိုင် တိုးရလေတော့သည်။

ပွဲသိမ်းအဖြစ် ခုတ်ပိုင်းချသော သုခုမဓားသည် ကျောက် စိမ်းဖြူပုလွေနှင့်ရင်ဆိုင်ခုတ်မိသည်။

နှင်းမုန်တိုင်းသိုင်းကို အဆင့်ကုန် အသုံးပြုတိုက်ခိုက်ပြီးခဲ့ ပြီမို့ ချင်လိန်ဝေမှာ ထုတ်သုံးစရာ နှင်းတောင်သိုင်းပညာ မရှိတော့ သလို ဖြစ်နေသည်။ ဤတွင် သူတို့ ချင်မျိုးနွယ်တို့၏ မိရိုးဖလာ

www.burmeseclassic.com

www.burmeseclassic.com



လွမ်းမိုးအုပ်စီးပိတ်ဆို့ထားသော သိုင်းထိပ်ခေါင်တင်ဒေဝီက စားပိုင်ကွန်ကို အတင်းဆိုးဖောက်ထွက်သည်။

လျှပ်စီးဓားမြန်သိုင်း၏ လျှပ်နှုးဟန်များကို အတုယူလျက် အလျင်မြန်ဆုံး ကိုက်ခိုက်ရာ ပိတ်မိန်ထားရာမှ လွတ်ထွက်သွားတော့မလိုပင် ဖြစ်သည်။

သိုင်းထိပ်ခေါင်တင်ဒေဝီလည်း ထိတ်ထိတ်ပျာပျာဖြစ်ကာ နိမ့်မြင့်သံစဉ်စားရေး၏ (၁၂) ကွက်မြောက် ဒေးချက်ကို ထုတ်သုံးကာ သုခုမဓားဖြင့် ချင်လိန်ဝေကို ဆက်ခနဲ ခုတ်ပိုင်းချသည်။ အတွင်းအားအပြည့် ထည့်ထားသော ဓားခုတ်ချက်သည် အရှိန်အဟုန်ကြီးမားလှသည်။

ရှောင်တိမ်းရန် အခွင့်မသာသည့်အတွက် ချင်လိန်ဝေက သူ၏ ဓားရှည်ကိုပင့်မြှောက်ကာ ထိပ်တိုက်ခံဆောင်လိုက်သည်။

'ဒလဲ'

သုခုမဓားနှင့် ချင်လိန်ဝေ၏ ဓားရှည်တို့ ပြင်းထန်စွာ ရင်ဆိုင်ခုတ်မိကြသည်။ ယခုအခါတွင် ချင်လိန်ဝေ၏ အတွင်းအားနှင့် သိုင်းစွမ်းရည်သည် သိုင်းထိပ်ခေါင်တင်ဒေဝီထက် သာလွန်ခြင်း မရှိသည့်တိုင် အားကုန်အင်ကုန် အစွမ်းကုန် တိုက်ခိုက်ကျင် သိုင်းကွက်



(၂၀) ကျော်ကျော်လောက် အပြန်အလှန် ရင်ဆိုင်နိုင်သော အခြေအနေတွင် ရှိနေသည်။

သို့သော် ချင်လိန်ဝေ ကိုင်စွဲသော ဓားရှည်မှာ သာမန် ဓားကောင်းတစ်လက်သာ ဖြစ်လေရာ သိုင်းထိပ်ခေါင်တင်ဒေဝီ၏ လက်စွဲတော် သုခုမဓားကိုတော့ မယှဉ်နိုင်။ လက်နက်ချင်းက ပြိုင်ဘက်မဟုတ်။

သုခုမဓားနှင့် ထိပ်တိုက်ရင်ဆိုင် အားပြိုင်ခုတ်မိသောအခါ ချင်လိန်ဝေ၏ ဓားရှည် ထက်ပိုင်းကျိုးပြတ်သွားလေတော့သည်။

လက်နက်ပျက်စီးသွားသော ချင်လိန်ဝေကို အလွယ်တကူ အနိုင်ယူချေမှုန်းပစ်မည်ဟု သိုင်းထိပ်ခေါင်တင်က အပိုင်တွက်ကာ ရှေ့သို့ လှမ်းတက်လာသောအခါ ကျောက်စိမ်းဖြူပုလွေနှင့် ရင်ဆိုင်တိုးရလေတော့သည်။

ပွဲသိမ်းအဖြစ် ခုတ်ပိုင်းချသော သုခုမဓားသည် ကျောက်စိမ်းဖြူပုလွေနှင့်ရင်ဆိုင်ခုတ်မိသည်။

နှင်းမှုန်ဝိုင်းသိုင်းကို အဆင့်ကုန် အသုံးပြုတိုက်ခိုက်ပြီးခဲ့ပြီမို့ ချင်လိန်ဝေမှာ ထုတ်သုံးစရာ နှင်းတောင်သိုင်းပညာ မရှိတော့သလို ဖြစ်နေသည်။ ဤတွင် သူတို့ ချင်မျိုးနွယ်တို့၏ မိရိုးဖလာ

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်သိုင်းပညာဖြစ်သော ခါးကွန်ချာသိုင်းကွက်ကို အလို အလျောက် ထုတ်သုံးမိသည်။

သိုင်းပညာသဘောအရ ပြောရလျှင် ခါးကွန်ချာသိုင်းကွက်သည် နှင်းတောင်သိုင်း၏ ပထမသိုင်းကွက်ဖြစ်သော နှင်းငွေ့လှိုင်းသိုင်းလောက်ပင် အဆင့်မမြင့်ပါ။ သိုင်းထိပ်ခေါင်တင်ဒေဝီ၏ သုခုမခါးသိုင်းပညာနှင့်တော့ ဘယ်လိုမျှ ပြိုင်ဘက်မဟုတ်။

သို့သော် ချင်လိန့်ဝေက ခါးကွန်ချာသိုင်းကွက်ကို ထုတ်သုံးလိုက်ခြင်းသည် တိုက်ပွဲအခြေအနေကို တစ်ဆစ်ချိုး ပြောင်းလဲသွားစေခဲ့သည်။

နှင်းတောင်သိုင်းပညာကို အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်နေသော သိုင်းထိပ်ခေါင်တင်ဒေဝီမှာ နှင်းတောင်သိုင်းပညာထက် အဆင့်နိမ့်သော ခါးကွန်ချာသိုင်းကွက်ကို ရုတ်တရက် ရင်ဆိုင်ရသောအခါ လေးလံသောပစ္စည်းတစ်ခုကို အားစိုက်ယူနေရာမှ ထိုပစ္စည်း ရုတ်တရက်ပေါ့သွားသလိုခံစားရကာ ဟန်ချက်ပျက်သွား၏။

သူမ၏ သိုင်းလောကတွင် ကျင်လည်ခဲ့သည့် သက်တမ်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသေးသော လက်ထဲရှိ သုခုမခါး လွတ်ထွက်သွားမှုပင် ပေါ်ပေါက်သွားသည်။



မိမိကိုယ်မိမိ ဘယ်လိုဖြစ်သွားမှန်းပင် ရေရေလည်လည် မသိတော့ဘဲ အကြီးအကျယ် အံ့သြတုန်လှုပ်သွားရသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီ၏လက်မှ လွတ်ထွက်လာသော သုခုမခါးကို ချင်လိန့်ဝေက မြေမကျမီပင် အမိအရဖမ်းယူလိုက်သည်။ ချင်လိန့်ဝေလက်ထဲသို့ သုခုမခါး ရောက်ရှိသွားခြင်းသည် သိုင်းထိပ်ခေါင်တင်ဒေဝီအတွက် အရေးရှုံးနိမ့်မှုအဆုံးအဖြတ်ပင်ဖြစ်သည်။

သိုင်းလောကကို လွှမ်းမိုးကြီးစိုးနေသော သိုင်းထိပ်ခေါင်တင် ဒေဝီသည် (၁၀) နှစ်တာကာလအတွင်း ရှုံးပွဲတစ်ပွဲမျှပင် မကြုံခဲ့ဖူးသေးပေ။ ထိပ်တန်းသိုင်းအကျော်အမော် အများအပြားကို အနိုင်ယူကာ အောင်ပွဲအဆင့်ဆင့် တံခွန်ထူခဲ့သည်။ သိုင်းလောက၏ ပြိုင်ဘက်ကင်း သိုင်းပညာရှင်တစ်ယောက်အဖြစ် မာန်ဝင့်ခဲ့သည်။

ယခု ချင်လိန့်ဝေလို နောက်ပေါက်လူငယ်သိုင်းလုလင် တစ်ယောက်နှင့် ယှဉ်ပြိုင်ရာတွင် မိမိ၏ သုခုမခါးပင် တစ်ဖက်လူလက်ထဲ ရောက်သွားသည်အထိ မရှုမလှ အရေးနိမ့်ရမည်ဟု သိုင်းထိပ်ခေါင်တင် ဒေဝီ ဘယ်လိုမှ ထင်မထားခဲ့ပါ။

ဤအတွက် သိုင်းထိပ်ခေါင်တင် အလွန်ရှက်သည်။ စိတ်ခတ်လည်း အကြီးအကျယ် ကျဆင်းသည်။ အလွန်အမင်းခါပြင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤစိတ်ဖိစီးမှုများ၏ ထွက်ပေါက်ရှာသည့်အနေဖြင့် မိမိကိုယ်မိမိ အဆုံးစီရင်ရန်အတွက် ငယ်ထိပ်ကို လက်ဝါးဖြင့် ရိုက်ချရန် ညာလက်ကို မြှောက်သည်။

"မယ်မယ် မလုပ်ပါနဲ့"

အလန့်တကြား အော်ဟစ်ဟန့်တားခြင်းနှင့်အတူ မဟူရာ သစ်ပင်ချုံနွယ်များအကြားမှ ပြေးထွက်လာသည်။ မဟူရာ၏နောက်မှ ကျောက်စိမ်းလေးလည်း အပြေးလိုက်ပါလာသည်။ အလှမ်းမမီသည်မို့ မိန်းကလေးနှစ်ယောက်မှာ ပါးစပ်ကသာ လှမ်းအော်နေကြရသည်။ ကိုယ်ထိလက်ရောက်တော့ တားဆီးခြင်းမပြုနိုင်ကြ။

ထိုအခါ သိုင်းထိပ်ခေါင်တင်ဒေဝီနှင့် လက်တစ်ကမ်းအကွာတွင်ရှိနေသော ချင်လိန်ဝေက သိုင်းထိပ်ခေါင်တင်ဒေဝီအနေဖြင့် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း မပြုနိုင်အောင် ဟန့်တားသည့်အနေဖြင့် ကျောက်စိမ်းဖြူပုလွေကို အလျင်အမြန် လှုပ်ရှားကာ အကြောထိုး ပိတ်လိုက်ရလေသည်။

ချင်လိန်ဝေ လက်မြန်ခြေမြန် လှုပ်ရှားလုပ်ဆောင်မှုကြောင့် သိုင်းထိပ်ခေါင်တင်ဒေဝီမှာ မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း မပြုနိုင်တော့။ အသက်အန္တရာယ်မှ သီသီလေး လွတ်မြောက်သည်။

BURMESE CLASSIC .com



"ကျေးဇူးတင်လိုက်တာ ချင်လိန်ဝေရယ်၊ အစ်ကို့ကျေးဇူးကြောင့် မယ်မယ် မဖြစ်သင့်တာ ဖြစ်မသွားရတာပါ"

မဟူရာက ကျေးဇူးတင်စကား လှိုက်လှိုက်လှဲလှဲပြောသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီ၏ လက်စွဲရှေ့ပြေးမိန်းကလေး နှစ်ယောက်ဖြစ်သော မဟူရာနှင့် ကျောက်စိမ်းလေးတို့သည် ချင်လိန်ဝေရှေ့မှောက်တွင် ဒူးထောက် ဦးညွှတ်ကာ အရိုအသေပေးကြသည်။

"ကျွန်တော်သုံးလိုက်တဲ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သိုင်းပညာ ဓားကွန်ချာသိုင်းက နှင်းတောင်သိုင်းပညာထက် အများကြီး အဆင့်နိမ့်ပါတယ်၊ သိုင်းဒေဝီကသာ လက်ခံမယ်ဆိုရင် ကျွန်တော် ချင်လိန်ဝေ တပည့်ခံပြီး သိုင်းပညာသင်ယူပါရစေ"

ယခုအခါတွင် သိုင်းထိပ်ခေါင်တင်ဒေဝီ၏ စိတ်ဓာတ် အခြေအနေ မည်သို့ရှိမည်ကို နားလည်သဘောပေါက်သော ချင်လိန်ဝေက ဖြစ်ပေါ်နေသော အခြေအနေနှင့် သင့်လျော်ကိုက်ညီသည့်စကားကို ပြောသည်။ တပည့်က ဆရာကိုပြုသည့် ဂါရဝကိုလည်း လေးလေးစားစား ပြုသည်။

ထို့နောက် သိုင်းထိပ်ခေါင်တင်ဒေဝီ၏ အပိတ်ခံထားရသော အကြောများကို ပြန်ဖြေဖွင့်ပေးကာ သုခမဓားကိုလည်း ရှာရှိ

www.burmeseclassic.com

www.burmeseclassic.com



တသော ပြန်အပ်သည်။ ချင်လိန်ဝေ၏ စကားနှင့် ပြုမူမှုတို့သည် သိုင်းထိပ်ခေါင်တင်ဒေဗီ၏ စိတ်အစဉ်ကို ထူးခြားစွာပင် အေးငြိမ်းသွားစေသည်။ ခံပြင်းနေမှု၊ ဒေါသထွက်နေမှုနှင့် ရန်လိုနေမှုတို့ ပပျောက်သည်။

"ငါ့တပည့်ဖြစ်ချင်တယ်ဆိုရင် ငါနဲ့အချိုးတော်မှ ဖြစ်မယ်၊ ငါ့တူမ မဟူရာနဲ့ မင်းကို ကြောင်းလမ်းပေးမယ်၊ သဘောတူ လက်ခံမလား"

သိုင်းထိပ်ခေါင်တင်က ချင်လိန်ခဝ ရှိသေစွာ ကမ်းပေးသော သုခုမဓားကို လှမ်းယူပြီးပြောသည်။

ချင်လိန်ဝေရင်ထဲ သိမ့်ခနဲဖြစ်ကာ မဟူရာကို လှမ်းကြည့်သည်။ မဟူရာက ရှက်စနိုးဟန်ဖြင့် မျက်လွှာချကာ ခေါင်းငုံ့သွားသည်။ ကျောက်စိမ်းလေးကတော့ အားရဝမ်းသာစွာ ပြုံးနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းသာယာ ပျော်ရွှင်မှုများနှင့် ထုံမွှမ်းၡနေပါတော့သည်။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com